mgyoe.com

SAMPLE BOOK

# ကံ့ကော်ဝတ်ရည်

## တက္ကသိုလ်ဝင်တန်း
## မြန်မာစာ စံပြသင်ရိုးကုန်

စာစစ်အတွေ့အကြုံရှိသော ဝါရင့်ဆရာ၊ဆရာမများကိုယ်တိုင်
သင်ရိုးညွှန်းတမ်းအမှတ်ပေးစည်းမျဉ်းနှင့် အညီရေးသားပြုစုထားသည်။

ဒေါက်တာမင်းမော်သန့်
စီစဉ်သည်။

cover design: Thaw TheinGar

mgyoe.com

mgyoe.com SAMPLE BOOK

စာစစ်အတွေ့အကြုံရှိသော ဝါရင့်ဆရာ၊ဆရာမများကိုယ်တိုင်
သင်ရိုးညွှန်းတမ်းအမှတ်ပေးစည်းမျဉ်းနှင့်အညီရေးသားပြုစုထားသော

# ကံ့ကော်ဝတ်ရည်

## တက္ကသိုလ်ဝင်တန်း

# မြန်မာစာ စံပြသင်ရိုးကုန်

mgyoe.com
891.4152
City Mart
1K 2500

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ဇွန်လ၊ ၂၀၁၃ ခုနှစ်။
ကံ့ကော်ဝတ်ရည်စာပေ

အုပ်ရေ - ၅၀၀

မျက်နှာဖုံးပုံနှိပ် - ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်
၉၆/ခ၊ (၁၁) လမ်း၊ လမ်းမတော်၊
ရန်ကုန်မြို့။

အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်
အမှတ် (၁၄၇)၊ (၅၁) လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း - သော်သိင်္ဂါ

တန်ဖိုး - ၂၅၀၀ ကျပ်

၈၉၅·၈၃

ဒေါက်တာမင်းမော်သန့် စီစဉ်သည်။
ကံ့ကော်ဝတ်ရည် တက္ကသိုလ်ဝင်တန်း မြန်မာစာ စံပြသင်ရိုးကုန် / ဒေါက်တာမင်းမော်သန့် ။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်။
စာမျက်နှာ- ၃၆၆၊ ၁၉ × ၂၇ စင်တီမီတာ။
(၁) ကံ့ကော်ဝတ်ရည် တက္ကသိုလ်ဝင်တန်း မြန်မာစာ စံပြသင်ရိုးကုန်


mgyoe.com

mgyoe.com SAMPLE BOOK

ဒေါက်တာမင်းမော်သန့် စီစဉ်သည့်

# ကံ့ကော်ဝတ်ရည်

## တက္ကသိုလ်ဝင်တန်း

## မြန်မာစာ စံပြသင်ရိုးကုန်

**စာစစ်အတွေ့အကြုံရှိသော ဝါရင့်ဆရာ၊ဆရာမများကိုယ်တိုင်**
**သင်ရိုးညွှန်းတမ်းအမှတ်ပေးစည်းမျဉ်းနှင့်အညီ ရေးသားပြုစုထားသည်။**

ကံ့ကော်ဝတ်ရည် ဆရာ၊ ဆရာမများအဖွဲ့

**Dr.မင်းမော်သန့်**
**USSN**
**DTTC**
**DMKT**
**USMO**
**DTDK**
**DTTW**

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၆၅၈၀၀၊ ၀၉-၅၁၂၇၄၉၃
**email: kantkawwutyee@gmail.com**

**http://kantkawwutyee.myanmaronlinesales.com**
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မြန်မာစာ၊ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာများ

## (က) မြန်မာအက္ခရာ

**၁။ မူရင်းအရေးအသား**

(၁) မြန်မာအက္ခရာအရေးအသားကို မြန်မာသက္ကရာဇ် ၄၀၀-ကျော် (အေဒီ-၁၁ ရာစု) မှစ၍ တွေ့ရှိခဲ့ရသည်။ ထိုအချိန်မှစ၍ ယနေ့အထိ ခေတ်အဆက်ဆက် အသုံးပြုခဲ့သော မြန်မာအက္ခရာတို့သည် နှစ်ကာလ ကြာလာသည်နှင့်အမျှ ပုံသဏ္ဍာန်အဆင့်ဆင့် ပြောင်းလဲလာခဲ့သည်။

(၂) ထိုသို့ ပြောင်းလဲခဲ့ပုံကို မူရင်းအရေးအသားများကို လေ့လာခြင်းဖြင့် သိနိုင်သည်။

(၃) မူရင်းအရေးအသား ဆိုသည်မှာ မူလရေးသားခဲ့သည့်အချိန်မှစ၍ ယနေ့တိုင် မူလအတိုင်း တည်ရှိနေသော စာများကို ဆိုလိုသည်။ တစ်နည်းအားဖြင့် တစ်ဆင့် ကူးရေးထားခြင်း မဟုတ်သည့် စာများကို ဆိုလိုသည်။

(၄) ရှေးခေတ် မူရင်းအရေးအသားများကို ရှေးဟောင်း အုတ်ခွက်စာ၊ စဉ့်ကွင်းစာ၊ ကျောက်စာ၊ မင်စာ၊ ပေစာ၊ ပုရပိုက်စာ၊ ခေါင်းလောင်းစာ စသည်တို့၌ တွေ့နိုင်သည်။

**၂။ အုတ်ခွက်စာများ**

(၁) ပုဂံခေတ်က ရှေးမြန်မာတို့သည် ရွှံ့စေးပြားပေါ်တွင် ဗုဒ္ဓရုပ်ပွားပုံတော်များ ပုံနှိပ်၍ မီးဖုတ်ပြီး အုတ်ခွက်ဘုရားများ ပြုလုပ်ပူဇော်ခဲ့ကြသည်။

(၂) အုတ်ခွက်ဘုရားများ၏ အောက်ခြေနှင့် ကျောဘက်တွင် ကုသိုလ်ရှင်၏ ဆုတောင်းစာများ ပါတတ်သည်။ ၎င်းတို့ကို အုတ်ခွက်စာဟုခေါ်သည်။

(၃) အုတ်ခွက်စာများသည် အလွန်ခိုင်လုံသော မူရင်းအရေးအသားများ ဖြစ်ပေသည်။

(၄) ပုဂံခေတ်က အနော်ရထာမင်း၊ စောလူးမင်းနှင့် ကျန်စစ်သားမင်းတို့လက်ထက်တွင် အုတ်ခွက်ပြုလုပ်ခြင်း ခေတ်စားခဲ့သည်။

(၅) အုတ်ခွက် ပြုလုပ်ပူဇော်သူများတွင် အဆိုပါမင်းတို့ကိုယ်တိုင် ပါဝင်ခဲ့ကြသည်။

**၃။ စဉ့်ကွင်းစာ**

(၁) ပုဂံခေတ်က ဘုရားတည်သော ကုသိုလ်ရှင်အချို့သည် မိမိတို့၏ ကောင်းမှုစေတီပုထိုးများကို ၅၅၀-ဇာတ်နိပါတ် သရုပ်ဖော် ရုပ်လုံး၊ ရုပ်ကြွ အုတ်ချပ်များဖြင့် ပတ်ပတ်လည် စီခြယ်ပူဇော်ခဲ့ကြသည်။

(၂) အကွက်တစ်ကွက်တွင် ဇာတ်တစ်ဇာတ်ကျသော်လည်းကောင်း၊ ဇာတ်တစ်ဇာတ်ကို အကွက်များစွာဖြင့်သော် လည်းကောင်း ရုပ်ကြွ ပြုလုပ်ပြီး၊

(၃) စဉ့်ကွင်းများကို သက်ဆိုင်ရာ ဇာတ်နိပါတ်၏ အမည်၊ အမှတ်စဉ်နှင့် ဇာတ်အညွှန်းများကို ကမ္ပည်းအက္ခရာ ရေးထိုးထားသည်။ ဤရုပ်ကြွများကို စဉ့်ကွင်းဟု ခေါ်သည်။ စဉ့်ကွင်း၌ ရေးထိုးသည့် စာကို စဉ့်ကွင်းစာဟု ခေါ်သည်။

(၄) အနော်ရထာမင်း (အေဒီ ၁၀၄၄-၁၀၇၇) မှစ၍ ပုဂံမင်းများ ပြုလုပ်ပူဇော်ခဲ့ကြသည်။

(၅) စေတီပုထိုး၏ကုသိုလ်ရှင်နှင့် သမိုင်းကိုသိလျှင် ထိုစေတီ၌ရှိသည့် စဉ့်ကွင်းစာများ၏ ခုနှစ်သက္ကရာဇ်ကို တွက်ဆနိုင်သည်။

mgyoe.com

SAMPLE BOOK

၄။ ကျောက်စာ

(၁) သက္ကရာဇ်အခိုင်အမာပါရှိသော တွေ့ရှိရသမျှ မြန်မာကျောက်စာတို့တွင် မြန်မာသက္ကရာဇ် ၄၇၅-ခန့် (အေဒီ ၁၁၁၃-ခန့်)၌ ရေးထိုးခဲ့သည့် ရာဇကုမာရ်ကျောက်စာသည် အစောဆုံးပင် ဖြစ်သည်။

(၂) ထို့နောက်တွင်မူ ပုဂံခေတ်တစ်ခေတ်လုံးသာမက ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်ထိအောင် ကျောင်းကန်ဘုရားဒါယကာ၊ ကုသိုလ်ရှင်အချို့သည် မိမိတို့ ကောင်းမှုကုသိုလ်နှင့် စပ်လျဉ်း၍ မော်ကွန်းကျောက်စာများ ရေးထိုးထားခဲ့ကြသည်။

(၃) ခေတ်အဆက်ဆက် ရေးထိုးထားခဲ့သည့် ကျောက်ထွင်းအက္ခရာများကို နှိုင်းယှဉ်လေ့လာခြင်းဖြင့် ခေတ်အသီးသီး၌ ရေးသားခဲ့ကြသည့် အက္ခရာပုံသဏ္ဌာန်တို့ကို သိနိုင်သည်။

၅။ မင်စာ

(၁) ရှေးဂူဘုရားများတွင် အတွင်းဘက်အုတ်နံရံများ၌ မင်ဖြင့် ရေးထားသောစာများ ရှိတတ်သည်။

(၂) ဗုဒ္ဓဝင်၊ ဇာတ်နိပါတ် ပန်းချီ သရုပ်ဖော်ပုံများနှင့်ဆိုင်သည့် စာတန်းများ၊ မူလကုသိုလ်ရှင်၏ ဆုတောင်းစာများ၊ နောက်ထပ် ပြုပြင်မွမ်းမံသူတို့၏ ဖြည့်စွက်မှတ်တမ်းများ၊ ထိုခေတ်က မွေးဖွားသူတို့၏ ဇာတာခွင်များ စသည်တို့ကို မင်ဖြင့် ရေးခဲ့ကြသဖြင့် ထိုစာတို့ကို မင်စာဟု ခေါ်သည်။

(၃) ပုဂံမြို့ လောကထိပ်ပန်ဂူဘုရားမှ ဇာတ်ကြီးဆယ်ဘွဲ့ မင်စာများမှာ ထင်ရှားကျော်ကြားသည်။

(၄) သက္ကရာဇ်အခိုင်အမာပါသော မင်စာများရှိသကဲ့သို့ သက္ကရာဇ် မပါသော မင်စာများလည်း ရှိသည်။

(၅) ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်တိုင်အောင် မင်စာများကို တွေ့ရသည်။

(၆) ကျောက်စာများနည်းတူ ထိုမင်စာတို့မှလည်း ခေတ်အဆက်ဆက် အက္ခရာပုံသဏ္ဌာန်တို့ကို လေ့လာနိုင်သည်။

၆။ ပေစာ၊ ပုရပိုက်စာ

(၁) ပေ၊ ပုရပိုက်တို့ကို စာရေးကိရိယာအဖြစ် ပုဂံခေတ်ကပင် စတင်အသုံးပြုခဲ့ကြမည်ဟု ယုံကြည်ရသည်။

(၂) သို့သော် နှစ်ကာလ အလွန်ကြာညောင်းပြီဖြစ်၍ ထိုခေတ်က ပေ၊ ပုရပိုက်တို့ကို တွေ့နိုင်ရန် မလွယ်ကူတော့ချေ။

(၃) အစောဆုံးအနေနှင့် မြန်မာသက္ကရာဇ် ၁၀၀၀-ခန့် (အေဒီ ၁၇-ရာစု)က ရေးခဲ့သည့် ပေများကိုမူ တွေ့နိုင်ပေသေးသည်။

(၄) ထို့ကြောင့် သက္ကရာဇ် ၁၀၀၀-မှ ယနေ့ ၁၃၀၀-ကျော်အထိ နှစ်ပေါင်း ၃၀၀-ကျော်အတွင်း ရေးသားခဲ့သည့် အက္ခရာတို့၏ ပုံသဏ္ဌာန်ကို ထိုပေ၊ ပုရပိုက်များတွင်လည်း တွေ့နိုင်သည်။

၇။ ခေါင်းလောင်းစာ

(၁) ခေတ်အဆက်ဆက် စေတီပုထိုးများတွင် သွန်းလုပ်လှူဒါန်းခဲ့သော သတ္တုခေါင်းလောင်းများ၌ ကုသိုလ်ရှင်၏ ကမ္ပည်းမှတ်တမ်းများ ပါရှိတတ်သည်။

(၂) ယင်းစာများသည်လည်း မူလအရေးအသားများဖြစ်၍ အက္ခရာပုံလေ့လာရာ၌ အသုံးဝင်သည်။

(၃) ၎င်းစာတို့မှာ ခေါင်းလောင်းပေါ်တွင် ရေးထိုးထားသဖြင့် ခေါင်းလောင်းစာဟု ခေါ်သည်။

၈။ ပုံနှိပ်စာ

(၁) ပထမ မြန်မာပုံနှိပ်စာအုပ်ကို သက္ကရာဇ် ၁၁၃၈ ခု (အေဒီ ၁၇၇၆)တွင် ရောမမြို့၌ ပုံနှိပ်ခဲ့သည်။

(၂) အောက်မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် သက္ကရာဇ် ၁၁၇၉-ခု (အေဒီ-၁၈၁၇)၌ ပုံနှိပ်လုပ်ငန်း စတင်သည်။

mgyee.com

mgyoe.com SAMPLE BOOK

(၃) အထက်မြန်မာနိုင်ငံ၊ မန္တလေး ရတနာပုံမြို့တော်တွင်လည်း သက္ကရာဇ် ၁၂၂၆-ခု (အေဒီ-၁၈၆၄)၌ စာပုံနှိပ်လုပ်ငန်း ပေါ်ပေါက်လာသည်။

(၄) ဤသို့ဖြင့် ပုံနှိပ်စာများ ထွန်းကားလာသည်။

## (ခ) အက္ခရာ ပုံသဏ္ဌာန်

**၁။ ခရာဝန်း**

(၁) ခရာဝန်းသည် အက္ခရာအဝိုင်း ဖြစ်သည်။

(၂) သက္ကရာဇ် ၈၁၁-ခုက အက္ခရာဝိုင်းဖြင့် ရေးခဲ့သည့် မင်စာအချို့ကို ပုဂံ၊ မင်းနန္ဒသူရှိ ဘုရားသုံးဆူတွင် တွေ့နိုင်သည်။ ဤကာလ၌ အက္ခရာအဝိုင်း 'ခရာဝန်း' နှင့် လေးထောင့်အက္ခရာ 'ခရာထောင့်' ဟူ၍ နှစ်မျိုးရှိနေသည်ကို တွေ့ရပါသည်။

(၃) ထောင့်သော အက္ခရာကို ပေရွက်၊ ထန်းရွက်တွင် စုတ်၊ ဆေးဖြင့်ရေးသောအခါ အဆင်ပြေစွာ ရေးနိုင်သော်လည်း ကညစ်ဖြင့်ရေးသည့်အခါ အဆင်မပြေလှချေ။ ဝိုင်းဝိုင်းဆွဲမှသာ အဆင်ပြေသည်။ ဤသို့ဖြင့် အက္ခရာအဝိုင်း 'ခရာဝန်း'ဘက်မှ အားသာလာခဲ့ဟန်ရှိသည်။

(၄) မြန်မာသက္ကရာဇ် ၄၅၀-၅၀၀ မှ ၁၀၀၀ ခန့်အထိ အက္ခရာထောင့် သုံးသည်ကို တွေ့ရပြီး မြန်မာ သက္ကရာဇ် ၈၁၀ မှ စ၍ အက္ခရာဝန်း သုံးသည်ကို တွေ့ရသည်။ သက္ကရာဇ် ၈၀၀ မှ ၁၀၀၀ အတွင်း၌မူ အက္ခရာ အထောင့်ရော အဝန်းပါ သုံးကြသည်ဟု ဆိုနိုင်သည်။

**၂။ ခရာထောင့်**

(၁) ခရာထောင့် အရေးအသားသည် မြန်မာသက္ကရာဇ် ၄၅၀-၅၀၀ ခန့်မှစ၍ မြန်မာသက္ကရာဇ် ၁၀၀၀ ခန့်အထိ သုံးစွဲခဲ့သော အက္ခရာ ဖြစ်သည်။

(၂) လေးထောင့်ဆန်သော အက္ခရာဖြစ်၍ ခရာထောင့်ဟု ခေါ်သည်။ ခရာထောင့်ကို ကျောက်စာ၊ မင်စာများတွင် အမြောက်အမြား တွေ့ရသည်။

(၃) ပေရွက်ပေါ်တွင် မင်စုတ်တံဖြင့် ပေစာများတွင်လည်း ခရာထောင့်ကိုပင် သုံးစွဲခဲ့ကြဟန်တူသည်။

(၄) ခရာထောင့်သည် လှပသေသပ်သလို ရှိသည်။ သို့သော် လက်တွေ့ရေးရာတွင် မထောင့် ထောင့်အောင် အားထုတ်ရသည့်အတွက် အချိန်ယူရသည်။ ခပ်သွက်သွက် ရေးလျှင် ထောင့်မကျတော့ချေ။

## (ဂ) သဏ္ဌာန်ပြောင်း အက္ခရာများ

မြန်မာ ဗျည်း၊ သရ အက္ခရာတို့တွင် မသိမသာ ပြောင်းလဲသော အက္ခရာများနှင့် သိသိသာသာ ပြောင်းလဲသော အက္ခရာများဟု နှစ်မျိုးနှစ်စား တွေ့ရသည်။


- မသိမသာ ပြောင်းသော အက္ခရာတို့၏ ရှေးသဏ္ဌာန်ကိုမြင်လျှင် မှတ်မိနိုင်သည်။ သာဓကအားဖြင့်  ကို မြင်လျှင် က ဟု သိနိုင်သည်။
- သိသိသာသာပြောင်းလဲသော အက္ခရာတို့မှာ ဆ၊ ဈ ည၊ ဒ၊ န၊ ဘ၊ ရ သ၊ အ၊ ဣ၊ ဤ၊ ဦ၊ ဧ တို့ ဖြစ်ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK


၁။ ဆလိမ် ပြောင်းလဲပုံ

- ဆလိမ်သည် မူလက အကြီးအသေးမညီသော ကွင်းလိမ် သင်္ကေတ ရှိသည်။
- ထို့နောက်မှ ရှေ့ပိုင်းသည် 'ခ' သင်္ကေတ ပြောင်းလာပြီး ယနေ့ပုံသို့ ရောက်လာသည်။




၂။ ဇကွဲ ပြောင်းလဲပုံ

- ဇကွဲသည် မူလက 'င' ၏ မျက်နှာဝအလယ်တွင် လျှာတိုကလေး ပါသည်။
- ယင်းကမှ ထိုလျှာကလေးသည် အထက်ပိုင်းနှင့်ဆက်မိပြီး တစ်စတစ်စ ရှည်ထွက်လာသည်။
- ထို့နောက် ပြန်တိုသွားကာ ယနေ့ပုံဖြစ်လာသည်။




၃။ ည ပြောင်းလဲပုံ

- ည သည် မူလက ယနေ့ 'သ'နှင့် ဆင်တူသည်။
- ဦးခေါင်း၌ အတွန့်ပါတတ်သည်။
- ဘယ်ဘက်အောက်တွင် အညှောက်တိုကလေး ရှိသည်။
- ထိုအညှောက်တိုသည် ရှည်ထွက်လာပြီး ယနေ့ပုံမျိုး ဖြစ်လာသည်။




၄။ ဒထွေး ပြောင်းလဲပုံ

- ဒထွေး ကို ရှေးအုတ်ခွက်စာ၊ စဥ့်ကွင်းစာများ၌ သင်္ကေတဖြင့် တွေ့ရသည်။
- ကျောက်စာများတွင်မူ သင်္ကေတသုံးမျိုးဖြင့် တွေ့ရသည်။
- ကျောက်စာ တစ်ချပ်တည်းမှာပင် သင်္ကေတသုံးမျိုးလုံး တွေ့သည့်အခါ တွေ့ရသည်။
- နောင် ခရာဝန်း တွင်ကျယ်လာသောအခါ ဒထွေးပုံ တည်တံ့လာခဲ့သည်။




၅။ နငယ် ပြောင်းလဲပုံ

- နငယ်သည် မူလက အမြီးတိုသည်။
- ခေါင်းရော အမြီးပါ မထင်ရှားလှသော ပုံမျိုးလည်း ရှိသည်။
- နောင်သော် ခေါင်း ထင်ရှားလာပြီး အမြီးရှည်ထွက်ကာ ယနေ့ပုံ န ဖြစ်လာသည်။



၆။ ဘကုန်း ပြောင်းလဲပုံ

- ဘကုန်းသည် လေးထောင့်ဂငယ်၏ ဘယ်ဘက်ထိပ်၌ အစွန်းငယ်ပါသည့် သင်္ကေတရှိသည်။
- ခရာဝန်းရေးသည့်အခါ ယနေ့ပုံ ဘ ဖြစ်လာသည်။




mgyoe.com

mgyoe.com SAMPLE BOOK


၇။ ရကောက် ပြောင်းလဲပုံ

- ရကောက်သည် မူလက ညာဘက်သို့လှည့်၍ တိုသည့် [illegible] ပုံရှိသည်။
- အမြီး၊ ခေါင်း မထင်ရှားသော တုတ်ချောင်းတိုပုံလည်း တွေ့ရသည်။
- အင်းဝခေတ်၌မူ ဤ [illegible] သဏ္ဌာန် ဖြစ်လာသည်။
- ထိုမှ ခေါင်းအပိုက်သည် အောက်သို့ တစ်စ တစ်စ ရှည်ဆင်းလာသည်။
- ထို [illegible]ကမှ ယနေ့ ရကောက် ဖြစ်လာသည်။




၈။ သ ပြောင်းလဲပုံ

- သ သည် ခရာထောင့် တွင်ကျယ်ချိန်၌ လေးထောင့် ပ တွင် ဘယ်ဘက်အောက်မှ အငုတ်ကလေးပါရုံမျှ သဏ္ဌာန်ရှိသည်။
- ခရာဝန်းရေးလာသောအခါ ယနေ့ပုံ သ ဖြစ်ပေါ်လာသည်။




၉။ အ ပြောင်းလဲပုံ

- အ ကို ခရာထောင့် ရေးသည့်အခါ၌ [illegible] ပုံသဏ္ဌာန်ဖြင့် တွေ့ရသည်။
- ခရာဝန်း ရေးစဉ် [illegible] သဏ္ဌာန်မျိုးလည်း တွေ့ရသည်။
- ထိုမှတစ်ဆင့် ယနေ့ပုံ ဖြစ်လာသည်။




၁၀။ အက္ခရာ ဣ ပြောင်းလဲပုံ

- အက္ခရာ ဣသည် မူလက လှိုင်းတွန့်နှစ်ခု ပုံသဏ္ဌာန်အက္ခရာ ဖြစ်သည်။
- အခြေမပါ။ အခြားအက္ခရာများနှင့် မျဉ်းတစ်ညီတည်း ရေးလေ့ရှိသည်။
- ထိုပုံမှ က နှစ်ဆင့်ပုံသဏ္ဌာန်၊ ထိုမှ အခြေထွက်၍ ယနေ့ပုံသို့ ကူးပြောင်းလာသည်။



၁၁။ အက္ခရာ ဤ ပြောင်းလဲပုံ

- အက္ခရာ ဤ သည် မူလက လှိုင်းတွန့်တစ်ခုနှင့် ၎င်းအောက်မှ ညာဘက်ကို ပိုက်၍ တက်သွားသော မျဉ်းတစ်ကြောင်း ပါရှိသည်။
- ထိုမျဉ်းအစွန်းနှစ်ဖက် ကွေ့ပိုက်သွားရာမှ ၎င်းအောက်မှ ညာဘက်ကို ပိုက်၍ တက်သွားသော မျဉ်းတစ်ကြောင်း ပါရှိသည်။




mgyoe.com

SAMPLE BOOK


၁၂။ အက္ခရာ ဦ ပြောင်းလဲပုံ

- အက္ခရာ ဦ သည် မူလက အက္ခရာ ဥ ၏ ဦးခေါင်း၌ အသတ်ပြောင်းပြန်သဏ္ဌာန် အမောက်ငယ် ပါသည်။
- ထိုအမောက်ငယ်သည် နောင်သော် လုံးကြီးတင်သဏ္ဌာန်ထိ ပိတ်သွားပြီး အဆန်ခတ်ကာ ယနေ့ပုံ ဖြစ်လာသည်။



၁၃။ အက္ခရာ ဧ ပြောင်းလဲပုံ

- အက္ခရာ ဧ သည် မူလက အရွယ်ပုံ အသေး၊ အကြီး နှစ်မျိုး တွေ့ရသည်။
- ခရာဝန်းရေးသည့်အခါ အခြားအက္ခရာများနှင့် အရွယ်တူပြီး အောက်ပိုင်းအစွန်း ကွေးဝင်သွားသည်။



## (ဃ) ဌာန်၊ ကရိုဏ်း၊ ပယတ်နှင့်ပတ်သက်သော မှတ်စုများ

၁။ စကားသံ ထွက်ပေါ်လာပုံ

(၁) စကားသံသည် ခံစားချက်၊ စိတ်ကူးစိတ်သန်း စသည်တို့ကို ထုတ်ဖော်ပြောဆိုလိုသည့် ဆန္ဒတစ်ခုတည်းကြောင့် ဖြစ်ပေါ်လာခြင်း မဟုတ်ပေ။ ထိုဆန္ဒကြောင့် စကားသံ ဖြစ်စေနိုင်သည့် လေတစ်မျိုးသည် ရှေးဦးစွာ ဖြစ်ပေါ်လာရသည်။

(၂) ထိုလေသည် အထက်သို့ တက်လာရာမှ လည်မျိုရှိ အသံအိုးသို့ ရောက်သည်။ အသံအိုးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ထိုလေသည် စကားသံဖြစ်နိုင်မည့် အသံ၊ တစ်နည်းအားဖြင့် မူလအသံအဖြစ်သို့ ပြောင်းသွားသည်။

(၃) မူလသံသည် ဗျည်းသံ၊ သရသံဟူ၍ မကွဲပြားသေးပေ။ ထိုအခါ ပြောလိုသူက ပြောလိုသည့် စကားသံဖြစ်စေရန် စကားသံဖြစ်အင်္ဂါ အစိတ်အပိုင်းတို့နှင့် တွေ့ထိစေသောအခါမှ မူလသံသည် စကားသံအဖြစ် ထွက်ပေါ်လာသည်။

၂။ စကားသံ

- စကားသံဟု မေးလျှင် စကားသံ ထွက်ပေါ်လာပုံကိုပင် အပြည့်အစုံ ဖြေပေးရမည်။ ခေါင်းစဉ်ကိုမူ စကားသံဟု တပ်ပေးရမည်။

၃။ မူလသံ

(၁) စကားသံသည် ခံစားချက်၊ စိတ်ကူးစိတ်သန်း စသည်တို့ကို ထုတ်ဖော်ပြောဆိုလိုသည့် ဆန္ဒတစ်ခုတည်းကြောင့် ဖြစ်ပေါ်လာခြင်း မဟုတ်ပေ။ ထိုဆန္ဒကြောင့် စကားသံ ဖြစ်စေနိုင်သည့် လေတစ်မျိုးသည် ရှေးဦးစွာ ဖြစ်ပေါ်လာရသည်။

(၂) ထိုလေသည် အထက်သို့ တက်လာရာမှ လည်မျိုရှိ အသံအိုးသို့ ရောက်သည်။ အသံအိုးသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ထိုလေသည် စကားသံဖြစ်နိုင်မည့်အသံ၊ တစ်နည်းအားဖြင့် မူလအသံအဖြစ်သို့ ပြောင်းသွားသည်။

mgyee.com

mgyoe.com SAMPLE BOOK


(၃) မူလသံသည် ဗျည်းသံ၊ သရသံ ဟူ၍ မကွဲပြားသေးပေ။

မူလသံဟု မေးလျှင် စကားသံထွက်ပေါ်လာပုံကို နောက်ဆုံးတစ်ကြောင်းချန်၍ ဖြေပေးရမည်။ ခေါင်းစဉ်ကိုမူ မူလသံဟု တပ်ပေးရမည်။

## ၄။ စကားသံဖြစ်အင်္ဂါ

စကားသံများ ဖြစ်အောင် ဖန်တီးနိုင်သော အင်္ဂါအစိတ်အပိုင်းများကို စကားသံဖြစ်အင်္ဂါဟု ခေါ်သည်။ စကားသံဖြစ်အင်္ဂါ ကို အောက်ပါအတိုင်း အဓိကအားဖြင့် (၂) မျိုး ပိုင်းခြားထားသည်။

(၁) မလှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ

(၂) လှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ

### (က) မလှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ

မလှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါမှာ 'ဌာန်' ဖြစ်သည်။ မလှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ (၇) မျိုး ရှိသည်။ ယင်းတို့မှာ-

(၁) လည်ချောင်း

(၂) အာခေါင်ပျော့

(၃) အာခေါင်မာ

(၄) အာထိပ်

(၅) သွား

(၆) အထက်နှုတ်ခမ်း

(၇) နှာခေါင်း

### (ခ) လှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ

လှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါမှာ 'ကရိုဏ်း' ဖြစ်သည်။ လှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ (၇) မျိုး ရှိသည်။ ယင်းတို့မှာ -

(၁) လျှာရင်း

(၂) လျှာနောက်

(၃) လျှာလယ်

(၄) လျှာရှေ့ (လျှာဖျားအနီး)

(၅) လျှာဖျား

(၆) အောက်နှုတ်ခမ်း

(၇) လျှာခင်

မှတ်ချက်။ ။ စကားသံဖြစ်အင်္ဂါဟုမေးလျှင် အားလုံးဖြေမှ အမှတ်ပြည့်ရသည်။ အစိတ်ပိုင်း၍မေးလျှင် မေးသလောက် ဖြေပါ။

## ၅။ ဌာန်

- စကားသံ ဖြစ်ပေါ်ရာ နေရာကို 'ဌာန်' ဟု ခေါ်သည်။
- မလှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါမှာ 'ဌာန်' ဖြစ်သည်။
- ဌာန် (၇) နေရာ ရှိသည်။
- ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

(က) လည်ချောင်းဌာန
(ခ) အာခေါင်ပျော့ဌာန
(ဂ) အာခေါင်မာဌာန
(ဃ) အာထိပ်ဌာန
(င) သွားဌာန
(စ) အထက်နှုတ်ခမ်းဌာန
(ဆ) နှာခေါင်းဌာန

၆။ ကရိုဏ်း

- စကားသံ ဖြစ်ပေါ်စေရန် အကူအညီပေးသော အသုံးခံဝတ္ထုကို 'ကရိုဏ်း'ဟု ခေါ်သည်။
- လှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါမှာ 'ကရိုဏ်း' ဖြစ်သည်။
- ကရိုဏ်း (၇) မျိုး ရှိသည်။
  ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်ခဲ့သည်။

(က) လျှာရင်းကရိုဏ်း
(ခ) လျှာနောက်ကရိုဏ်း
(ဂ) လျှာလယ်ကရိုဏ်း
(ဃ) လျှာရှေ့ကရိုဏ်း (လျှာဖျားအနီးကရိုဏ်း)
(င) လျှာဖျားကရိုဏ်း
(စ) အောက်နှုတ်ခမ်းကရိုဏ်း
(ဆ) လျှာခင်ကရိုဏ်း

၇။ ပယတ်

(၁) စကားသံ ဖြစ်ပေါ်စေရန် အားထုတ်ရွတ်ဆိုမှုကို 'ပယတ်'ဟု ခေါ်သည်။
ပယတ် (၄) မျိုး ရှိသည်။ ယင်းပယတ် (၄) မျိုးတို့မှာ-
(က) ပိတ်ရွတ်ပယတ်
(ခ) ဖွင့်ရွတ်ပယတ်
(ဂ) ထိရွတ်ပယတ်
(ဃ) စဉ်းငယ်ထိရွတ်ပယတ် တို့ ဖြစ်ကြသည်။

(၂) ပိတ်ရွတ်ပယတ်နှင့် ဖွင့်ရွတ်ပယတ်တို့သည် သရ ရွတ်ဆိုမှုနှင့် ဆိုင်၍ ထိရွတ်ပယတ်နှင့် စဉ်းငယ်ထိရွတ်ပယတ်တို့သည် ဗျည်းရွတ်ဆိုမှုနှင့် ဆိုင်သည်။

(၃) ရွတ်ဆိုမှုကို အခြေပြု၍ ပိတ်ရွတ်သရနှင့် ဖွင့်ရွတ်သရ ဟူ၍ လည်းကောင်း၊ ထိရွတ်ဗျည်းနှင့် စဉ်းငယ်ထိရွတ်ဗျည်း ဟူ၍ လည်းကောင်း ကွဲပြားသည်။

၈။ ဌာန်နှင့် ကရိုဏ်း

(၁) စကားသံ ဖြစ်ပေါ်ရာ နေရာကို ဌာန်ဟု ခေါ်သည်။ စကားသံ ဖြစ်ပေါ်စေရန် အကူအညီပေးသော အသုံးခံဝတ္ထုကို 'ကရိုဏ်း'ဟု ခေါ်သည်။

(၂) စကားသံဖြစ်ပေါ်ရာဌာန် (၇) နေရာရှိ၍ စကားသံဖြစ်ပေါ်စေရန် အကူအညီပေးသော ကရိုဏ်း (၇) မျိုးရှိသည်။ ဌာန် (၇) နေရာကို ကရိုဏ်း (၇) မျိုးဖြင့် ထိပေးခြင်းဖြင့် သက်ဆိုင်ရာ အက္ခရာတို့၏ အသံများ ဖြစ်လာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

(၃) ထို့ကြောင့် ဌာန် (၇) နေရာကို သီးခြားပြလေ့ မရှိဘဲ ကရိုဏ်းနှင့်တွဲ၍ ဖော်ပြလေ့ရှိသည်။
(၄) အက္ခရာတို့၏ အသံများ ဖြစ်ပေါ်စေသော ဌာန်နှင့် ကရိုဏ်း အတွဲ (၇) မျိုးရှိသည်။ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

(က) လည်ချောင်းဌာန် - လျှာရင်းကရိုဏ်း
(ခ) အာခေါင်ပျော့ဌာန် - လျှာနောက်ကရိုဏ်း
(ဂ) အာခေါင်မာဌာန် - လျှာလယ်ကရိုဏ်း
(ဃ) အာထိပ်ဌာန် - လျှာရှေ့ကရိုဏ်း (လျှာဖျားအနီးကရိုဏ်း)
(င) သွားဌာန် - လျှာဖျားကရိုဏ်း
(စ) နှုတ်ခမ်းဌာန် - နှုတ်ခမ်းကရိုဏ်း
(ဆ) နှာခေါင်းဌာန် - လျှာခင်ကရိုဏ်း

## ၉။ လည်ချောင်းဌာန် – လျှာရင်းကရိုဏ်း

- လည်ချောင်းသည် မလှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ 'ဌာန်' ဖြစ်သည်။
- လျှာရင်းသည် လှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ 'ကရိုဏ်း' ဖြစ်သည်။
- လည်ချောင်းဌာန်နှင့် လျှာရင်းကရိုဏ်းတို့ ထိရာနေရာကို 'လည်ချောင်းဌာန်-လျှာရင်းကရိုဏ်း'ဟု ခေါ်သည်။

သာဓက။ ။ အ၊ အာ၊ ဟ။

## ၁၀။ အာခေါင်ပျော့ဌာန် – လျှာနောက်ကရိုဏ်း

- အာခေါင်ပျော့သည် မလှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ 'ဌာန်' ဖြစ်သည်။
- လျှာနောက်သည် လှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ 'ကရိုဏ်း' ဖြစ်သည်။
- အာခေါင်ပျော့ဌာန်နှင့် လျှာနောက်ပိုင်းကရိုဏ်းတို့ ထိရာ နေရာကို 'အာခေါင်ပျော့ဌာန်-လျှာနောက် ကရိုဏ်း'ဟု ခေါ်သည်။

သာဓက။ ။ က၊ ခ၊ ဂ၊ ဃ၊ င။

## ၁၁။ အာခေါင်မာဌာန် – လျှာလယ်ကရိုဏ်း

- အာခေါင်မာသည် မလှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ 'ဌာန်' ဖြစ်သည်။
- ကရိုဏ်းသည် စကားသံဖြစ်ပေါ်စေရန် အကူအညီပေးသော အသုံးခံဝတ္ထု ဖြစ်သည်။
- လျှာလယ်သည် လှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ 'ကရိုဏ်း' ဖြစ်သည်။
- အာခေါင်မာဌာန်နှင့် လျှာလယ်ကရိုဏ်းတို့ ထိရာ နေရာကို 'အာခေါင်မာဌာန်-လျှာလယ်ကရိုဏ်း'ဟု ခေါ်သည်။

သာဓက။ ။ စ၊ အဲ၊ ည။

## ၁၂။ အာထိပ်ဌာန် – လျှာဖျားအနီးကရိုဏ်း

- အာထိပ်သည် မလှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ 'ဌာန်' ဖြစ်သည်။
- ကရိုဏ်းသည် စကားသံဖြစ်ပေါ်စေရန် အကူအညီပေးသော အသုံးခံဝတ္ထု ဖြစ်သည်။
- ဌာန် (၇) နေရာကို ကရိုဏ်း (၇) မျိုးနှင့် ထိပေးခြင်းဖြင့် သက်ဆိုင်ရာ အက္ခရာတို့၏ အသံများ ဖြစ်လာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

- အာထိပ်ဌာန်နှင့် လျှာဖျားအနီး (လျှာရှေ့)ကရိုဏ်းတို့ ထိရာနေရာကို 'အာထိပ်ဌာန်-လျှာဖျားအနီး ကရိုဏ်း'ဟု ခေါ်သည်။

သာဓက။ ။ တ၊ ထ၊ ဒ၊ ဓ၊ န။

၁၃။ သွားဌာန် – လျှာဖျားကရိုဏ်း

- သွားသည် မလှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ 'ဌာန်' ဖြစ်သည်။
- ကရိုဏ်းသည် စကားသံဖြစ်ပေါ်စေရန် အကူအညီပေးသော အသုံးခံဝတ္ထု ဖြစ်သည်။
- ဌာန် (၇) နေရာကို ကရိုဏ်း (၇) မျိုးနှင့် ထိပေးခြင်းဖြင့် သက်ဆိုင်ရာ အက္ခရာတို့၏ အသံများ ဖြစ်လာသည်။
- <u>သွားဖျားဌာန်</u>နှင့် လျှာဖျားကရိုဏ်းတို့ ထိရာနေရာကို လည်းကောင်း၊ <u>သွားရင်း သွားဖုံးဌာန်</u>နှင့် လျှာဖျားကရိုဏ်းတို့ ထိရာ နေရာကိုလည်းကောင်း 'သွားဌာန်-လျှာဖျားကရိုဏ်း'ဟု ခေါ်သည်။

သာဓက။ ။ စ၊ ဆ။

၁၄။ နှုတ်ခမ်းဌာန် – နှုတ်ခမ်းကရိုဏ်း

- ဌာန်သည် စကားသံဖြစ်ပေါ်ရန်နေရာ ဖြစ်သည်။
- ကရိုဏ်းသည် စကားသံဖြစ်ပေါ်စေရန် အကူအညီပေးသော အသုံးခံဝတ္ထု ဖြစ်သည်။
- ဌာန် (၇) နေရာကို ကရိုဏ်း (၇) မျိုးနှင့် ထိပေးခြင်းဖြင့် သက်ဆိုင်ရာ အက္ခရာတို့၏ အသံများ ဖြစ်လာသည်။
- <u>အထက်</u>နှုတ်ခမ်းဌာန်နှင့် <u>အောက်</u>နှုတ်ခမ်းကရိုဏ်းတို့ ထိရာနေရာကို 'နှုတ်ခမ်းဌာန်-နှုတ်ခမ်း ကရိုဏ်း'ဟု ခေါ်သည်။

သာဓက။ ။ ဉ၊ ဩ၊ အို။

၁၅။ နှာခေါင်းဌာန် – လျှာခင်ကရိုဏ်း

- ဌာန်သည် စကားသံ ဖြစ်ပေါ်ရန်နေရာ ဖြစ်သည်။
- ကရိုဏ်းသည် စကားသံဖြစ်ပေါ်စေရန် အကူအညီပေးသော အသုံးခံဝတ္ထု ဖြစ်သည်။
- ဌာန် (၇) နေရာကို ကရိုဏ်း (၇) မျိုးနှင့် ထိပေးခြင်းဖြင့် သက်ဆိုင်ရာ အက္ခရာတို့၏ အသံများ ဖြစ်လာသည်။
- လျှာနောက်ကရိုဏ်းသည် အာခေါင်ပျော့ဌာန်ကို ထိစဉ်
- လျှာလယ်ကရိုဏ်းသည် အာခေါင်မာဌာန်ကို ထိစဉ်
- လျှာရှေ့ (လျှာဖျားအနီး) ကရိုဏ်းသည် အာထိပ်ဌာန်ကို ထိစဉ်

လျှာခင်ကို အောက်သို့ နှိမ့်ချလိုက်သောအခါ မူလသံသည် နှာခေါင်းပေါက်မှ အပြင်သို့ ထွက်သွားသည်။

- သက်ဆိုင်ရာကရိုဏ်းသည် သက်ဆိုင်ရာဌာန်ကိုထိစဉ် လျှာခင်ကို အောက်သို့ နှိမ့်ချလိုက်ခြင်းဖြင့် ဖြစ်လာသော ဌာန် ကရိုဏ်းသည် 'နှာခေါင်းဌာန်-လျှာခင်ကရိုဏ်း' ဖြစ်သည်။

သာဓက။ ။ င၊ ည၊ န၊ ဏ၊ မ။

၁၆။ ပိတ်ရွတ်သရ

- အသံအိုးတွင် အဆုတ်မှတက်လာသောလေကို ပိတ်နိုင်၊ ဖွင့်နိုင်သော အသံကြိုးနှစ်ချောင်း ရှိသည်။
- ယင်းအသံကြိုး နှစ်ချောင်းကို ပိတ်၍သော် လည်းကောင်း၊ ဖွင့်၍သော် လည်းကောင်း သရများကို ရွတ်နိုင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

- အသံကြိုးနှစ်ချောင်းကို ပိတ်၍ရွတ်ရာမှ ဖြစ်ပေါ်လာသည့် သရကို ပိတ်ရွတ်သရဟု ခေါ်သည်။

သာဓက ။ ။ အ၊ အေ့၊ အင့်၊ အက်၊ အစ်၊ အပ်၊ အုပ်။

၁၇။ ဖွင့်ရွတ်သရ

- အသံအိုးတွင် အဆုတ်မှ တက်လာသောလေကို ပိတ်နိုင်၊ ဖွင့်နိုင်သော အသံကြိုးနှစ်ချောင်း ရှိသည်။
- ယင်းအသံကြိုးနှစ်ချောင်းကို ပိတ်၍သော် လည်းကောင်း၊ ဖွင့်၍သော် လည်းကောင်း သရများကို ရွတ်နိုင်သည်။
- အသံကြိုး (၂) ချောင်းကို ဖွင့်၍ ရွတ်ရာမှ ဖြစ်ပေါ်လာသည့် သရကို ဖွင့်ရွတ်သရဟု ခေါ်သည်။

သာဓက ။ ။ အာ၊ အင်၊ အား၊ အင်း၊ အမ်း။

၁၈။ ထိရွတ်ဗျည်း

- ဗျည်းများကို ဌာန်နှင့် ကရိုဏ်းတို့ကို ထိ၍သော် လည်းကောင်း၊ စဉ်းငယ်ထိ၍ သော်လည်းကောင်း ရွတ်နိုင်သည်။
- ဌာန်နှင့် ကရိုဏ်းတို့ကို ထိ၍ရွတ်ရာမှ ဖြစ်ပေါ်လာသည့် ဗျည်းကို ထိရွတ်ဗျည်းဟု ခေါ်သည်။

သာဓက ။ ။ က၊ စ၊ တ၊ ပ၊ မ၊ သ။

၁၉။ စဉ်းငယ်ရွတ်ဗျည်း

- ဗျည်းများကို ဌာန်နှင့် ကရိုဏ်းတို့ကို ထိ၍သော်လည်းကောင်း၊ စဉ်းငယ်ထိ၍သော် လည်းကောင်း ရွတ်နိုင်သည်။
- ဌာန်နှင့် ကရိုဏ်းတို့ကို စဉ်းငယ်ထိ၍ ရွတ်ရာမှ ဖြစ်ပေါ်လာသည့် ဗျည်းကို စဉ်းငယ်ထိရွတ်ဗျည်းဟု ခေါ်သည်။

သာဓက ။ ။ ယ၊ ရ၊ လ၊ ဠ၊ ဝ။

## မြန်မာပါဠိဆင့်

အက္ခရာ (၂) လုံးဆင့်၍ ရေးသားထားသော အက္ခရာတွဲကို ပါဠိဆင့်ဟုခေါ်သည်။ ရှေးခေတ်မြန်မာတို့သည် ပါဠိဘာသာစာပေနှင့် ရင်းနှီးခဲ့ကြသဖြင့် ပါဠိစကားလုံးများကို ကြားညှပ်ပြောဆိုခြင်း၊ ရေးသားခြင်းများ ပြုခဲ့ကြသည်။ ပါဠိပါဠိဆင့် ရေးနည်းများကို အတုယူ၍ မြန်မာ နှစ်လုံးဆင့်ရေးနည်းများကို ပြုလာခဲ့ကြသည်။ ထို မြန်မာ နှစ်လုံးဆင့်များကို မြန်မာပါဠိဆင့်ဟု ခေါ်သည်။

ထို့ပြင် ကျောက်စာ၊ ပေစာများ ရေးသားရာ၌ နေရာ အကျဉ်းရုံးရာမှစ၍ မြန်မာ နှစ်လုံးဆင့် ရေးနည်းကို သုံးခဲ့ကြသည်။ ယင်းသို့ ရေးသားခဲ့ကြသော မြန်မာဝေါဟာရများအနက် အချို့ကို ဤခေတ်တိုင်အောင် နှစ်လုံးဆင့် ဆက်လက်ရေးသားကြ၍ အချို့ကို ဤခေတ်တွင် လက်ခံသုံးစွဲခြင်း မပြုကြတော့ချေ။

အောက်ပါ မြန်မာဝေါဟာရနှစ်လုံးဆင့်ရေးပုံ (မြန်မာပါဠိဆင့်) များကို ဤခေတ်၌ ဆက်လက် လက်ခံအသုံးပြုလျက်ပင် ရှိကြသေးသည်။

သာဓက။ ။

| | ပုဒ် | ဖတ်နည်း |
|---|---|---|
| (၁) | မိတ္တူ | မိတ်တူ |
| (၂) | လိမ္မာ | လိမ်မာ |

mgyoe.com

mgyoe.com

## ဝါကျဆိုင်ရာ သိမှတ်ဖွယ်များ

၁။ ဝါကျရိုး ။ ။ ကတ္တားတစ်ခုနှင့် ကြိယာတစ်ခု ပါဝင်သော ဝါကျသည် ဝါကျရိုး ဖြစ်သည်။
သာဓက ။ ။ သူ က သည်။

၂။ ဝါကျရော ။ ။ ဝါကျရိုး (၂) ခု၊ သို့မဟုတ် (၂) ခုထက်ပိုသော ဝါကျရိုးများကို ဝါကျတစ်ခုတည်း ဖြစ်စေရန် ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓတစ်ခုခုနှင့် ဆက်၍ ရေးသောဝါကျသည် ဝါကျရော ဖြစ်သည်။
သာဓက ။ ။ သူ က သည်ကို ကျွန်တော် မြင်သည်။

၃။ အနက်အဓိပ္ပာယ်အရ ဝါကျ (၅) မျိုး

(၁) ထုတ်ဖော်ဝါကျ
သာဓက။ ။ သူသည် နံနက်စာကို သူငယ်ချင်းများနှင့် အတူစားသည်။

(၂) မေးခွန်းဝါကျ
သာဓက။ ။ သင် ဘယ်က ပြန်လာသနည်း။

(၃) ငြင်းပယ်ဝါကျ
သာဓက။ ။ စာအုပ်ကို ကျွန်တော် မငှားနိုင်ပါ။

(၄) တိုက်တွန်းဝါကျ
သာဓက။ ။ သင်တို့သည် မြန်မာ့သတ္တကို ပြကြလော့။

(၅) ဆန္ဒဝါကျ
သာဓက။ ။ သတ္တဝါအားလုံး ကျန်းမာပါစေ။

၄။ ဖွဲ့စည်းတည်ဆောက်ပုံအရ ဝါကျ (၂) မျိုး

(၁) ဝါကျရိုး
သာဓက။ ။ သူ လာသည်။

(၂) ဝါကျရော
သာဓက။ ။ သူ လာသည်ကို ကျွန်တော် မြင်သည်။

## ဝါစင်္ဂဆိုင်ရာ သိမှတ်ဖွယ်များ

### ၁။ နာမ်

သက်ရှိ၊ သက်မဲ့၊ ဒြပ်ရှိ၊ ဒြပ်မဲ့ အမည် ဟူသမျှကို နာမ်ဟု ခေါ်သည်။

အနက်အဓိပ္ပာယ်အရ နာမ် (၄) မျိုးနှင့် ဖွဲ့စည်းတည်ဆောက်ပုံအရ နာမ် (၄) မျိုး ရှိသည်။

အနက်အဓိပ္ပာယ်အရ နာမ် (၄) မျိုး -

| | အမျိုးအစား | သာဓက |
|---|---|---|
| (က) | တစ်ဦးဆိုင်နာမ် | မောင်မောင်၊ ရန်ကုန်၊ ရောဝတီ။ |
| (ခ) | အများဆိုင်နာမ် | လူ၊ မြို့၊ နွား၊ စာအုပ်။ |
| (ဂ) | စိတ္တဇနာမ် | ပညာ၊ မေတ္တာ၊ အောင်မြင်ခြင်း။ |
| (ဃ) | အစုပြနာမ် | အသင်း၊ အဖွဲ့၊ မိသားစု။ |

mgyoe.com

mgyoe.com SAMPLE BOOK

ဖွဲ့စည်းတည်ဆောက်ပုံအရ နာမ် (၄) မျိုး -

| | အမျိုးအစား | သာဓက |
|---|---|---|
| (က) | ပင်ကိုနာမ် | နေ၊ မေတ္တာ၊ ဒါရိုက်တာ။ |
| (ခ) | ပေါင်းစပ်နာမ် | လူငယ်၊ ရေအိုး၊ လက်စွပ်၊ ထမ်းပိုး၊ လွယ်အိတ်။ |
| (ဂ) | ကြိယာနာမ် | စားဖွယ်၊ အစား၊ စားခြင်း၊ စွမ်းဆောင်ချက်၊ ကူညီမှု။ |
| (ဃ) | ဂုဏ်ရည်ပြနာမ် | အကောင်း၊ ထူးချွန်မှု၊ သက်သာခြင်း။ |

**လိင်**

အထီး၊ အမ သဘာဝကို လိင်ဟုခေါ်သည်။ နာမ်၊ နာမ်စားတို့ကို ယောကျာ်း၊ မိန်းမ၊ အထီး၊ အမ စသည်ဖြင့် ခွဲခြားခြင်းသည် လိင်သဘော ဖြစ်သည်။ လိင် (၄) မျိုးရှိသည်။

| | အမျိုးအစား | သာဓက |
|---|---|---|
| (က) | ပုလ္လိင် | အဖေ၊ အဘိုး၊ သား၊ ကျွန်တော်။ |
| (ခ) | ဣတ္ထိလိင် | အမေ၊ သမီး၊ ကျွန်မ။ |
| (ဂ) | နပုလ္လိင် | စာအုပ်၊ မျက်မှန်၊ ပေတံ၊ သင်္ဘော။ |
| (ဃ) | ဒွိလိင် | လူ၊ ငှက်၊ ဝတ်ဆံ၊ ငါ၊ သင်၊ ကျုပ်။ |

**ကိန်း**

အရေအတွက်ကို ကိန်း ဟုခေါ်သည်။

| | အမျိုးအစား | သာဓက |
|---|---|---|
| (က) | ဧကဝုစ်ကိန်း | ဆရာ၊ ကျောင်းသား၊ ဈေးသည်။ |
| (ခ) | ဗဟုဝုစ်ကိန်း | ဆရာများ၊ ဆရာတို့၊ ကျောင်းသားများ၊ ကျောင်းသားတို့။ |

## ၂။ နာမ်စား

နာမ်၏ အစားသုံးသောပုဒ်ကို နာမ်စားဟု ခေါ်သည်။ နာမ်စား (၄) မျိုး ရှိသည်။

| | အမျိုးအစား | သာဓက |
|---|---|---|
| (က) | ပုဂ္ဂလနာမ်စား | |
| | (၁) ပြောသူနာမ်စား | ကျွန်တော်၊ ကျွန်မ၊ ကျွန်ုပ်၊ ကျုပ်၊ ငါ။ |
| | (၂) ကြားနာသူနာမ်စား | သင်၊ မင်း၊ ခင်ဗျား၊ ညည်း၊ နင်။ |
| | (၃) အပြောခံနာမ်စား | သူ၊ သင်း။ |
| (ခ) | အညွှန်းနာမ်စား | ဤ၊ ထို၊ ဟို၊ ယင်း၊ ၎င်း၊ သည်။ |
| (ဂ) | အမေးနာမ်စား | မည်သည်၊ မည်သူ၊ ဘယ်သူ၊ အဘယ်၊ ဘယ်။ |
| (ဃ) | သင်္ချာနာမ်စား | |
| | (၁) အရေအတွက်ပြ သင်္ချာနာမ်စား | တစ်ခု၊ နှစ်ကောင်။ |
| | (၂) ပမာဏပြ သင်္ချာနာမ်စား | အချို့၊ အားလုံး၊ အနည်းငယ်။ |

## ၃။ နာမဝိသေသန

နာမ်ကို အထူးပြုသောပုဒ်ကို နာမဝိသေသနဟု ခေါ်သည်။ အထူးပြုခြင်းခံရသော နာမ်ကို ဝိသေသျဟု ခေါ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

အနက်အဓိပ္ပာယ်အရ နာမဝိသေသန (၄) မျိုး -

| အမျိုးအစား | | သာဓက |
|---|---|---|
| (က) | ဂုဏ်ရည်ပြနာမဝိသေသန | လိမ္မာသော၊ ဝေးသော၊ ထူးဆန်းသော။ |
| (ခ) | အညွှန်းနာမဝိသေသန | ဤ၊ ထို၊ ဟို၊ ယင်း၊ ၎င်း၊ သည်၊ အခြား။ |
| (ဂ) | သင်္ချာနာမဝိသေသန | |
| | (၁) အရေအတွက်ပြ သင်္ချာနာမဝိသေသန | သုံးယောက်၊ သုံးခု။ |
| | (၂) အစဉ်ပြ သင်္ချာနာမဝိသေသန | ဒုတိယအကြိမ်၊ အမှတ် (၃)၊ (၁၀) ကြိမ်မြောက်။ |
| | (၃) ပမာဏပြ သင်္ချာနာမဝိသေသန | အားလုံး၊ အချို့။ |
| (ဃ) | အမေးနာမဝိသေသန | ဘယ်၊ ဘယ်လောက်၊ မည်သည့်၊ မည်မျှ၊ မည်သို့သော။ |

ဖွဲ့စည်းတည်ဆောက်ပုံအရ နာမဝိသေသန (၂) မျိုး

| အမျိုးအစား | | သာဓက |
|---|---|---|
| (က) | ပင်ကိုနာမဝိသေသန | ကောင်း၊ မြင့်၊ မြန်၊ အေး၊ နီ၊ ချို၊ ကြမ်း။ |
| (ခ) | ပေါင်းစပ်နာမဝိသေသန | သတ္တိကောင်း၊ သန့်ရှင်း။ |

နာမဝိသေသန အဆင့် (၃) မျိုး

| အမျိုးအစား | | သာဓက |
|---|---|---|
| (က) | သာမန်အဆင့် | ကောင်းသော |
| (ခ) | သာလွန်အဆင့် | သာ၍/ပို၍ကောင်းသော |
| (ဂ) | အသာလွန်ဆုံးအဆင့် | အကောင်းဆုံး |

## ၄။ ကြိယာ

ပြုခြင်းကို ဖြစ်စေ၊ ဖြစ်ခြင်းကို ဖြစ်စေ၊ ရှိခြင်းကို ဖြစ်စေ ပြသောပုဒ်ကို ကြိယာဟုခေါ်သည်။ အနက်အဓိပ္ပာယ်အရ ကြိယာ (၃) မျိုးနှင့် ဖွဲ့စည်းတည်ဆောက်ပုံအရ ကြိယာ (၃) မျိုးရှိသည်။

အနက်အဓိပ္ပာယ်အရ ကြိယာ (၃) မျိုး-

| အမျိုးအစား | | သာဓက |
|---|---|---|
| (က) | ပြုခြင်းပြကြိယာ | ရေး၊ ဖတ်၊ စား၊ ပြော |
| (ခ) | ဖြစ်ခြင်းပြကြိယာ | ဖြစ် (သည်)၊ ပြို (၏)၊ ကျက် (ပြီ)၊ ပျော် (သည်) |
| (ဂ) | ရှိခြင်းပြကြိယာ | ရှိ (သည်)၊ တည်ရှိ (သည်)။ |

ဖွဲ့စည်းတည်ဆောက်ပုံအရ ကြိယာ (၃) မျိုး

| အမျိုးအစား | | သာဓက |
|---|---|---|
| (က) | ပင်ကိုကြိယာ | ရေး၊ ဖြစ်၊ ကစား၊ ပူဇော်၊ ရှိခိုး။ |
| (ခ) | ဂုဏ်ရည်ပြကြိယာ | လှ (သည်)၊ ချို (သည်)၊ သာယာ (သည်) |
| (ဂ) | ပေါင်းစပ်ကြိယာ | စားသောက် (သည်)၊ ဆေးခြယ် (သည်)၊ လျှင်မြန် (သည်)။ |

mgyoe.com

mgyoe.com SAMPLE BOOK

၅။ ကြိယာဝိသေသန

ကြိယာကို အထူးပြုသောပုဒ်ကို ကြိယာဝိသေသနဟု ခေါ်သည်။ အထူးပြုခြင်းခံရသော ကြိယာကို ဝိသေသျဟု ခေါ်သည်။

အနက်အဓိပ္ပာယ်အရ ကြိယာဝိသေသန (၅) မျိုးနှင့် ဖွဲ့စည်းတည်ဆောက်ပုံအရ ကြိယာဝိသေသန (၃) မျိုးရှိသည်။

အနက်အဓိပ္ပာယ်အရ ကြိယာဝိသေသန (၅) မျိုး-

| | အမျိုးအစား | သာဓက |
|---|---|---|
| (က) | အချိန်ပြကြိယာဝိသေသန | ယနေ့၊ ယခု၊ မနက်ဖြန်၊ မကြာမီ၊ အစဉ်။ |
| (ခ) | အမူအရာပြကြိယာဝိသေသန | ဒယိမ်းဒယိုင်၊ တရိုတသေ၊ ညီညီညာညာ၊ အလျင်အမြန်။ |
| (ဂ) | အခြေအနေပြ ကြိယာဝိသေသန | သည်းထန်စွာ၊ ဖရိုဖရဲ၊ စင်စစ်၊ မုချ။ |
| (ဃ) | ပမာဏပြ ကြိယာဝိသေသန | အနည်းငယ်၊ လုံးဝ၊ အလွန်၊ များစွာ၊ အကုန်လုံး။ |
| (င) | အမေး ကြိယာဝိသေသန | မည်မျှ၊ မည်သို့၊ မည်ကဲ့သို့။ |

ဖွဲ့စည်းတည်ဆောက်ပုံအရ ကြိယာဝိသေသန (၃) မျိုး

| | အမျိုးအစား | သာဓက |
|---|---|---|
| (က) | နှစ်ကြိမ်ထပ် ကြိယာဝိသေသန | မြန်မြန်၊ ခင်ခင်မင်မင်၊ ချိုချိုသာသာ။ |
| (ခ) | ပစ္စည်းဆက် ကြိယာဝိသေသန | ခင်မင်စွာ၊ အလှ၊ တမှိုင်မှိုင်၊ တရွေ့ရွေ့၊ တရကြမ်း၊ ခပ်မြန်မြန်၊ အပူတပြင်း၊ မထိတထိ၊ တက်လိုက်ဆင်းလိုက်။ |
| (ဂ) | ကာရန်အလိုက်ကြိယာဝိသေသန | စီရရီ၊ ဆာတာတာ၊ နီတီတီ။ |

ကြိယာဝိသေသန အဆင့် (၃) မျိုးမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | အမျိုးအစား | သာဓက |
|---|---|---|
| (က) | သာမန်အဆင့် | ကောင်းစွာ |
| (ခ) | သာလွန်အဆင့် | သာ၍/ပို၍ကောင်းစွာ |
| (ဂ) | အသာလွန်ဆုံးအဆင့် | အကောင်းဆုံး |

၆။ ဝိဘတ်

နာမ်၊ နာမ်စားတို့၏ နောက်၌တည်၍ ၎င်းတို့သည် ကတ္တား ဖြစ်သည်၊ ကံဖြစ်သည့် စသည်တို့လည်းကောင်း၊ ကြိယာ၏ နောက်၌တည်၍ ၎င်းကြိယာ၏ ကာလနှင့်အမျိုးအစားကိုလည်းကောင်း ဝေဖန်ပိုင်းခြားပြသော စကားလုံးကို ဝိဘတ်ဟုခေါ်သည်။

နာမ်ဝိဘတ်နှင့် ကြိယာဝိဘတ် ဟူ၍ (၂) မျိုး ရှိသည်။

နာမ်ဝိဘတ် (၁၇) မျိုး၊ ကြိယာဝိဘတ် (၂) မျိုး ရှိသည်။

| | အမျိုးအစား | သာဓက |
|---|---|---|
| (က) | ကတ္တားဝိဘတ် | သည်၊ က၊ မှာ |
| (ခ) | ကံဝိဘတ် | ကို။ |
| (ဂ) | ထွက်ခွာရာပြဝိဘတ် | မှ၊ က။ |
| (ဃ) | ရှေးရှုရာပြဝိဘတ် | သို့။ |
| (င) | ဆိုက်ရောက်ရာပြဝိဘတ် | သို့၊ ထိ၊ အထိ၊ ထိအောင်၊ တိုင်အောင်။ |
| (စ) | အသုံးခံပြဝိဘတ် | ဖြင့်၊ နှင့်။ |
| (ဆ) | အကြောင်းပြဝိဘတ် | ကြောင့်၊ ဖြင့်။ |

mgyoe.com

mgyoe.com SAMPLE BOOK

| | | |
|---|---|---|
| (ဇ) | လက်ခံပြဝိဘတ် | အား။ |
| (ဈ) | နေရာပြဝိဘတ် | ၌၊ မှာ၊ တွင်၊ ဝယ်၊ က။ |
| (ည) | အချိန်ပြဝိဘတ် | ၌၊ မှာ၊ တွင်၊ ဝယ်၊ က။ |
| (ဋ) | ပိုင်ဆိုင်ခြင်းပြဝိဘတ် | ၏။ |
| (ဌ) | လိုက်လျောပြဝိဘတ် | အလိုက်၊ အရ၊ အတိုင်း၊ အလျောက်၊ အားလျော်စွာ။ |
| (ဍ) | ယှဉ်တွဲပြဝိဘတ် | နှင့်၊ နှင့်အတူ၊ နှင့်အညီ၊ နှင့်အမျှ။ |
| (ဎ) | ခွဲထုတ်ရာပြဝိဘတ် | တွင်၊ အနက်၊ အထဲမှ၊ အထဲမှာ။ |
| (ဏ) | ရည်စူးချက်ပြဝိဘတ် | ငှာ၊ အလို့ငှာ၊ ဖို့၊ အဖို့၊ အတွက်။ |
| (တ) | နေရာဆက်တိုက်ပြဝိဘတ် | တိုင်တိုင်၊ တိုင်အောင်။ |
| (ထ) | အချိန်ဆက်တိုက်ပြဝိဘတ် | တိုင်တိုင်၊ တိုင်အောင်၊ ပတ်လုံး၊ လုံးလုံး။ |

ကြိယာဝိဘတ် (၂) မျိုး-

| | အမျိုးအစား | သာဓက |
|---|---|---|
| (က) | ကာလပြကြိယာဝိဘတ် | |
| | (၁) ပစ္စုပ္ပန်ကာလပြ ကြိယာဝိဘတ် | သည်၊ ၏၊ ပြီ။ |
| | (၂) အတိတ်ကာလပြ ကြိယာဝိဘတ် | သည်၊ ၏၊ ပြီ။ |
| | (၃) အနာဂတ်ကာလပြ ကြိယာဝိဘတ် | မည်၊ လိမ့်မည်၊ အံ့၊ လတ္တံ့။ |
| (ခ) | အမျိုးအစားပြ ကြိယာဝိဘတ် | |
| | (၁) စေခိုင်းဝိဘတ် | လော့။ |
| | (၂) ညှိနှိုင်းဝိဘတ် | စို့၊ ရအောင်။ |
| | (၃) ဆန္ဒညွှန်ဝိဘတ် | ပါစေ၊ ပါရစေ။ |
| | (၄) အမိန့်ချဝိဘတ် | စေ။ |

**၇။ သမ္ဗန္ဓ**

ပုဒ်အချင်းချင်းကိုဖြစ်စေ၊ ဝါကျအချင်းချင်းကိုဖြစ်စေ၊ အဓိပ္ပာယ်အချင်းချင်းကိုဖြစ်စေ ဆက်စပ်ပေးသော စကားလုံးကို သမ္ဗန္ဓ ဟုခေါ်သည်။

ဆက်စပ်ပုံအရ သမ္ဗန္ဓ (၃) မျိုးနှင့် အနက်အဓိပ္ပာယ်အရ သမ္ဗန္ဓ (၁၁) မျိုးရှိသည်။

ဆက်စပ်ပုံအရ သမ္ဗန္ဓ (၃) မျိုး

| | အမျိုးအစား | သာဓက |
|---|---|---|
| (က) | ပုဒ်ဆက်သမ္ဗန္ဓ | နှင့်၊ သို့မဟုတ်၊ မှတစ်ပါး၊ ဖြစ်စေ. . ဖြစ်စေ၊ သော်လည်းကောင်း. . သော်လည်းကောင်း |
| (ခ) | ဝါကျဆက်သမ္ဗန္ဓ | ၍၊ လျက်၊ လျှင်၊ သကဲ့သို့၊ နှင့်တစ်ပြိုင်နက်။ |
| (ဂ) | အဓိပ္ပာယ်ဆက် သမ္ဗန္ဓ | ထို့ကြောင့်၊ ထို့ပြင်၊ သို့ရာတွင်၊ ထိုအခါ။ |

အနက်အဓိပ္ပာယ်အရ သမ္ဗန္ဓ (၁၁) မျိုး

| | အမျိုးအစား | သာဓက |
|---|---|---|
| (က) | ဆန့်ကျင်ပြ သမ္ဗန္ဓ | သို့ရာတွင်၊ သော်လည်း၊ စေကာမူ၊ မ. . ဘဲလျက်။ |
| (ခ) | အချိန်ပြ သမ္ဗန္ဓ | မ. . မီ၊ နှင့်တစ်ပြိုင်နက်၊ တိုင်း၊ မှ၊ ရင်း။ |
| (ဂ) | အကျိုးမျှော်ပြ သမ္ဗန္ဓ | ရန်၊ အောင်၊ ဖို့၊ ရန် အလို့ငှာ။ |
| (ဃ) | အကြောင်းပြ သမ္ဗန္ဓ | ၍၊ နှင့်၊ သဖြင့်၊ ထို့ကြောင့်။ |

mgyoe.com

mgyoe.com SAMPLE BOOK

| | | |
|---|---|---|
| (င) | နှိုင်းယှဉ်ပြ သမ္ဗန္ဓ | သကဲ့သို့၊ သလို၊ ထက်။ |
| (စ) | ပေါင်းစည်းပြ သမ္ဗန္ဓ | နှင့်၊ လည်း. . . လည်း၊ အပြင်. . လည်း၊ |
| (ဆ) | ရွေးချယ်ပြ သမ္ဗန္ဓ | သို့မဟုတ်။ |
| (ဇ) | ကန့်သတ်ချက်ပြ သမ္ဗန္ဓ | လျှင်၊ မှ၊ က။ |
| (ဈ) | ကန့်သတ်မဲ့ပြ သမ္ဗန္ဓ | ဖြစ်စေ. . . ဖြစ်စေ၊ သော်လည်းကောင်း. . သော်လည်းကောင်း။ |
| (ည) | တစ်ပြိုင်နက်ပြ သမ္ဗန္ဓ | လျက်၊ ကာ၊ ရင်း။ |
| (ဋ) | တစ်ခုပြီးတစ်ခုပြ သမ္ဗန္ဓ | ကာ၊ ၍။ |

## ၈။ ပစ္စည်း

နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသန တို့၏ အဓိပ္ပာယ်ကို ထူးခြားလေးနက်အောင် ကူညီထောက်ပံ့သော စကားလုံးကို ပစ္စည်းဟု ခေါ်သည်။ နာမ်ပစ္စည်း၊ ကြိယာပစ္စည်း၊ ပုဒ်ပြောင်းပစ္စည်း ဟူ၍ (၃) မျိုး ရှိသည်။

နာမ်ပစ္စည်း (၉) မျိုး၊ ကြိယာပစ္စည်း (၅) မျိုး၊ ပုဒ်ပြောင်းပစ္စည်း (၃) မျိုး ရှိသည်။

နာမ်ပစ္စည်း (၉) မျိုး -

| | အမျိုးအစား | သာဓက |
|---|---|---|
| (က) | မျိုးပြ ပစ္စည်း | (နှစ်) ပင်၊ (သုံး) ယောက်၊ (လေး) ခု။ |
| (ခ) | လိင်ညွှန်းပစ္စည်း | (ကျောင်း) သား၊ (ကျောင်း) သူ၊ (ဝတ်ဆံ) မ၊ ဦး (မြဲ) ခေါ်(လှ)။ |
| (ဂ) | ကိန်းညွှန်းပစ္စည်း | များ၊ တို့။ |
| (ဃ) | သချ်ာလေးနက်ပစ္စည်း | ကျစ်၊ ခန့်၊ ကြိမ်၊ မြောက်။ |
| (င) | နာမ်ထောက်ပစ္စည်း | သာလျှင်၊ တော့၊ လည်း၊ ပါ၊ များ။ |
| (စ) | ဥပမာပစ္စည်း | ကဲ့သို့၊ နှယ်၊ လို၊ အတိုင်း။ |
| (ဆ) | ရူပကပစ္စည်း | တည်းဟူသော။ |
| (ဇ) | အာလုပ်ပစ္စည်း | အို၊ ဟယ်၊ ရှင်၊ ခင်ဗျာ၊ ဟေ့။ |
| (ဈ) | ဝိစ္ဆာပစ္စည်း | တိုင်း၊ တကာ၊ အ (မြို့မြို့)။ |

ကြိယာပစ္စည်း (၅) မျိုး -

| | အမျိုးအစား | သာဓက |
|---|---|---|
| (က) | အမေးပစ္စည်း | နည်း၊ လော၊ လား၊ လဲ၊ တုံး။ |
| (ခ) | ကိန်းညွှန်းပစ္စည်း | ကြ၊ ကုန်၊ ကြကုန်။ |
| (ဂ) | ကြိယာထောက်ပစ္စည်း | နိုင်၊ ဝံ့၊ ခဲ့၊ မိ၊ သေး၊ ထိုက်၊ နှင့်၊ ပါ။ |
| (ဃ) | အငြင်းပြပစ္စည်း | မ၊ မ. . ဘူး။ |
| (င) | ဝါကျနောက်လိုက်ပစ္စည်း | ကွယ်၊ နော်၊ ပေါ့၊ လေ၊ ပေါ့လေ။ |

ပုဒ်ပြောင်းပစ္စည်း (၃) မျိုး -

| | အမျိုးအစား | သာဓက |
|---|---|---|
| (က) | နာမ်ပုဒ်ပြောင်းပစ္စည်း | အ၊ ခြင်း၊ ချက်၊ စရာ၊ မှု၊ အ-အ။ |
| (ခ) | နာမဝိသေသန ပုဒ်ပြောင်းပစ္စည်း | သော၊ သည့်၊ မည့်။ |
| (ဂ) | ကြိယာဝိသေသန ပုဒ်ပြောင်းပစ္စည်း | စွာ၊ အ၊ တ-တ၊ ချည်-ချည်။ |

mgyoe.com

mgyoe.com
SAMPLE BOOK

## မေးခွန်း ၁ (ခ) နှင့် ၁ (ဂ) အတွက်
## နားလည်မှုဆိုင်ရာ မေးခွန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ မေးခွန်းများ
## မြန်မာသဒ္ဒါ အတွဲ (၂) အခန်း (၆)၊ စာမျက်နှာ (၅၁ မှ ၆၀ အထိ) လေ့ကျင့်ခန်းများ

### (က) လေ့ကျင့်ခန်းများ

၁။ (က) အောက်ပါ နာမ်အသီးသီးသည် အနက်အဓိပ္ပာယ်အရ မည်သည့်နာမ် ဖြစ်သနည်း။
ပြည်သူ၊ သစ္စာ၊ ငါး၊ ရွှေဘို၊ ပန်း၊ အစည်းအရုံး၊ မောင်အေးချမ်း၊ သတ္တိ။
(ခ) အောက်ပါ နာမ်အသီးသီးသည် ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့်နာမ် ဖြစ်သနည်း။
ကောင်စီ၊ ဣန္ဒြေ၊ မှန်တင်ခုံ၊ ပေးကမ်းခြင်း၊ ကြမ်းတမ်းခြင်း၊ လက်ရွေးစင်၊ တွယ်တာစရာ၊ အအေး။
(ဂ) အောက်ပါ နာမ်အသီးသီး၏ လိင်အမျိုးအစားကို ဖော်ပြပါ။
ဦးအောင်ဇေယျ၊ မဒ္ဒီဒေဝီ၊ ရေ၊ မြွေ၊ ကျွန်မ၊ အစ်ကို၊ မီး၊ ထန်း။
(ဃ) အောက်ပါ နာမ်အသီးသီး၏ ကိန်းကို ဖော်ပြပါ။
ညှော်သည်များ၊ စာအုပ်၊ ထီး၊ ငါတို့၊ စားပွဲများ။

၂။ အောက်ပါပေါင်းစပ်နာမ်တို့တွင် မည်သည့်နာမ်က မည်သည့်နာမ်ကို အထူးပြုသနည်း။
ကွမ်းကလပ်၊ ဝါးလက်ခုပ်၊ ဝါးခမောက်၊ မုန့်လက်ကောက်။

၃။ (က) အောက်ပါ ဂုဏ်ရည်ပြနာမ်အသီးသီးကို ကွက်လပ်တွင် ဆီလျော်အောင်ဖြည့်ပါ။
အထူး၊ အနွေး၊ အနှေး၊ အကျဉ်း၊ အနု။
---------ယာဉ်၊ ----------အစည်းအဝေး၊ ----------ပညာ၊ -----------ထည်၊ -----------ထောင်။
(ခ) အောက်ပါ ကြိယာနာမ်အသီးသီးကို ကွက်လပ်တွင် ဆီလျော်အောင် ဖြည့်ပါ။
အစုန်၊ အပြန်၊ အမှာ၊ အစမ်း၊ အလုပ်။
--------ခရီး၊ ---------ရထား၊ -----------စကား၊ ----------စာမေးပွဲ၊ -----------သမား။

၄။ အချို့နာမ်သည် မည်သည့်ပစ္စည်းနှင့် တွဲခြင်းဖြင့် အပေါင်းအစုကို ရည်ညွှန်းဖော်ပြသနည်း။ သာဓက (၂) ခု ပြပါ။

၅။ ကို၊ အား၊ ကြောင့်၊ အတွက်၊ ဖို့ ဝိဘတ်တစ်ခုခုနှင့် တွဲခြင်းဖြင့် သံရှည်အဆုံးရှိသောနာမ်တွင် အောက်မြစ်ထည့်လေ့ရှိပုံကို သာဓကပြပါ။

၆။ အောက်ပါ နာမ်အသီးသီးကို အခြားနာမ်တစ်ခုခုနှင့် ပေါင်းစပ်သောအခါ အ‌မြှုပ်လေ့ရှိပုံကို သာဓကပြပါ။
အရောင်၊ အပင်၊ အရွက်၊ အသား၊ အရုပ်၊ အနံ့၊ အကြော။

### (ခ) လေ့ကျင့်ခန်းများ

၁။ (က) အောက်ပါ နာမ်စားအသီးသီးသည် နာမ်စား (၄) မျိုးအနက် မည်သည့်အမျိုးအစား ဖြစ်သနည်း။
အချို့၊ အဘယ်၊ ထို၊ ကျွန်ုပ်၊ သည်၊ သင်း၊ အားလုံး၊ မည်သူ။
(ခ) အောက်ပါ နာမ်စားအသီးသီးသည် ပုဂ္ဂလနာမ်စား (၃) မျိုးအနက် မည်သည့်အမျိုးအစား ဖြစ်သနည်း။
ကျွန်မ၊ သူ၊ သင်၊ ငါ၊ ညည်း၊ သင်း။
(ဂ) အောက်ပါ နာမ်စားအသီးသီးသည် သင်္ချာနာမ်စား (၂) မျိုးတွင် မည်သည့်အမျိုးအစား ဖြစ်သနည်း။
ခြောက်ယောက်၊ အနည်းငယ်၊ အားလုံး၊ သုံးချပ်။

၂။ သူ ဟူသော နာမ်စားကို ယောက်ျား၊ မိန်းမ၊ တိရစ္ဆာန်တို့ အစားသုံးနိုင်ကြောင်း သာဓကပြပါ။

mgyoe.com

mgyoe.com SAMPLE BOOK

၃။ အောက်တွင် ပေးထားသော စကားလုံးအသီးသီးကို ကွက်လပ်တွင် ဆီလျော်အောင် ဖြည့်ပါ။ ဖြည့်သော စကားလုံးသည် အညွှန်းနာမ်စား၊ သို့မဟုတ် အညွှန်းနာမဝိသေသန ဖြစ်ကြောင်း ဖော်ပြပါ။
အချို့၊ ဘာ၊ မည်သည့်၊ ယင်း၊ အားလုံး၊ နှစ်ကောင်၊ ၎င်း။
(က) ခေါင်းဆောင်ဖြစ်ချင်ရင် ----------- ကျင့်ဝတ်ကို စောင့်ထိန်းရမလဲ။
(ခ) ကျွဲ ----------- ခတ်ရာ မြေစာပင် မခံနိုင်။
(ဂ) ကျောင်းသား ------------- အတန်းထဲ၌ ငြိမ်သက်စွာ ထိုင်နေကြသည်။
(ဃ) ------------ သည် ကြင်နာသနားတတ်သည်။
(င) ----------- ကား ပညာရှိတို့၏ အဆိုအမိန့်တည်း။
(စ) ------------က ဒူးရင်းသီးကို မကြိုက်ပေ။
(ဆ) မြန်မာနိုင်ငံတွင် ------------ အရပ်၌ မိုးအများဆုံး ရွာသနည်း။

၄။ နာမ်စား (၅) ခုကို နာမ်ဝိဘတ်တစ်ခုစီနှင့် တွဲပြပါ။

၅။ မည်သည့်ဝိဘတ်နှင့်တွဲလျှင် အောက်ပါ နာမ်စားတို့၌ အောက်မြစ်ထည့်လေ့ ရှိသနည်း။
(က) ငါ
(ခ) သင်
(ဂ) ရှင်
(ဃ) နင်
(င) သူ

၆။ အောက်ပါ ဝါကျများ၌ ပါဝင်သော တို့ ဟူသောစကားလုံးသည် ပစ္စည်း သို့မဟုတ် နာမ်စား ဖြစ်ကြောင်း ဖော်ပြပါ။
(က) တို့ကော မလိုက်ရဘူးလား။
(ခ) ငါတို့လည်း ရောက်ဖူးပါတယ်။
(ဂ) တို့ သိသမျှကို ပြောပြမယ်။
(ဃ) ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားကြရမယ်။

## (ဂ) လေ့ကျင့်ခန်းများ

၁။ (က) အောက်ပါ နာမဝိသေသနအသီးသီးသည် အနက်အဓိပ္ပာယ်အရ မည်သည့် နာမဝိသေသန ဖြစ်သနည်း။
အခြား၊ ပေါများသော၊ စတုတ္ထအကြိမ်၊ ခြောက်ယောက်၊ ထို၊ ရိုးသားသော။
(ခ) အောက်ပါ နာမဝိသေသနအသီးသီးသည် မည်သည့်သင်္ချာနာမဝိသေသန ဖြစ်သနည်း။
များစွာသော၊ အကြိမ် (၂၀) မြောက်၊ နှစ်ခု။
(ဂ) အောက်ပါ နာမဝိသေသနအသီးသီးသည် ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့် နာမဝိသေသန ဖြစ်သနည်း။
နူးညံ့ပျော့ပျောင်း၊ ဖွဲ့ကောင်း၊ နွေး၊ မွေး။
(ဃ) အောက်ပါ နာမဝိသေသနအသီးသီးသည် မည်သည့် နာမဝိသေသနအဆင့်တွင် ပါဝင်သနည်း။
အလှဆုံး၊ သာယာသော၊ ပို၍ဆန်းသစ်သော၊ ကြမ်းတမ်းသော။

၂။ အောက်ပါ နာမဝိသေသနအသီးသီးကို အ၊ မှု၊ ခြင်း ဟူသော ပစ္စည်းတစ်ခုခုနှင့်ဆက်၍ ဂုဏ်ရည်ပြနာမ် ဖြစ်အောင် ဖွဲ့စည်းပြပါ။
ငြိမ်းချမ်း၊ ချော၊ နီ၊ သွက်လက်၊ ဖြောင့်၊ ပါးနပ်၊ ကြမ်း၊ ရှည်။

၃။ အောက်ပါ နာမဝိသေသနအသီးသီးကို နှစ်ကြိမ်ထပ်ခြင်းဖြင့် ဖြစ်စေ၊ စွာ၊ တရ၊ အ-တ၊ ရစ္စန်းတစ်ခုခု ဆက်ခြင်းဖြင့် ဖြစ်စေ၊ ကာရန်လိုက်ခြင်းဖြင့် ဖြစ်စေ ကြိယာဝိသေသန ဖြစ်အောင် ဖွဲ့စည်းပြပါ။
ပူပြင်း၊ ကောင်း၊ လှပ၊ ကြမ်း၊ ရွှန်း၊ စိမ်း၊ ပြာ။

mgyoe.com

mgyoe.com SAMPLE BOOK
၄။ (က) အောက်ပါ နာမဝိသေသနအသီးသီးကို သော၊ သည့်၊ မည့် ပစ္စည်းတစ်ခုခုနှင့်တွဲ၍ နာမ် သို့မဟုတ် နာမ်စားတစ်ခုစီ၏ ရှေ့တွင် သုံးပြပါ။
မြင့်မား၊ ကျဉ်းမြောင်း၊ လိမ္မာ၊ ရိုးသား၊ ရှည်လျား၊ စိမ်းလန်း။
(ခ) အောက်ပါ ကွက်လပ်အသီးသီး၌ ဆီလျော်သောနာမ်ကို ဖြည့်ပါ။
----------အချို့၊ ----------ယဉ်ကျေး၊ -----------နှစ်စင်း၊ -----------အားလုံး။
(ဂ) အောက်ပါ ကွက်လပ်အသီးသီးတွင် ဆီလျော်သောကြိယာကို ဖြည့်ပါ။
(၁) တမာရွက်သည် -----------------------။
(၂) ယဉ်ကျေးသောသူ၏ အမူအရာသည် -----------------------။
(၃) ယနေ့ တိုက်ခတ်သော လေမုန်တိုင်းသည် ---------------------။
(၄) ဤမြက်ခင်းပြင်သည် --------------------------------။
(၅) စံပယ်ပန်းရနံ့သည် ----------------------------------။
၅။ (က) အောက်ပါ ပေါင်းစပ်နာမဝိသေသနအသီးသီးတွင် မည်သည်က နာမဝိသေသန၊ မည်သည်က ဝိသေသျ ဖြစ်ကြောင်း ခွဲခြားပြပါ။
ဆန်အိတ်၊ ခွေးဘီလူး၊ တောဝက်၊ ညောင်မုတ်ဆိတ်။
(ခ) အောက်ပါ အသာလွန်ဆုံးအဆင့် နာမဝိသေသနအသီးသီးကို နာမ်အဖြစ်လည်းကောင်း၊ နာမဝိသေသန အဖြစ် လည်းကောင်း ဝါကျ၌ သုံးပြပါ။
အသွက်လက်ဆုံး၊ အငယ်ဆုံး၊ အလှဆုံး။
၆။ (က) အောက်ပါ ပုဒ်အသီးသီးကို နာမဝိသေသနအဖြစ်လည်းကောင်း၊ နာမ်စားအဖြစ်လည်းကောင်း ဝါကျ၌ သုံးပြပါ။
နှစ်ခု၊ အနည်းငယ်၊ ဘာ၊ ဤ။
(ခ) အောက်ပါ ပုဒ်အသီးသီးကို နာမဝိသေသနအဖြစ်လည်းကောင်း၊ ကြိယာဝိသေသနအဖြစ်လည်းကောင်း ဝါကျ၌ သုံးပြပါ။
အဘယ်မျှလောက်၊ မည်မျှ၊ ဘယ်လောက်။

## (ဃ) လေ့ကျင့်ခန်းများ

၁။ (က) အောက်ပါ ကြိယာအသီးသီးသည် အနက်အဓိပ္ပာယ်အရ မည်သည့်ကြိယာ ဖြစ်သနည်း။
ရှိ၊ ဆွတ်ခြွေ၊ တိုက်ခတ်၊ နိမ်နင်း၊ တည်ရှိ။
(ခ) အောက်ပါ ကြိယာအသီးသီးသည် ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့်ကြိယာ ဖြစ်သနည်း။
ခုန် (သည်)၊ ငြိမ့်ညောင်း (သည်)၊ ပြေးလွှား (သည်)၊ စက်ချုပ် (သည်)၊ ဖြောင့်တန်း (သည်)။
၂။ အောက်ပါ ကြိယာအသီးသီးကို ကြိယာထောက်ပစ္စည်းအဖြစ် ဝါကျ၌ သုံးပြပါ။
ထား၊ ပစ်၊ သွား၊ သင့်၊ မိ။
၃။ အောက်ပါ ကြိယာတို့မှ ပေါင်းစပ်နိုင်သော ကြိယာတို့ကို ပေါင်းစပ်၍ ဝါကျ၌ ဆီလျော်အောင် ဖြည့်ပါ။
ဆုံးမ၊ ဝေဖန်၊ ဆင်ခြင်၊ သွန်သင်၊ အားပေး၊ သုံးသပ်၊ ရိုသေ၊ လွှမ်းဆွတ်၊ လေးစား၊ တမ်းတ၊ အားထား၊ သတိရ။
(က) ခွဲခွာခဲ့ရသော သူငယ်ချင်းများကို ကျွန်တော်---------သည်။
(ခ) မိမိ ပြုခဲ့သည့် အမှားမျိုးကို နောင်တွင် မပြုမိစေရန် ----------ရမည်။
(ဂ) ဦးကြီးသည် ရပ်ကွက်အတွင်းရှိ လူငယ်များကို အမြဲပင် ---------- သည်။
(ဃ) လူငယ်များက ဦးကြီးကို ----------- ကြသည်။
၄။ ကြ၊ ကုန်၊ ကြကုန် ဟူသော အများပြုကြိယာပစ္စည်းအသီးသီးကို ဝါကျ၌ သုံးပြပါ။
၅။ လုပ်ငန်း တစ်ခုပြီးတစ်ခု ဆောင်ရွက်ကြောင်း ဖော်ပြသည့် ကြိယာနှစ်ခုတွဲကို ကွက်လပ်၌ ဆီလျော်အောင် ဖြည့်ပါ။
(က) မောင်မောင်သည် မုန့်ဟင်းခါး ------------- သည်။
mgyoe.com

mgyoe.com SAMPLE BOOK

(ခ) မစံပယ်က သူရရှိသောဆုတံဆိပ်များကို ကျွန်တော့်အား ဗီရိုထဲမှ -------------- သည်။

(ဂ) သူသည် ရေကို ------------ သည်။

(ဃ) မိဘကို သားသမီးများက ------------- သည်။

၆။ အောက်ပါ ကြိယာ (၂) ခုစီကြား၌ လည်း၊ မြဲ၊ သာ ပစ္စည်းတစ်ခုခုကိုထည့်၍ ကွက်လပ်အသီးသီး၌ ဆီလျော်အောင် ဖြည့်ပါ။

- ချစ် . . . ချစ်၊ သနား . . . သနား။
  ကြီး . . . ကြီး။
- သွက်လက် . . . သွက်လက်။
- ဟောင် . . . ဟောင်။
- ကြောက် . . . ကြောက်၊ ရွံ . . . ရွံ။

(က) မလှသည် မြွေကို ----- သည်။ ------- သည်။

(ခ) ဤခွေးသည် ----- သည်၊ မကိုက်ပေ။

(ဂ) ဤမာလကာသီးသည် -------သည်။ အရသာ မရှိပေ။

(ဃ) ဘကြီးဖြိုးသည် ငယ်စဉ်ကကဲ့သို့ပင် -------- သည်။

(င) ဒေါ်မြသည် ခြေမသန်သောတူမငယ်ကို ------- သည်။ ---------- သည်။

၇။ ဖြစ်သည် ဟူသော ကြိယာဖြင့်ဖွဲ့သောဝါကျ၌ ယင်းကြိယာမပါဘဲ ဖွဲ့နိုင်ပုံကို သာဓကဝါကျသုံးခုဖြင့်ပြပါ။

## (င) လေ့ကျင့်ခန်းများ

၁။ (က) အောက်ပါ ကြိယာဝိသေသနအသီးသီးသည် အနက်အဓိပ္ပာယ်အရ မည်သည့်ကြိယာဝိသေသန ဖြစ်သနည်း။
ယဉ်ကျေးစွာ၊ ပြင်းထန်စွာ၊ များစွာ၊ အဘယ်မျှ၊ ခဏ။

(ခ) အောက်ပါ ကြိယာဝိသေသနအသီးသီးသည် ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့် ကြိယာဝိသေသန ဖြစ်သနည်း။
တိုင်တိုင်ပင်ပင်၊ အုံ့တုံ့တုံ့၊ ခပ်သွက်သွက်။

(ဂ) အောက်ပါ ကြိယာဝိသေသနအသီးသီးသည် မည်သည့် ကြိယာဝိသေသနအဆင့်၌ ပါသနည်း။
သာ၍လေးစားစွာ၊ ပျော်ရွှင်စွာ၊ အခင်မင်ဆုံး။

၂။ အောက်ပါ ကြိယာဝိသေသနအသီးသီး၌ မည်သည့်ပုဒ်များ ပါဝင်သနည်း။
မြောက်ထိုးပင့်ကော်၊ မေးထူးခေါ်ပြော၊ ခုန်ပေါက်ပြေးလွှား၊ ရေဆုံးရေဖျား။

၃။ အောက်ပါတို့ကို ကြိယာဝိသေသနအဖြစ် ဝါကျတစ်ခုစီ၌ သုံးပြပါ။
အမိ၊ အမြင့်၊ အလွတ်၊ အထူး၊ အရောက်။

၄။ အောက်ပါတို့ကို ကြိယာဝိသေသနအဖြစ် ဝါကျ၌ သုံးပြပါ။
တောင်စဉ်ရေမရ၊ ကျီးကန်းတောင်းမှောက်၊ ခြေမွေးမီးမလောင် လက်မွေးမီးမလောင်၊ ခွိုက်ထိုးခွက်လန်။

၅။ အောက်ပါ ပေါင်းစပ်ပုဒ်အသီးသီး၌ မည်သည့်ပုဒ်များ ပါဝင်ကြသနည်း။
ယင်းပေါင်းစပ်ပုဒ်အသီးသီးကို ကြိယာဝိသေသနအဖြစ် ဝါကျတစ်ခုစီ၌ သုံးပြပါ။
မျောက်က၊ မုဆိုးထိုင်၊ ကိုယ်တွေ့။

၆။ (က) အောက်ပါ ပုဒ်အသီးသီးကို ခနဲ ဟူသောပစ္စည်းနှင့်ဆက်၍ ကြိယာဝိသေသနအဖြစ် ဝါကျတစ်ခုစီ၌ သုံးပြပါ။
အေး၊ လက်၊ ဗုန်း၊ ဝေါ။

(ခ) အောက်ပါ နာမ်အသီးသီးကို လိုက် သို့မဟုတ် အလိုက် ပစ္စည်းတစ်ခုခုနှင့်ဆက်၍ ကြိယာဝိသေသနအဖြစ် ဝါကျတစ်ခုစီ၌ သုံးပြပါ။
အိတ်၊ ကျောင်း၊ ရပ်ကွက်၊ အကောင်။

mgyoe.com

mgyoe.com SAMPLE BOOK
၇။ အောက်ပါ ကြိယာဝိသေသနအသီးသီး၌ လိုအပ်သောစကားလုံးတွင် အောက်မြစ်ထည့်၍ ဝါကျတစ်ခုစီ၌ သုံးပြပါ။
မလုံတလုံ၊ မခိုင်တခိုင်၊ မထင်တထင်၊ မမှောင်တမှောင်။
၈။ အောက်ပါ ပုဒ်အသီးသီးကို အမေးကြိယာဝိသေသနအဖြစ် လည်းကောင်း၊ အမေးနာမဝိသေသနအဖြစ် လည်းကောင်း ဝါကျတစ်ခုစီ၌ သုံးပြပါ။
ဘယ်လောက်၊ မည်မျှ။
၉။ အောက်ပါ ကြိယာအသီးသီးကို နှစ်ကြိမ်ထပ်၍ ကြိယာဝိသေသနအဖြစ် ဝါကျ၌ သုံးပြပါ။
ချောင်း၊ ငုံ့၊ သွား၊ ထိုင်။
၁၀။ အောက်ပါ ပုဒ်အသီးသီးကို ကြိယာဝိသေသန၊ နာမ်၊ နာမဝိသေသနတစ်ခုခုအဖြစ် ဝါကျ၌ သုံးပြပါ။
အငယ်ဆုံး၊ အနီးဆုံး၊ အလှဆုံး၊ အခါးဆုံး၊ အမြင့်ဆုံး။
၁၁။ အောက်ပါ ကြိယာဝိသေသနအသီးသီးကို ဝါကျတစ်ခုစီ၌ သုံးပြပါ။
ထာဝစဉ်၊ အလွန်၊ ဒယိမ်းဒယိုင်၊ လှိုက်လှဲစွာ၊ ပျူပျူငှာငှာ။

## (စ) လေ့ကျင့်ခန်းများ

၁။ (က) အောက်ပါ ဝိဘတ်အသီးသီးသည် မည်သည့်နာမ်ဝိဘတ် ဖြစ်သနည်း။
ကာ၊ တိုင်တိုင်၊ ဖြင့်၊ မှာ။
(ခ) အောက်ပါ ဝိဘတ်အသီးသီးသည် မည်သည့် ကာလပြကြိယာဝိဘတ် ဖြစ်သနည်း။
သည်၊ ၏၊ ပြီ၊ လိမ့်မည်။
(ဂ) အောက်ပါ ဝိဘတ်အသီးသီးသည် မည်သည့် အမျိုးအစားပြကြိယာဝိဘတ် ဖြစ်သနည်း။
စေ၊ ပါရစေ၊ လော့၊ စို့။
၂။ အောက်ပါ နာမ်ဝိဘတ်အသီးသီးကို ဝါကျ၌ ဆီလျော်အောင်ဖြည့်ပါ။ ဖြည့်သော ဝိဘတ်သည် မည်သည့် နာမ်ဝိဘတ် ဖြစ်ကြောင်းကို ဝိုက်ကွင်း၌ ထည့်သွင်းပြပါ။
တိုင်အောင်၊ သို့၊ တွင်၊ နှင့်။
(က) သစ်ခုတ်သမားတို့သည် သစ်ပင်ကို လွှ-----------ဖြတ်ကြသည်။ ( )
(ခ) ကျောက်မျက်ရတနာတို့ ----------- စိန်သည် အမာဆုံးသည်။ ( )
(ဂ) ရန်ကုန်-မန္တလေး အမြန်ရထားသည် ပဲခူးဘူတာ-----------ခေတ္တရပ်သည်။ ( )
(ဃ) ကျွန်တော်တို့သည် ည (၆) နာရီ၌ အိမ်-----------ပြန်ရောက်ကြသည်။ ( )
(င) ပင်နီအင်္ကျီ ----------- လူကြီးသည် စကားပြော အလွန်ကောင်းသည်။ ( )
(စ) မောင်ချစ်ညိုသည် ည (၁၀) နာရီ ----------- စာဖတ်လေ့ ရှိသည်။ ( )
၃။ အောက်ပါ ဝါကျအသီးသီး၌ တစ်ခါတစ်ရံ မြုပ်၍ သုံးနိုင်သည့် နာမ်ဝိဘတ်ကို မျဉ်းသားပြပါ။
(က) လသည် သာသည်။
(ခ) ပထမဆုကို သူကချည်း နှစ်စဉ် ရပါသည်။
(ဂ) ကျွန်မသည် နံနက်တိုင်း ပန်းကို ခူးသည်။
(ဃ) သည်းခံခြင်းသည်သာလျှင် သင့်အတွက် အားကိုးရာ ဖြစ်ပါလိမ့်မည်။
၄။ အသုံးခံဖြစ်ကြောင်း ဖော်ပြလိုသည့်အခါတွင် နှင့် ဝိဘတ်ပါသော အသုံးခံပြပုဒ်ကို ဝါကျ၌ မည်သည့်နေရာတွင် ထားလေ့ရှိသနည်း။ သာဓကဝါကျ (၂) ခု ပြပါ။
၅။ အောက်ပါ ကြိယာအသီးသီးရှိ ဝိဘတ်ကို အမေးပစ္စည်း လား၊ လဲ၊ တုံး၊ နည်း၊ လို့လဲ တစ်ခုခုနှင့်တွဲ၍ သုံးပြပါ။ အသွင်ပြောင်းလဲသွားသည့် ကြိယာဝိဘတ်ကို မျဉ်းသားပြပါ။
(က) ပြောသည်။
(ခ) ဆာပြီ။
mgyoe.com

mgyoe.com SAMPLE BOOK

(ဂ) လာမည်။
(ဃ) ကစားသည်။
(င) ရောက်မည်။

## (ဆ) လေ့ကျင့်ခန်းများ

၁။ (က) အောက်ပါ သမ္ဗန္ဓအသီးသီးသည် ဆက်စပ်ပုံအရ မည်သည့်သမ္ဗန္ဓ ဖြစ်သနည်း။
နှင့်၊ ထို့ပြင်၊ သကဲ့သို့၊ ၍။
(ခ) အောက်ပါ သမ္ဗန္ဓအသီးသီးသည် အနက်အဓိပ္ပာယ်အရ မည်သည့် သမ္ဗန္ဓ ဖြစ်သနည်း။
သော်လည်း၊ သဖြင့်၊ နှင့်တစ်ပြိုင်နက်၊ သို့မဟုတ်။

၂။ အောက်ပါ ကွက်လပ်အသီးသီး၌ ဆီလျော်သော သမ္ဗန္ဓဖြည့်ပါ။ ဖြည့်သော သမ္ဗန္ဓသည် မည်သည့် သမ္ဗန္ဓ ဖြစ်ကြောင်း ဝိုက်ကွင်း၌ ဖော်ပြပါ။
(က) အဝါရောင် ---------- အပြာရောင်ကို ရောစပ်လျှင် အစိမ်းရောင် ဖြစ်လာသည်။ ( )
(ခ) ကျားသနား ---------- နွား ချမ်းသာမည်။ ( )
(ဂ) သူသည် ဗီရိုကိုဖွင့်--------- အကျီကို ရှာသည်။ ( )
(ဃ) လူဆိုးများသည် ရဲများကို မြင်သည် ----------- ထွက်ပြေးကြသည်။ ( )
(င) ဘောလုံးပွဲများကို မိုးရာသီ ရောက် ---------- ကြည့်ကြရမည်။ ( )
(စ) ကြောင်တစ်ကောင်သည် ရေအိုးစင်အနီး၌ ဝပ်--------ကြွက်ကို ချောင်းနေသည်။ ( )

၃။ အောက်ပါ ဝါကျရိုး (၂) ခုစီကို ဆီလျော်သော သမ္ဗန္ဓဖြင့် ဆက်ပြပါ။
(က) (၁) မောင်လှ၏ မိဘများသည် ဆင်းရဲကြသည်။
(၂) သူတို့သည် တင်းတိမ်ရောင့်ရဲကြသည်။
(ခ) (၁) မောင်ညိုလှသည် ကူညီတတ်သည်။
(၂) မောင်နီကလည်း ကူညီတတ်ပါသည်။
(ဂ) (၁) မြန်မာနိုင်ငံသည် နယ်ချဲ့တို့၏ လက်အောက်သို့ တစ်ခါက ကျရောက်ခဲ့သည်။
(၂) မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် စာပေတို့သည် မှေးမှိန်ခဲ့ရဖူးသည်။

## (ဇ) လေ့ကျင့်ခန်းများ

၁။ (က) အောက်ပါ ပစ္စည်းအသီးသီးသည် မည်သည့် နာမ်ပစ္စည်း ဖြစ်သနည်း။
ကဲ့သို့၊ ဖို့၊ ယောက်၊ များ၊ ခန့်၊ ဟယ်၊ တကာ၊ တည်းဟူသော၊ ပါ။
(ခ) အောက်ပါ ပစ္စည်းအသီးသီးသည် မည်သည့် ကြိယာပစ္စည်း ဖြစ်သနည်း။
နည်း၊ မ၊ မိ၊ ကုန်၊ နော်။
(ဂ) အောက်ပါ ပစ္စည်းအသီးသီးသည် မည်သည့် ပုဒ်ပြောင်းပစ္စည်း ဖြစ်သနည်း။
မှု၊ မည့်၊ ချည်-ချည်။

၂။ အောက်ပါ ဝါကျအသီးသီးရှိ နာမ်၊ နာမ်စား၊ ကြိယာတစ်ခုခုနှင့် တွဲထားသော ပစ္စည်းအသီးသီးကို မျဉ်းသားပြပါ။
(က) ဤအခန်း၌ လူ (၅၀) ကျော်လောက်သာ ဆံ့သည်။
(ခ) သူတို့မှသာ မကသေးပေ။
(ဂ) မိဘမေတ္တာသည် မြင်းမိုရ်တောင်မက ကြီးမားလှပါပေတော့သည်။

၃။ အောက်ပါ နာမ်အသီးသီးကို တွဲနိုင်သော မျိုးပြပစ္စည်း နှစ်မျိုးစီနှင့် တွဲပြပါ။
မြား၊ ဓား၊ လူ၊ စားပွဲ၊ ကြိုး။

mgyoe.com

mgyoe.com SAMPLE BOOK

၄။ အောက်ပါ နာမ်အသီးသီးကို မျိုးပြပစ္စည်းအဖြစ် သုံးပြပါ။
ရွာ၊ အိမ်၊ ကန်၊ မြစ်။

၅။ ကို ဟူသောစကားလုံးကို ကြိယာတူ (၂) ခုကြား၌ ထား၍လည်းကောင်း၊ နာမ်၊ နာမ်စားတို့၏ နောက်တွင် ထား၍လည်းကောင်း ပစ္စည်းအဖြစ် သုံးပြပါ။

၆။ များ သည် နာမ်၊ နာမ်စား၊ ကြိယာအသီးသီး၏ လေးနက်မှုကို ရည်ညွှန်းနိုင်ကြောင်း သာဓကဝါကျတစ်ခုစီဖြင့် ပြပါ။

၇။ တို့ ပစ္စည်းကို နာမ်စား (၄) ခုနှင့် တွဲ၍ သုံးပြပါ။

၈။ ပုဒ်ပြောင်းပစ္စည်းသည် ကြိယာနှင့် နာမဝိသေသနတို့ကို နာမ်၊ နာမဝိသေသန၊ ကြိယာဝိသေသနအဖြစ် ပြောင်းနိုင်ကြောင်း သာဓကပြပါ။

၉။ ဝါကျ၌ ကြိယာကိန်းညွှန်းပစ္စည်း မြှုပ်၍ သုံးနိုင်ပုံကို သာဓက (၃) ခု ပြပါ။

၁၀။ အောက်ပါ ဝါကျအသီးသီး၌ မျဉ်းသားထားသည့် ပစ္စည်းသည် နာမ်ထောက်ပစ္စည်းလော၊ ကြိယာထောက်ပစ္စည်းလော ဖြေပါ။

(က) (၁) သူသည် ဆေးကိုတော့ သောက်ရမှာ ကြောက်သည်။
(၂) ကလေးသည် မုန့်ရမှ အငိုတိတ်တော့သည်။

(ခ) (၁) လူတိုင်းပင် ချမ်းသာလိုကြသည်။
(၂) သူတို့ ပြန်သွားသည်ကို သိပင် မသိလိုက်ပါ။

(ဂ) (၁) သူ့ကိုတောင် မှာလိုက်ပါသေးသည်။
(၂) ကော်ဖီတွေ အေးတောင်ကုန်ပြီ။

## ဝါကျဆိုင်ရာ မေးခွန်းများ

၁။ အောက်ပါ နာမဝိသေသနနှင့် ကြိယာဝိသေသနအသီးသီးကို ဝါကျရိုးတစ်ခုစီ၌ သုံးပြပါ။
အေးမြသော၊ ပျော်ရွှင်စွာ၊ တဖြည်းဖြည်း၊ မြင့်မားသော၊ တရင်းတနှီး။

၂။ အောက်ပါ ပုဒ်စုအသီးသီးသည် ဝါကျရိုးတစ်ခုစီ၌ သုံးပြပါ။ မည်သည့် ပုဒ်စုအဖြစ် သုံးသည်ကိုလည်း ဖော်ပြပါ။
ကျွန်တော်၏ အစ်ကို၊ သာယာသော ညနေခင်း၊ မြန်မာ့ကျွန်းသစ်၊ ရေးဖို့ခဲတံ။

၃။ အောက်ပါဝါကျရောများမှ မြှုပ်ထားသည့် ကတ္တားပုဒ်နှင့် ကံပုဒ်တို့ကို ဖော်ပြပါ။

(က) လူတို့သည် ချီးမွမ်းမှုကိုနှစ်သက်သော်လည်း ကဲ့ရဲ့မှုကို စက်ဆုပ်ကြသည်။
(ခ) တောင်သူလယ်သမားတို့သည် ယခင်ကထက် စနစ်တကျ စိုက်ပျိုးလာကြသဖြင့် ကောက်ပဲသီးနှံများသည် အထွက်တိုးလာသည်။
(ဂ) ပြည်သူတို့သည် လမ်း၏ တစ်ဖက်တစ်ချက်တွင် ရပ်ကာ အောင်ပွဲရ စစ်သည်များကို ဝမ်းပန်းတသာ ကြိုဆိုနေကြသည်။
(ဃ) ဦးလေးသည် ကွင်းထဲက ကောက်ရိုးများကို လှည်းပေါ်သို့ တင်၍ ရွာသို့ ပြန်လာသည်။
(င) သူ အကြိမ်ကြိမ် သွေးသဖြင့် ဓားသည် အလွန်ထက်လာသည်။
(စ) သူငယ်ချင်းများက မကြာခဏ စတတ်သော်လည်း ကျွန်တော်က စိတ်မဆိုးမိပါ။

mgyoe.com

mgyoe.com SAMPLE BOOK

## မေးခွန်း ၁ (ခ) နှင့် ၁ (ဂ) အတွက်
## နားလည်မှုဆိုင်ရာ မေးခွန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ မေးခွန်းများ
## မြန်မာသဒ္ဒါ အတွဲ (၂) အခန်း (၆)၊ စာမျက်နှာ (၅၁ မှ ၆၀ အထိ) လေ့ကျင့်ခန်းများ

### ၁။ နာမ်ဆိုင်ရာ လေ့ကျင့်ခန်းများ

၁။ (က) **အောက်ပါ နာမ်အသီးသီးသည် အနက်အဓိပ္ပာယ်အရ မည်သည့် နာမ် ဖြစ်သနည်း။**

ပြည်သူ၊ သစ္စာ၊ ငါး၊ ရွှေဘို၊ ပန်း၊ အစည်းအရုံး၊ မောင်အေးချမ်း၊ သတ္တိ။

| | | | | | |
|---|---|---|---|---|---|
| ၁။ ပြည်သူ | - | အများဆိုင်နာမ် | ၅။ ပန်း | - | အများဆိုင်နာမ် |
| ၂။ သစ္စာ | - | စိတ္တဇနာမ် | ၆။ အစည်းအရုံး | - | အစုပြနာမ် |
| ၃။ ငါး | - | အများဆိုင်နာမ် | ၇။ မောင်အေးချမ်း | - | တစ်ဦးဆိုင်နာမ် |
| ၄။ ရွှေဘို | - | တစ်ဦးဆိုင်နာမ် | ၈။ သတ္တိ | - | စိတ္တဇနာမ် |

(ခ) **အောက်ပါ နာမ်အသီးသီးသည် ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့် နာမ် ဖြစ်သနည်း။**

ကောင်စီ၊ ဣန္ဒြေ၊ မှန်တင်ခုံ၊ ပေးကမ်းခြင်း၊ ကြမ်းတမ်းခြင်း၊ လက်ရွေးစင်၊ တွယ်တာစရာ၊ အအေး။

| | | | | | |
|---|---|---|---|---|---|
| ၁။ ကောင်စီ | - | ပင်ကိုနာမ် | ၅။ ကြမ်းတမ်းခြင်း | - | ဂုဏ်ရည်ပြနာမ် |
| ၂။ ဣန္ဒြေ | - | ပင်ကိုနာမ် | ၆။ လက်ရွေးစင် | - | ပေါင်းစပ်နာမ် |
| ၃။ မှန်တင်ခုံ | - | ပေါင်းစပ်နာမ် | ၇။ တွယ်တာစရာ | - | ကြိယာနာမ် |
| ၄။ ပေးကမ်းခြင်း | - | ကြိယာနာမ် | ၈။ အအေး | - | ဂုဏ်ရည်ပြနာမ် |

(ဂ) **အောက်ပါ နာမ်အသီးသီး၏ လိင်အမျိုးအစားကို ဖော်ပြပါ။**

ဦးအောင်ဇေယျ၊ မဒ္ဒီဒေဝီ၊ ရေ၊ မြွေ၊ ကျွန်မ၊ အစ်ကို၊ မီး၊ ထန်း။

| | | | | | |
|---|---|---|---|---|---|
| ၁။ ဦးအောင်ဇေယျ | - | ပုလ္လိင် | ၅။ ကျွန်မ | - | ဣတ္ထိလိင် |
| ၂။ မဒ္ဒီဒေဝီ | - | ဣတ္ထိလိင် | ၆။ အစ်ကို | - | ပုလ္လိင် |
| ၃။ ရေ | - | နပုလ္လိင် | ၇။ မီး | - | နပုလ္လိင် |
| ၄။ မြွေ | - | ဒွိလိင် | ၈။ ထန်း | - | ဒွိလိင် |

(ဃ) **အောက်ပါ နာမ်အသီးသီး၏ ကိန်းကို ဖော်ပြပါ။**

ညှော်သည်များ၊ စာအုပ်၊ ထီး၊ ငါတို့၊ စားပွဲများ။

| | | | | | |
|---|---|---|---|---|---|
| ၁။ ညှော်သည်များ | - | ဗဟုဝုစ်ကိန်း | ၄။ ငါတို့ | - | ဗဟုဝုစ်ကိန်း |
| ၂။ စာအုပ် | - | ဧကဝုစ်ကိန်း | ၅။ စားပွဲများ | - | ဗဟုဝုစ်ကိန်း |
| ၃။ ထီး | - | ဧကဝုစ်ကိန်း | | | |

(င) **အောက်ပါ ပေါင်းစပ်နာမ်တို့တွင် မည်သည့် နာမ်က အထူးပြုသနည်း။**

ကွမ်းကလပ်၊ ဝါးလက်ခုပ်၊ ဝါးခမောက်၊ မုန့်လက်ကောက်။

၁။ ကွမ်းကလပ် - (ရှေ့နာမ် ကွမ်းက နောက်နာမ် ကလပ်ကို အထူးပြုသည်။)

၂။ ဝါးလက်ခုပ် - (ရှေ့နာမ် ဝါးက နောက်နာမ် လက်ခုပ်ကို အထူးပြုသည်။)

၃။ ဝါးခမောက် - (ရှေ့နာမ် ဝါးက နောက်နာမ် ခမောက်ကို အထူးပြုသည်။)

၄။ မုန့်လက်ကောက် - (နောက်နာမ် လက်ကောက်က ရှေ့နာမ် မုန့်ကို အထူးပြုသည်။)

mgyoe.com

SAMPLE BOOK

၃။(က) အောက်ပါ ဂုဏ်ရည်ပြနာမ်အသီးသီးကို ကွက်လပ်တွင် ဆီလျော်အောင် ဖြည့်ပါ။
အထူး၊ အနွေး၊ အနေး၊ အကျဉ်း၊ အနု။
-----------ယာဉ်၊ ----------- အစည်းအဝေး၊ -----------ပညာ၊ -----------ထည်၊ -----------ထောင်။
အနေးယာဉ်၊ အထူးအစည်းအဝေး၊ အနုပညာ၊ အနွေးထည်၊ အကျဉ်းထောင်။

(ခ) အောက်ပါ ကြိယာနာမ်အသီးသီးကို ကွက်လပ်တွင် ဆီလျော်အောင် ဖြည့်ပါ။
အစုန်၊ အပြန်၊ အမှာ၊ အစမ်း၊ အလုပ်။
-----------ခရီး၊ -----------ရထား၊ -----------စကား၊ -----------စာမေးပွဲ၊ -----------သမား။
အပြန်ခရီး၊ အစုန်ရထား၊ အမှာစကား၊ အစမ်းစာမေးပွဲ၊ အလုပ်သမား။

၄။ အချို့နာမ်သည် မည်သည့်ပစ္စည်းနှင့် တွဲခြင်းဖြင့် အပေါင်းအစုကို ရည်ညွှန်းဖော်ပြသနည်း။ သာဓက (၂) ခု ပြပါ။
ကျောင်းသားတို့၊ ကျောင်းသူတို့။

၅။ ကို၊ အား၊ ကြောင့်၊ အတွက်၊ ဖို့ ဝိဘတ် တစ်ခုခု တွဲခြင်းဖြင့် သံရှည်အဆုံးရှိသောနာမ်တွင် အောက်မြစ်ထည့်လေ့ရှိပုံကို သာဓကပြပါ။

| | | | | | |
|---|---|---|---|---|---|
| ၁။ | မောင်မောင် | + | ကို | = | မောင်မောင့်ကို။ |
| ၂။ | ငယ်ငယ် | + | အား | = | ငယ်ငယ့်အား။ |
| ၃။ | ကျော်ကျော် | + | ကြောင့် | = | ကျော်ကျော့်ကြောင့် |
| ၄။ | မော်မော် | + | အတွက် | = | မော်မော့်အတွက် |
| ၅။ | သူသူ | + | ဖို့ | = | သူသူ့ဖို့။ |

၆။ အောက်ပါ နာမ်အသီးသီးကို အခြားနာမ်တစ်ခုခုနှင့်ပေါင်းစပ်သောအခါ အ,ဖြုတ်လေ့ရှိပုံကို သာဓကပြပါ။

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ဆေး | + | အရောင် | = | ဆေးရောင် | ၅။ | လူ | + | အရုပ် | = | လူရုပ် |
| ၂။ | သရက် | + | အပင် | = | သရက်ပင် | ၆။ | ပန်း | + | အနံ့ | = | ပန်းနံ့ |
| ၃။ | သစ် | + | အရွက် | = | သစ်ရွက် | ၇။ | နှီး | + | အကြော | = | နှီးကြော |
| ၄။ | ကြက် | + | အသား | = | ကြက်သား | | | | | | |

## ၂။ နာမ်စားဆိုင်ရာ လေ့ကျင့်ခန်းများ

၁။(က) အောက်ပါ နာမ်စားအသီးသီးသည် နာမ်စား (၄) မျိုးအနက် မည်သည့်အမျိုးအစား ဖြစ်သနည်း။
အချို့၊ အဘယ်၊ ထို၊ ကျွန်ုပ်၊ သည်၊ သင်း၊ အားလုံး၊ မည်သူ။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | အချို့ | = | သင်္ချာနာမ်စား | ၅။ | သည် | = | အညွှန်းနာမ်စား |
| ၂။ | အဘယ် | = | အမေးနာမ်စား | ၆။ | သင်း | = | ပုဂ္ဂလနာမ်စား |
| ၃။ | ထို | = | အညွှန်းနာမ်စား | ၇။ | အားလုံး | = | သင်္ချာနာမ်စား |
| ၄။ | ကျွန်ုပ် | = | ပုဂ္ဂလနာမ်စား | ၈။ | မည်သူ | = | အမေးနာမ်စား |

(ခ) အောက်ပါ နာမ်စားအသီးသီးသည် ပုဂ္ဂလနာမ်စား (၃) မျိုးအနက် မည်သည့်အမျိုးအစား ဖြစ်သနည်း။
ကျွန်မ၊ သူ၊ သင်၊ ငါ၊ ညည်း၊ သင်း။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | ကျွန်မ | = | ပြောသူနာမ်စား | ၄။ | ငါ | = | ပြောသူနာမ်စား |

m.g.yoe.com

mgyoe.com SAMPLE BOOK

၂။ သူ - အပြောခံနာမ်စား
၃။ သင် - အညွှန်းနာမ်စား
၅။ ညည်း - ကြားနာသူနာမ်စား
၆။ သင်း - အပြောခံနာမ်စား

(ဂ) အောက်ပါ နာမ်စားအသီးသီးသည် သချာနာမ်စား (၂) မျိုးတွင် မည်သည့် အမျိုးအစား ဖြစ်သနည်း။
ခြောက်ယောက်၊ အနည်းငယ်၊ အားလုံး၊ သုံးချပ်။
၁။ ခြောက်ယောက် - အရေအတွက်ပြ သချာနာမ်စား
၂။ အနည်းငယ် - ပမာဏပြ သချာနာမ်စား
၃။ အားလုံး - ပမာဏပြ သချာနာမ်စား
၄။ သုံးချပ် - အရေအတွက်ပြ သချာနာမ်စား

၂။ သူ ဟူသော နာမ်စားကို ယောကျ်ား၊ မိန်းမ၊ တိရစ္ဆာန်တို့ အစား သုံးနိုင်ကြောင်း သာဓကပြပါ။
(၁) မောင်စိုးထွန်းနှင့် ကျွန်မသည် သူငယ်ချင်းများ ဖြစ်သည်။ သူ သည် လိမ္မာသည်။ (သူ - ယောကျ်ား)
(၂) ကျွန်မနှင့် မနှင်းဆီသည် ခင်မင်ကြပါသည်။ သူသည် ချစ်စရာကောင်းသည်။ (သူ - မိန်းမ)
(၃) အောင်နက်သည် လိမ္မာသော ခွေးတစ်ကောင် ဖြစ်သည်။ သူ သည် ခြံဝင်းကို စောင့်ရှောက်သည်။ (သူ - တိရစ္ဆာန်)

၃။ အောက်တွင် ပေးထားသော စကားလုံးအသီးသီးကို ကွက်လပ်တွင် ဆီလျော်အောင် ဖြည့်ပါ။ ဖြည့်သော စကားလုံးသည် အညွှန်းနာမ်စား သို့မဟုတ် အညွှန်းနာမဝိသေသန ဖြစ်ကြောင်း ဖော်ပြပါ။
အချို့၊ ဘာ၊ မည်သည့်၊ ယင်း၊ အားလုံး၊ နှစ်ကောင်၊ ၎င်း။
(က) ခေါင်းဆောင်ဖြစ်ချင်ရင် --------- ကျင့်ဝတ်ကို စောင့်ထိန်းရမလဲ။
ဘာ - အမေးနာမဝိသေသန
(ခ) ကျွဲ --------- ခတ်ရာ မြေစာပင် မခံနိုင်။
နှစ်ကောင် - သချာနာမဝိသေသန
(ဂ) ကျောင်းသား --------- အတန်းထဲ၌ ငြိမ်သက်စွာ ထိုင်နေကြသည်။
အားလုံး - သချာနာမဝိသေသန
(ဃ) ---------သည် ကြင်နာသနားတတ်သည်။
၎င်း - အညွှန်းနာမ်စား
(င) ---------ကား ပညာရှိတို့၏ အဆိုအမိန့်တည်း။
ယင်း - အညွှန်းနာမ်စား
(စ) ---------က ဒူးရင်းသီးကို မကြိုက်ပေ။
အချို့ - သချာနာမ်စား
(ဆ) မြန်မာနိုင်ငံတွင် ---------အရပ်၌ မိုးအများဆုံးရွာသနည်း။
မည်သည့် - အမေးနာမဝိသေသန

၄။ နာမ်စား (၅) ခုကို နာမ်ဝိဘတ်တစ်ခုစီနှင့် တွဲပြပါ။
သူ့ကို၊ ကျွန်မ၏၊ မောင်မောင့်ဖို့၊ ကျွန်တော့်အား၊ ဘဦးကြောင့်။
၅။ မည်သည့်ဝိဘတ်နှင့် တွဲလျှင် အောက်ပါနာမ်စားတို့၌ အောက်မြစ်ထည့်လေ့ ရှိသနည်း။
ငါ၊ သင်၊ ရှင်၊ နင်၊ သူ။
(က) ငါ ငါ့အတွက်

mgyoe.com

mgyoe.com SAMPLE BOOK

(ခ) သင် — သင့်အား
(ဂ) ရှင် — ရှင့်ကြောင့်
(ဃ) နင် — နင့်ဖို့
(င) သူ — သူ့ကို

၆။ အောက်ပါ ဝါကျများ၌ ပါဝင်သော 'တို့' ဟူသောစကားလုံးသည် ပစ္စည်း၊ သို့မဟုတ် နာမ်စား ဖြစ်ကြောင်း ဖော်ပြပါ။
(က) တို့ကော မလိုက်ရဘူးလား။ (နာမ်စား)
(ခ) ငါတို့လဲ ရောက်ဖူးပါတယ် (ပစ္စည်း)
(ဂ) တို့သိသမျှ တို့ ပြောပြမယ် (နာမ်စား)
(ဃ) ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားကြရမယ်။ (ပစ္စည်း)

## ၃။ နာမဝိသေသန

၁။(က) အောက်ပါ နာမဝိသေသနအသီးသီးသည် အနက်အဓိပ္ပာယ်အရ မည်သည့် နာမဝိသေသန ဖြစ်သနည်း။
အခြား၊ ပေါ်များစွာ၊ စတုတ္ထအကြိမ်၊ ခြောက်ယောက်၊ ထို၊ ရိုးသားသော။

၁။ အခြား - အညွှန်းနာမဝိသေသန
၂။ ခြောက်ယောက် - အရေအတွက်ပြ သချ်ာနာမဝိသေသန
၃။ ပေါ်များစွာ - ဂုဏ်ရည်ပြ နာမဝိသေသန
၄။ ထို - အညွှန်းနာမဝိသေသန
၅။ ရိုးသားသော - ဂုဏ်ရည်ပြနာမဝိသေသန
၆။ စတုတ္ထအကြိမ် - အစဉ်ပြ သချ်ာနာမဝိသေသန

(ခ) အောက်ပါ နာမဝိသေသနအသီးသီးသည် မည်သည့် သချ်ာနာမဝိသေသန ဖြစ်သနည်း။
များစွာသော၊ အကြိမ် (၂၀) မြောက်၊ နှစ်ခု။

၁။ များစွာသော - ပမာဏပြ သချ်ာနာမဝိသေသန
၂။ အကြိမ် (၂၀) မြောက် - အစဉ်ပြ သချ်ာနာမဝိသေသန
၃။ နှစ်ခု - အရေအတွက်ပြ သချ်ာနာမဝိသေသန

(ဂ) အောက်ပါ နာမဝိသေသနအသီးသီးသည် ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့် နာမဝိသေသန ဖြစ်သနည်း။
နူးညံ့ပျော့ပျောင်း၊ ဖွဲကောင်း၊ ချွေး၊ မွှေး

၁။ နူးညံ့ပျော့ပျောင်း - ပေါင်းစပ်နာမဝိသေသန
၂။ ဖွဲကောင်း - ပေါင်းစပ်နာမဝိသေသန
၃။ ချွေး - ပင်ကိုနာမဝိသေသန
၄။ မွှေး - ပင်ကိုနာမဝိသေသန

(ဃ) အောက်ပါ နာမဝိသေသနအသီးသီးသည် မည်သည့် နာမဝိသေသနအဆင့်တွင် ပါဝင်သနည်း။
အလှဆုံး၊ သာယာသော၊ ပို၍ ဆန်းသစ်သော၊ ကြမ်းတမ်းသော။

၁။ အလှဆုံး - အသာလွန်ဆုံးအဆင့်
၂။ သာယာသော - သာမန်အဆင့်

mgyoe.com

mgyoe.com SAMPLE BOOK

၃။ ပို၍ဆန်းသစ်သော - သာလွန်အဆင့်
၄။ ကြမ်းတမ်းသော - သာမန်အဆင့်

၂။ အောက်ပါ နာမဝိသေသနအသီးသီးကို အ၊ မှု၊ ခြင်း ဟူသော ပစ္စည်း တစ်ခုခုနှင့်ဆက်၍ ဂုဏ်ရည်ပြဖြစ်အောင် ဖွဲ့စည်းပြပါ။

ငြိမ်းချမ်း၊ ချော၊ နီ၊ သွက်လက်၊ ဖြောင့်၊ ပါးနပ်၊ ကြမ်း၊ ရှည်။

| | | | | | | |
|---|---|---|---|---|---|---|
| ၁။ | ငြိမ်းချမ်း | + | မှု | - | ငြိမ်းချမ်းမှု |
| ၂။ | အ | + | ချော | - | အချော |
| ၃။ | အ | + | နီ | - | အနီ |
| ၄။ | သွက်လက် | + | ခြင်း | - | သွက်လက်ခြင်း |
| ၅။ | အ | + | ဖြောင့် | - | အဖြောင့် |
| ၆။ | ပါးနပ် | + | မှု | - | ပါးနပ်မှု |
| ၇။ | အ | + | ကြမ်း | - | အကြမ်း |
| ၈။ | အ | + | ရှည် | - | အရှည် |

၃။ အောက်ပါ နာမဝိသေသနအသီးသီးကို နှစ်ကြိမ်ထပ်ခြင်းဖြင့် ဖြစ်စေ၊ စွာ၊ တရ၊ အ-တ၊ ရရွှန်း ပစ္စည်းတစ်ခုခု ဆက်ခြင်းဖြင့် ဖြစ်စေ၊ ကာရန်လိုက်ခြင်းဖြင့် ဖြစ်စေ ကြိယာဝိသေသန ဖြစ်အောင် ဖွဲ့စည်းပြပါ။

ပူပြင်း၊ ကောင်း၊ လှပ၊ ကြမ်း၊ ရွှန်း၊ စိမ်း၊ ပြာ။

| | | | | | |
|---|---|---|---|---|---|
| ၁။ | ပူပြင်း | + | အ-တ | - | အပူတပြင်း |
| ၂။ | ကောင်း | + | စွာ | - | ကောင်းစွာ |
| ၃။ | လှပ | + | စွာ | - | လှပစွာ |
| ၄။ | တရ | + | ကြမ်း | - | တရကြမ်း |
| ၅။ | ရွှန်း | + | ရရွှန်း | - | ရွှန်းရရွှန်း |
| ၆။ | စိမ်း | + | တိမ်းတိမ်း | - | စိမ်းတိမ်းတိမ်း |
| ၇။ | ပြာ | + | တာတာ | - | ပြာတာတာ |

၄။(က) အောက်ပါ နာမဝိသေသနအသီးသီးကို သော၊ သည့်၊ မည့် ပစ္စည်းတစ်ခုခုနှင့်တွဲ၍ နာမ်၊ သို့မဟုတ် နာမ်စား တစ်ခုစီရှေ့တွင် သုံးပြပါ။

မြင့်မား၊ ကျဉ်းမြောင်း၊ လိမ္မာ၊ ရိုးသား၊ ရှည်လျား၊ စိမ်းလန်း။

၁။ <u>မြင့်မား</u>သော တောင်
၂။ <u>ကျဉ်းမြောင်း</u>သည့် လမ်း
၃။ <u>လိမ္မာ</u>မည့် ကလေး
၄။ <u>ရိုးသား</u>သော လုပ်သား
၅။ <u>ရှည်လျား</u>သည့် လမ်း
၆။ <u>စိမ်းလန်း</u>သော တောအုပ်

(ခ) အောက်ပါ ကွက်လပ်အသီးသီး၌ ဆီလျော်သောနာမ်ကို ဖော်ပြပါ။

-----------အချို့၊ -----------ယဉ်ကျေး၊ -----------နှစ်စင်း၊ -----------အားလုံး။

၁။ ကျောင်းသူအချို့။
၂။ လူယဉ်ကျေး။

mgyoe.com

mgyoe.com SAMPLE BOOK

၃။ ကားနှစ်စင်း

၄။ ဆရာအားလုံး။

(ဂ) အောက်ပါ ကွက်လပ်အသီးသီးတွင် ဆီလျော်သော ကြိယာ ဖြည့်ပါ။

(၁) တမာရွက်သည် ခါးသည်။

(၂) ယဉ်ကျေးသောသူ၏ အမူအရာသည် နူးညံ့သည်။

(၃) ယနေ့ တိုက်ခတ်သော လေမုန်တိုင်းသည် အားနည်းသည်။

(၄) ဤမြက်ခင်းပြင်သည် စိမ်းစိုသည်။

(၅) စံပယ်ပန်း၏ ရနံ့သည် မွှေးပျံ့သည်။

၅။(က) အောက်ပါ ပေါင်းစပ်နာမဝိသေသနအသီးသီးတွင် မည်သည်က နာမဝိသေသန၊ မည်သည်က ဝိသေသျ ဖြစ်ကြောင်း ခွဲခြားပြပါ။

ဆန်အိတ်၊ ခွေးဘီလူး၊ တောဝက်၊ ညောင်မုတ်ဆိတ်။

| | | | | |
|---|---|---|---|---|
| (၁) | ဆန်အိတ် | - | ဆန် + အိတ် | |
| | | | နာမဝိသေသန | ဝိသေသျ |
| (၂) | ခွေးဘီလူး | - | ခွေး + ဘီလူး | |
| | | | ဝိသေသျ | နာမဝိသေသန |
| (၃) | တောဝက် | - | တော + ဝက် | |
| | | | နာမဝိသေသန | ဝိသေသျ |
| (၄) | ညောင်မုတ်ဆိတ် | - | ညောင် + မုတ်ဆိတ် | |
| | | | ဝိသေသျ | နာမဝိသေသန |

(ခ) အောက်ပါ အသာလွန်အဆင့် နာမဝိသေသနအသီးသီးကို နာမ်အဖြစ် လည်းကောင်း၊ နာမဝိသေသနအဖြစ် လည်းကောင်း ဝါကျ၌ သုံးပြပါ။

အသွက်လက်ဆုံး၊ အငယ်ဆုံး၊ အလှဆုံး။

နာမ်အဖြစ် ဝါကျ၌သုံးခြင်း

၁။ ကျွန်မတို့ ကျောင်းတွင် ကျောင်းသူများထဲ၌ အသွက်လက်ဆုံးမှာ မသီတာ ဖြစ်သည်။

၂။ ကျွန်တော်တို့ ကျောင်းတွင် ကျောင်းသားများထဲ၌ အငယ်ဆုံးမှာ မျိုးမင်း ဖြစ်သည်။

၃။ ကျွန်တော်တို့ ကျောင်းတွင် မိန်းကလေးများထဲ၌ အလှဆုံးမှာ ထက်ထက်ခိုင် ဖြစ်သည်။

၆။(က) အောက်ပါ ပုဒ်အသီးသီးကို နာမဝိသေသနအဖြစ်လည်းကောင်း၊ နာမ်စားအဖြစ်လည်းကောင်း ဝါကျ၌ သုံးပြပါ။

နှစ်ခု၊ အနည်းငယ်၊ ဘာ၊ ဤ။

နာမဝိသေသနအဖြစ် ဝါကျ၌ သုံးပြခြင်း

၁။ မောင်မောင်သည် မုန့် နှစ်ခု ဝယ်လာသည်။

၂။ ထမင်းချိုင့်ထဲတွင် ဟင်းအနည်းငယ် ကျန်သည်။

၃။ သူ ဘာ ကြိုက်သနည်း။

၄။ ဤ လမ်းထဲတွင် မိတ္တူဆိုင် ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

<u>နာမ်စားအဖြစ် ဝါကျဖွဲ့ သုံးပြခြင်း</u>

၁။ မောင်မောင်သည် မုန့်များ ဝယ်လာရာ <u>နှစ်ခု</u>မှာ ကျွန်တော့်အတွက် ဖြစ်သည်။
၂။ ထမင်းချိုင့်ထဲရှိ ဟင်းများထဲမှ <u>အနည်းငယ်</u>ကို ကျွန်တော် စားလိုက်သည်။
၃။ ဆိုင်ထဲရှိ မုန့်များထဲမှ <u>ဘာ</u>ကို ကြိုက်သလဲ။
၄။ စကားပြော ကြမ်းသည့် တပည့်ကို <u>ဤသို့</u> မပြောဆိုသင့်ဟု ဆရာက ပြောသည်။

(ခ) အောက်ပါ ပုဒ်အသီးသီးကို နာမဝိသေသနအဖြစ်လည်းကောင်း၊ ကြိယာဝိသေသနအဖြစ်လည်းကောင်း ဝါကျဖွဲ့၍ သုံးပြပါ။

အဘယ်မျှလောက်၊ မည်မျှ၊ ဘယ်လောက်။

<u>နာမဝိသေသန၊ ကြိယာဝိသေသနအဖြစ် ဝါကျဖွဲ့ သုံးပြခြင်း</u>

၁။ သင်သည် တစ်နေ့လျှင် ထမင်းကို <u>အဘယ်မျှလောက်</u>ကို စားသနည်း။ (အမေးနာမဝိသေသန)
၂။ သင်သည် တစ်နေ့လျှင် ရေကို <u>မည်မျှလောက်</u> သောက်သနည်း။ (အမေးကြိယာဝိသေသန)
၃။ သင်သည် တစ်ရက်လျှင် ငွေ<u>ဘယ်လောက်</u> သုံးသနည်း။ (အမေးနာမဝိသေသန)

## ၄။ ကြိယာဆိုင်ရာ လေ့ကျင့်ခန်းများ

၁။(က) အောက်ပါ ကြိယာအသီးသီးသည် အနက်အဓိပ္ပာယ်အရ မည်သည့်ကြိယာ ဖြစ်သနည်း။
ရှိ၊ ဆွတ်ခြွေ၊ တိုက်ခတ်၊ နှိမ်နင်း၊ တည်ရှိ။

၁။ ရှိ - ရှိခြင်းပြကြိယာ
၂။ ဆွတ်ခြွေ - ပြုခြင်းပြကြိယာ
၃။ တိုက်ခတ် - ဖြစ်ခြင်းပြကြိယာ
၄။ နှိမ်နင်း - ပြုခြင်းပြကြိယာ
၅။ တည်ရှိ - ရှိခြင်းပြကြိယာ

(ခ) အောက်ပါ ကြိယာအသီးသီးသည် ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့်ကြိယာ ဖြစ်သနည်း။
ခုန် (သည်)၊ ငြိမ့်ညောင်း (သည်)၊ ပြေးလွှား (သည်)၊ စက်ချုပ် (သည်)၊ ဖြောင့်တန်း (သည်)။

၁။ ခုန် (သည်) - ပင်ကိုပြကြိယာ
၂။ ငြိမ့်ညောင်း (သည်) - ဂုဏ်ရည်ပြကြိယာ
၃။ ပြေးလွှား (သည်) - ပေါင်းစပ်ကြိယာ
၄။ စက်ချုပ် (သည်) - ပေါင်းစပ်ကြိယာ
၅။ ဖြောင့်တန်း (သည်) - ဂုဏ်ရည်ပြကြိယာ

၂။ အောက်ပါကြိယာအသီးသီးသည် ကြိယာထောက်ပစ္စည်းအဖြစ် ဝါကျဖွဲ့၍သုံးပြပါ။
ထား၊ ပစ်၊ သွား၊ သင့်၊ မိ။

၁။ ထား - ဖေဖေသည် သူ၏ဝင်ငွေများထဲမှ ပိုလျှံသောငွေများကို ဘဏ်တွင် စု<u>ထား</u>သည်။
၂။ ပစ် - မုဆိုးသည် သုဝဏ္ဏသာမဘုရားလောင်းကို သမင်ထင်၍ လေးဖြင့်မှား<u>ပစ်</u>သည်။
၃။ သွား - မောင်မောင်သည် သူ၏သူငယ်ချင်းဖြစ်သူ မောင်ဘ၏အလှူတွင် တတ်နိုင်သမျှ ကူညီ<u>သွား</u>သည်။
၄။ သင့် - လူတိုင်း ကွန်ပျူတာပညာကို တတ်<u>သင့်</u>သည်။
၅။ မိ - ကိုကိုသည် သတိလက်လွတ်ဖြစ်ပြီး မပြောသင့်သောစကားကို ပြော<u>မိ</u>သည်။

mgyoe.com

mgyoe.com SAMPLE BOOK

၃။ အောက်ပါကြိယာတို့မှ ပေါင်းစပ်နိုင်သော ကြိယာတို့ကို ပေါင်းစပ်၍ ဝါကျ၌ ဆီလျော်အောင် ဖြည့်ပါ။
ဆုံးမ၊ ဝေဖန်၊ ဆင်ခြင်၊ သွန်သင်၊ အားပေး၊ သုံးသပ်၊ ရိုသေ၊ လွမ်းဆွတ်၊ လေးစား၊ တမ်းတ၊ အားထား၊ သတိရ။
(က) ခွဲခွာခဲ့ရသော သူငယ်ချင်းများအား ကျွန်တော်သည် လွမ်းဆွတ်တမ်းတ သတိရသည်။
(ခ) မိမိ ပြုခဲ့သော အမှားမျိုးကို နောင်တွင် မပြုမိစေရန် ဝေဖန်သုံးသပ်ဆင်ခြင်ရမည်။
(ဂ) ဦးကြီးသည် ရပ်ကွက်တွင်းရှိ လူငယ်များကို အမြဲပင် ဆုံးမသွန်သင်အားပေးသည်။
(ဃ) လူငယ်များအား လူကြီးကို ရိုသေလေးစား အားထားကြသည်။

၄။ ကြ၊ ကုန်၊ ကြကုန် ဟူသော ကြိယာပစ္စည်းအသီးသီးကို ဝါကျ၌ သုံးပြပါ။
(၁) အောင်မြင်ကြီးပွားလိုသူတိုင်း ဝီရိယရှိကြသည်။
(၂) ဦးဘ၏ သားသမီးများ ဆယ်တန်းအောင်ကုန်ပြီ။
(၃) နွေရာသီတွင် လူများ အပန်းဖြေကြကုန်၏။

၅။ လုပ်ငန်းတစ်ခုပြီးတစ်ခု ဆောင်ရွက်ကြောင်း ဖော်ပြသည့် ကြိယာနှစ်ခုတွဲကို ကွက်လပ်၌ ဆီလျော်အောင် ဖြည့်ပါ။
(က) မောင်မောင်သည် မုန့်ဟင်းခါးကို ကြိုက်နှစ်သက်သည်။
(ခ) မစံပယ်က သူ ရရှိသော ဆုတံဆိပ်များကို ကျွန်တော့်အား ဗီရိုထဲမှ ထုတ်ပြသည်။
(ဂ) ဖေဖေသည် ရေကို အမြဲတမ်း စစ်သောက်သည်။
(ဃ) မိဘကို သားသမီးများက ယုံကြည်အားကိုးကြသည်။

၆။ အောက်ပါ ကြိယာ (၂) ခုစီကြား၌ လည်း၊ မြဲ၊ သာ ပစ္စည်းတစ်ခုခုကို ထည့်၍ ကွက်လပ်အသီးသီး၌ ဆီလျော်အောင် ဖြည့်ပါ။
ချစ် . . ချစ်၊ သနား . . သနား၊ ကြီး . . ကြီး၊ သွက်လက် . . သွက်လက်၊ ဟောင် . . . ဟောင်၊ ကြောက် . . . ကြောက်၊ ရွံ့ . . ရွံ့။
(က) မလှသည် မြွေကို ကြောက်လည်းကြောက်သည်။ ရွံ့လည်းရွံ့ သည်။
(ခ) ဤခွေးသည် ဟောင်သာဟောင်သည်။ မကိုက်ပေ။
(ဂ) ဤမာလကာသီးသည် ကြီးသာကြီးသည်။ အရသာ မရှိပေ။
(ဃ) ဘကြီးဖြိုးသည် ငယ်စဉ်ကကဲ့သို့ပင် သွက်လက်မြဲသွက်လက်သည်။
(င) ဒေါ်မြသည် ခြေမသန်သော တူမငယ်ကို ချစ်လည်း ချစ်သည်။ သနားလည်း သနားသည်။

၇။ ဖြစ်သည် ဟူသော ကြိယာဖြင့် ဖွဲ့သောဝါကျ၌ ယင်းကြိယာမပါဘဲ ဖွဲ့နိုင်ပုံကို သာဓက ဝါကျသုံးခုဖြင့် ပြပါ။
(၁) ဗိုလ်ချုပ်အောင်ဆန်းကား တကယ့်ယောက်ျား (ဖြစ်သည်) တည်း။
(၂) ဗျည်းနဲ့ကား တကယ့်သူရဲကောင်း (ဖြစ်သည်) တည်း။
(၃) သခင်ကိုယ်တော်မှိုင်းကား မျိုးချစ်ပုဂ္ဂိုလ် (ဖြစ်သည်) တည်း။

## ၅။ ကြိယာဝိသေသနဆိုင်ရာ လေ့ကျင့်ခန်းနှင့်အဖြေများ

၁။(က) အောက်ပါ ကြိယာဝိသေသနအသီးသီးသည် အနက်အဓိပ္ပာယ်အရ မည်သည့် ကြိယာဝိသေသန ဖြစ်သနည်း။
ယဉ်ကျေးစွာ၊ ပြင်းထန်စွာ၊ များစွာ၊ အဘယ်မျှ၊ ခဏ။
၁။ ယဉ်ကျေးစွာ - အမူအရာပြ ကြိယာဝိသေသန
၂။ ပြင်းထန်စွာ - အခြေအနေပြ ကြိယာဝိသေသန

mgyoe.com

mgyoe.com SAMPLE BOOK

၃။ များစွာ - ပမာဏပြ ကြိယာဝိသေသန
၄။ အဘယ်မျှ - အမေး ကြိယာဝိသေသန
၅။ ခဏ - အချိန်ပြ ကြိယာဝိသေသန

(ခ) အောက်ပါ ကြိယာဝိသေသနအသီးသီးသည် ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့် ကြိယာဝိသေသန ဖြစ်သနည်း။
တိုင်တိုင်ပင်ပင်၊ အံ့တံ့တံ့၊ ခပ်သွက်သွက်။
၁။ တိုင်တိုင်ပင်ပင် - နှစ်ကြိမ်ထပ် ကြိယာဝိသေသန
၂။ အံ့တံ့တံ့ - ကာရန်လိုက် ကြိယာဝိသေသန
၃။ ခပ်သွက်သွက် - ပစ္စည်းဆက် ကြိယာဝိသေသန

(ဂ) အောက်ပါ ကြိယာဝိသေသနအသီးသီးသည် မည်သည့် ကြိယာဝိသေသနအဆင့်၌ ပါသနည်း။
သာ၍လေးစားစွာ၊ ပျော်ရွှင်စွာ၊ အခင်မင်ဆုံး။
၁။ သာ၍လေးစားစွာ - သာလွန်အဆင့်
၂။ ပျော်ရွှင်စွာ - သာလွန်အဆင့်
၃။ အခင်မင်ဆုံး - အသာလွန်ဆုံးအဆင့်

၂။ အောက်ပါ ကြိယာဝိသေသနအသီးသီး၌ မည်သည့် ပုဒ်များ ပါဝင်သနည်း။
မြှောက်ထိုးပင့်ကော်၊ မေးထူးခေါ်ပြော၊ ခုန်ပေါက်ပြေးလွှား၊ ရေဆုံးရေဖျား။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁။ မြှောက်ထိုးပင့်ကော် | - | ကြိယာ | + | ကြိယာ | + | ကြိယာ | + | ကြိယာ |
| ၂။ မေးထူးခေါ်ပြော | - | ကြိယာ | + | ကြိယာ | + | ကြိယာ | + | ကြိယာ |
| ၃။ ခုန်ပေါက်ပြေးလွှား | - | ကြိယာ | + | ကြိယာ | + | ကြိယာ | + | ကြိယာ |
| ၄။ ရေဆုံးရေဖျား | - | နာမ် | + | နာမ် | + | နာမ် | + | နာမ် |

၃။ အောက်ပါတို့ကို ကြိယာဝိသေသနအဖြစ် ဝါကျတစ်ခုစီ၌ သုံးပြပါ။
အမိ၊ အမြင့်၊ အလွတ်၊ အထူး၊ အရောက်။
၁။ ရဲသည် သူခိုးကို အမိဖမ်းသည်။
၂။ သိမ်းငှက်သည် ကောင်းကင်ထဲတွင် အမြင့်ပျံနိုင်သည်။
၃။ မအေးအေးသည် စာကို အလွတ်ကျက်လေ့ ရှိသည်။
၄။ ထွန်းထွန်းသည် အင်္ဂလိပ်စာဘာသာရပ်ကို အထူးစိတ်ဝင်စားသည်။
၅။ ချောတိုင်တက်ကလေးများသည် ထိပ်ဖျားအထိ အရောက်တက်ကြပါသည်။

၄။ အောက်ပါတို့ကို ကြိယာဝိသေသနအဖြစ် ဝါကျ၌ သုံးပြပါ။
တောင်စဉ်ရေမရ၊ ကျီးကန်းတောင်းမှောက်၊ ခြေမွေးမီးမလောင် လက်မွေးမီးမလောင်၊ ခွက်ထိုးခွက်လန်။
၁။ ပျင်းရိသောသူများသည် စကားကို တောင်စဉ်ရေမရ ပြောလေ့ ရှိသည်။
၂။ မြန်မာလူမျိုးတို့သည် ဗြိတိသျှစစ်အုပ်ချုပ်ရေးလက်အောက်တွင် ကျီးကန်းတောင်းမှောက် နေခဲ့ရပါသည်။
၃။ ချမ်းသာသောမိဘတိုင်းသည် သားသမီးများကို ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ထားကြပါသည်။
၄။ မောင်မောင်သည် ရယ်စရာပြောလျှင် ခွက်ထိုးခွက်လန် ရယ်မောလေ့ရှိသူဖြစ်သည်။

mgyoe.com

m g y o e . c o m SAMPLE EBOOK
၅။ အောက်ပါ ပေါင်းစပ်ပုဒ်အသီးသီး၌ မည်သည့်ပုဒ်များ ပါဝင်ကြသနည်း။ ယင်းပေါင်းစပ်ပုဒ်အသီးသီးကို ကြိယာဝိသေသနအဖြစ် ဝါကျတစ်ခုစီ၌ သုံးပြပါ။

မျောက်က၊ မုဆိုးထိုင်၊ ကိုယ်တွေ့။

၁။ မျောက်က - နာမ် + ကြိယာ

မောင်မောင်သည် ကျောင်းကထိန်ပွဲတွင် မျောက်က ကသည်။

၂။ မုဆိုးထိုင် - နာမ် + ကြိယာ

မောင်မောင်သည် ငှက်ကို မုဆိုးထိုင်ထိုင်၍ လေးခွနှင့် ပစ်သည်။

၃။ ကိုယ်တွေ့ - နာမ် + ကြိယာ

စကားချိုသောသူများကို သတိထားရသည်မှာ ကျွန်တော်၏ကိုယ်တွေ့ ဖြစ်ပါသည်။

၆။(က) အောက်ပါ ပုဒ်အသီးသီးကို ခနဲ ဟူသော ပစ္စည်းဆက်၍ ကြိယာဝိသေသနအဖြစ် ဝါကျ၌ သုံးပြပါ။

အေး၊ လက်၊ ဗုန်း၊ ဝေါ။

၁။ ချားရဟတ်စီးလျှင် ရင်ထဲ၌ အေးခနဲ ခံစားရသည်။

၂။ မိုးအခါတွင် ကောင်းကင်၌ လျှပ်ပြက်သည်ကို လက်ခနဲ တွေ့ရှိရပါသည်။

၃။ မမသည် ဒေါသထွက်ပြီး လွယ်အိတ်ကို ဗုန်းခနဲ ပစ်ချလိုက်ပါသည်။

၄။ အမြန်ရထား မောင်းသွားသော အသံကို ဝေါခနဲ ကြားလိုက်ရပါသည်။

(ခ) အောက်ပါ နာမ်အသီးသီးကို လိုက်၊ သို့မဟုတ် အလိုက် ပစ္စည်းတစ်ခုခုနှင့်ဆက်၍ ကြိယာဝိသေသနအဖြစ် ဝါကျတစ်ခုစီ၌ သုံးပြပါ။

အိတ်၊ ကျောင်း၊ ရပ်ကွက်၊ အကောင်။

၁။ ဒေါ်လေးသည် ဆန်ကို အိတ်လိုက် ဝယ်လေ့ ရှိသည်။

၂။ အားကစားပြိုင်ပွဲများကို ကျောင်းအလိုက် ကျင်းပလေ့ ရှိသည်။

၃။ ကထိန်ပွဲများကို ရပ်ကွက်အလိုက် ကျင်းပလေ့ ရှိပါသည်။

၄။ ပျော်ပွဲစားထွက်သူများသည် ငါးကို အကောင်လိုက် ကင်ကြပါသည်။

၇။ အောက်ပါ ကြိယာဝိသေသနအသီးသီး၌ လိုအပ်သောစကားလုံးတွင် အောက်မြစ်ထည့်၍ ဝါကျတစ်ခုစီ၌ သုံးပြပါ။

မလုံတလုံ၊ မခိုင်တခိုင်၊ မထင်တထင်၊ မမှောင်တမှောင်။

၁။ ဘဦးတို့အိမ်သည် စီးပွားရေးမပြေလည်သောကြောင့် ခေါင်မိုးကို မလုံ့တလုံ မိုးထားရပါသည်။

၂။ လယ်စောင့်တဲကလေးသည် ဝါးလုံးတိုင်ဖြင့် ဆောက်ထားသောကြောင့် မခိုင့်တခိုင် ဖြစ်နေပါသည်။

၃။ ပုဂံဘုရားများရှိ နံရံဆေးရေးပန်းချီများသည် မထင့်တထင် ဖြစ်နေပါသည်။

၄။ မီးပျက်သွားသောအခါတွင် အလင်းရောင် မှိန်သွားပြီး မမှောင့်တမှောင် ဖြစ်နေတတ်သည်။

၈။ အောက်ပါ ပုဒ်အသီးသီးသည် အမေးကြိယာဝိသေသနအဖြစ် လည်းကောင်း၊ အမေးနာမဝိသေသနအဖြစ် လည်းကောင်း ဝါကျ တစ်ခုစီ၌ သုံးပြပါ။

ဘယ်လောက်၊ မည်မျှ။

အမေးကြိယာဝိသေသနအဖြစ် ဝါကျ၌ သုံးပြခြင်း။

၁။ သင်သည် တစ်နေ့လျှင် ထမင်းကို ဘယ်လောက် စားသလဲ။ (အမေးကြိယာဝိသေသန)

၂။ သင်သည် တစ်နေ့လျှင် ရေကို မည်မျှ သောက်သနည်း။ (အမေးကြိယာဝိသေသန)

m g y o e . c o m

mgyoe.com SAMPLE BOOK

အမေးနာမဝိသေသနအဖြစ် ဝါကျတစ်ခုစီ၌ သုံးပြခြင်း။

၁။ သင်သည် တစ်နေ့လျှင် ထမင်းဘယ်လောက်ကို စားသလဲ။ (အမေးနာမဝိသေသန)

၂။ သင်သည် တစ်နေ့လျှင် ရေ မည်မျှကို သောက်သနည်း။ (အမေးနာမဝိသေသန)

၉။ အောက်ပါ ကြိယာအသီးသီးကို နှစ်ကြိမ်ထပ်၍ ကြိယာဝိသေသနအဖြစ် ဝါကျ၌ သုံးပြပါ။
ချောင်၊ ငုံ၊ သွား၊ ထိုင်။

၁။ မင်းသိန်းတို့ မိသားစုသည် စီးပွားရေး အဆင်ပြေသောကြောင့် ချောင်ချောင်လည်လည် နေထိုင်ကြသည်။

၂။ ကျောင်းသားများသည် ဆရာများရှေ့တွင် ငုံ့ငုံ့၍ သွားကြပါသည်။

၃။ ကျွန်မနှင့် မိုးမိုးတို့သည် ခင်မင်ကြသူများ ဖြစ်သောကြောင့် စားစားသွားသွား နေလေ့ရှိပါသည်။

၄။ မောင်မောင်သည် လမ်းသွားလမ်းလာများကို ဝရန်တာမှနေ၍ ထိုင်ထိုင် ကြည့်နေပါသည်။

၁၀။ အောက်ပါပုဒ်အသီးသီးကို ကြိယာဝိသေသန၊ နာမ်၊ နာမဝိသေသန တစ်ခုခုအဖြစ် ဝါကျ၌ သုံးပြပါ။
အငယ်ဆုံး၊ အလှဆုံး၊ အနီးဆုံး၊ အခါးဆုံး၊ အမြင့်ဆုံး။

(က) ကြိယာဝိသေသနအဖြစ် ဝါကျ၌သုံးပြခြင်း

၁။ မမသည် သရက်ပင်မှ သရက်သီးကို အငယ်ဆုံး ခူးယူသည်။

၂။ လှလှသည် ယနေ့တွင် အလှဆုံး ဖြင်ဆင်ထားပါသည်။

၃။ ကျွန်မတို့အိမ်သည် ကျောင်းနှင့် အနီးဆုံးဖြစ်သည်။

၄။ တမာသီးသည် အသီးများထဲတွင် အခါးဆုံး ဖြစ်သည်။

၅။ ကမ္ဘာပေါ်ရှိ တောင်များထဲတွင် ဧဝရက်တောင်သည် အမြင့်ဆုံး ဖြစ်သည်။

(ခ) နာမ်အဖြစ် ဝါကျ၌သုံးပြခြင်း

၁။ ကျွန်တော်တို့ အတန်းထဲတွင် အငယ်ဆုံးမှာ မျိုးမင်း ဖြစ်သည်။

၂။ ကျွန်မတို့ ကျောင်းတွင် အလှဆုံးမှာ ကြူကြူဟန် ဖြစ်သည်။

၃။ ကျွန်မတို့ ကျောင်းနှင့် အနီးဆုံးမှာ ကျွန်မတို့အိမ် ဖြစ်သည်။

၄။ အသီးများထဲတွင် အခါးဆုံးမှာ ကြက်ဟင်းခါးသီး ဖြစ်သည်။

၅။ ကမ္ဘာပေါ်ရှိ တောင်များထဲတွင် အမြင့်ဆုံးမှာ ဧဝရက်တောင် ဖြစ်ပါသည်။

(ဂ) နာမဝိသေသနအဖြစ် ဝါကျ၌သုံးပြခြင်း

၁။ ကျွန်တော်တို့ ကျောင်း၏ အငယ်ဆုံးကျောင်းသားမှာ မျိုးမင်း ဖြစ်သည်။

၂။ ကျွန်မတို့ ကျောင်း၏ အလှဆုံးကျောင်းသူမှာ ကြူကြူဟန် ဖြစ်သည်။

၃။ ကျွန်မတို့ ကျောင်းနှင့် အနီးဆုံးအိမ်မှာ ကျွန်မအိမ် ဖြစ်သည်။

၄။ ကျွန်မ စားဖူးသော အခါးဆုံး အသီးမှာ ကြက်ဟင်းခါးသီး ဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံရှိ အမြင့်ဆုံးတောင်မှာ ခါကာဘိုရာဇီတောင် ဖြစ်ပါသည်။

၁၁။ အောက်ပါ ကြိယာဝိသေသနအသီးသီးကို ဝါကျတစ်ခုစီ၌ သုံးပြပါ။
ထာဝစဉ်၊ အလွန်၊ ဒယိမ်းဒယိုင်၊ လှိုက်လှဲစွာ၊ ပျူပျူငှာငှာ။

၁။ မောင်မောင်သည် ဆရာသမားကို ထာဝစဉ် လေးစားသည်။

၂။ လမ်းလျှောက်ခြင်းသည် ကျန်းမာရေးအတွက် အလွန် အသုံးဝင်ပါသည်။

၃။ အရက်မူးသမားသည် လမ်းမပေါ်တွင် ဒယိမ်းဒယိုင် လမ်းလျှောက်လာသည်။

၄။ ကမ္ဘာလှည့်ခရီးသွားများကို မြန်မာလူမျိုးတို့သည် လှိုက်လှဲစွာ ကြိုဆိုပါသည်။

၅။ ကိုကိုအောင်သည် လူတစ်ဖက်သားကို ပျူပျူငှာငှာ ဆက်ဆံတတ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## ၆။ ဝိဘတ်ဆိုင်ရာ လေ့ကျင့်ခန်းနှင့်အဖြေများ

၁။(က) အောက်ပါ ဝိဘတ်အသီးသီးသည် မည်သည့် နာမ်ဝိဘတ် ဖြစ်သနည်း။
က၊ တိုင်တိုင်၊ ဖြင့်၊ မှာ။

| | | | |
|---|---|---|---|
| ၁။ | က | - | ကတ္တားဝိဘတ် (နေရာပြ၊ အချိန်ပြ၊ ထွက်ခွာရာပြဝိဘတ်) |
| ၂။ | တိုင်တိုင် | - | နေရာဆက်တိုက်ပြဝိဘတ် (အချိန်ဆက်တိုက်ပြဝိဘတ်) |
| ၃။ | ဖြင့် | - | အသုံးခံပြဝိဘတ် (အကြောင်းပြဝိဘတ်) |
| ၄။ | မှာ | - | ကတ္တားဝိဘတ်၏ နေရာပြဝိဘတ် (အချိန်ပြဝိဘတ်) |

(ခ) အောက်ပါ ဝိဘတ်အသီးသီးသည် မည်သည့် ကာလပြကြိယာဝိဘတ် ဖြစ်သနည်း။
သည်၊ ၏၊ ပြီ၊ လိမ့်မည်။

| | | | |
|---|---|---|---|
| ၁။ | သည် | - | ပစ္စုပ္ပန်ကာလပြကြိယာဝိဘတ်၊ အတိတ်ကာလပြကြိယာဝိဘတ်။ |
| ၂။ | ၏ | - | ပစ္စုပ္ပန်ကာလပြကြိယာဝိဘတ်၊ အတိတ်ကာလပြကြိယာဝိဘတ်။ |
| ၃။ | ပြီ | - | ပစ္စုပ္ပန်ကာလပြကြိယာဝိဘတ်၊ အတိတ်ကာလပြကြိယာဝိဘတ်။ |
| ၄။ | လိမ့်မည် | - | အနာဂတ်ကာပြကြိယာဝိဘတ်။ |

(ဂ) အောက်ပါ ဝိဘတ်အသီးသီးသည် မည်သည့် အမျိုးအစား ကြိယာဝိဘတ် ဖြစ်သနည်း။
စေ၊ ပါရစေ၊ လော့၊ စို့။

| | | | |
|---|---|---|---|
| ၁။ | စေ | - | အမိန့်ချဝိဘတ်။ |
| ၂။ | ပါရစေ | - | ဆန္ဒညွှန်ဝိဘတ်။ |
| ၃။ | လော့ | - | စေခိုင်းဝိဘတ်။ |
| ၄။ | စို့ | - | ညှိနှိုင်းဝိဘတ်။ |

၂။ အောက်ပါ နာမ်ဝိဘတ်အသီးသီးကို ဝါကျ၌ ဆီလျော်အောင် ဖြည့်ပါ။ ဖြည့်သော ဝိဘတ်သည် မည်သည့် နာမ်ဝိဘတ် ဖြစ်ကြောင်းကို ဝိုက်ကွင်း၌ ထည့်သွင်းပြပါ။
တိုင်အောင်၊ သို့၊ တွင်၊ နှင့်။

(က) သစ်ခုတ်သမားတို့သည် သစ်ပင်ကို လွှနှင့် ဖြတ်ကြသည်။ (အသုံးခံပြဝိဘတ်)
(ခ) ကျောက်မျက်ရတနာတို့တွင် စိန်သည် အမာဆုံး ဖြစ်သည်။ (ခွဲထုတ်ရာပြဝိဘတ်)
(ဂ) ရန်ကုန်-မန္တလေး အမြန်ရထားသည် ပဲခူးဘူတာတွင် ခေတ္တရပ်သည်။ (နေရာပြဝိဘတ်)
(ဃ) ကျွန်တော်တို့သည် ည (၆) နာရီ၌ အိမ်သို့ ပြန်ရောက်ကြသည်။ (ဆိုက်ရောက်ရာပြဝိဘတ်)
(င) ပင်နီအင်္ကျီနှင့် လူကြီးသည် စကားပြောအလွန်ကောင်းသည်။ (ယှဉ်တွဲပြဝိဘတ်)
(စ) မောင်ချစ်ညိုသည် ည (၁၀) နာရီတိုင်အောင် စာဖတ်လေ့ ရှိသည်။ (အချိန်ဆက်တိုက်ပြဝိဘတ်)

၃။ အောက်ပါ ဝါကျအသီးသီး၌ တစ်ခါတစ်ရံမြုပ်၍ သုံးနိုင်သည့် နာမ်ဝိဘတ်ကို မျဉ်းသားပြပါ။
(က) လ သည် သာသည်။
(ခ) ပထမဆုကို သူကချည်း နှစ်စဉ် ရပါသည်။
(ဂ) ကျွန်မသည် နံနက်တိုင်း ပန်းကို ခူးသည်။
(ဃ) သည်းခံခြင်းသည်သာလျှင် သင့်အတွက် အားကိုးရာ ဖြစ်ပါလိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

၄။ အသုံးခံ ဖြစ်ကြောင်း ဖော်ပြလိုသည့်အခါတွင်နှင့် ဝိဘတ်ပါသော အသုံးခံပြပုဒ်ကို ဝါကျ၌ မည်သည့်နေရာတွင် ထားလေ့ ရှိသနည်း။ သာဓက ဝါကျ (၂) ခု ပြပါ။

၁။ မောင်မောင်သည် ခွေးကို တုတ်နှင့် ရိုက်သည်။

၂။ ကျွန်တော်သည် စာကို ဘောပင်နှင့် ရေးသည်။

၅။ အောက်ပါ ကြိယာအသီးသီးရှိ ဝိဘတ်ကို အမေးပစ္စည်း လား၊ လဲ၊ တုံး၊ နည်း၊ လို့လဲ တစ်ခုခုနှင့်တွဲ၍ သုံးပြပါ။ အသွင်ပြောင်းလဲသွားသည့် ကြိယာဝိဘတ်ကို မျဉ်းသားပြပါ။

(က) ပြောသည်။ (က) သူ ဘာပြောသတုံး။

(ခ) ဆာပြီ။ (ခ) မင်း ထမင်းဆာပြီလား။

(ဂ) လာမည်။ (ဂ) သူ ဘယ်နေ့ လာမလဲ။

(ဃ) ကစားသည်။ (ဃ) မင်း ဘယ်သူနှင့် ကစားသနည်း။

(င) ရောက်မည်။ (င) သူ ဘယ်ကို သွားမလို့လဲ။

## ၇။ သမ္ဗန္ဓဆိုင်ရာ လေ့ကျင့်ခန်းနှင့်အဖြေများ

၁။(က) အောက်ပါ သမ္ဗန္ဓအသီးသီးသည် ဆက်စပ်ပုံအရ မည်သည့်သမ္ဗန္ဓ ဖြစ်သနည်း။
နှင့်၊ ထို့ပြင်၊ သကဲ့သို့၊ ၍။

၁။ နှင့် - ပုဒ်ဆက်သမ္ဗန္ဓ။

၂။ ထို့ပြင် - အဓိပ္ပာယ်ဆက်သမ္ဗန္ဓ။

၃။ သကဲ့သို့ - ဝါကျဆက်သမ္ဗန္ဓ။

၄။ ၍ - ဝါကျဆက်သမ္ဗန္ဓ။

(ခ) အောက်ပါ သမ္ဗန္ဓအသီးသီးသည် အနက်အဓိပ္ပာယ်အရ မည်သည့်သမ္ဗန္ဓ ဖြစ်သနည်း။
သော်လည်း၊ သဖြင့်၊ နှင့်တစ်ပြိုင်နက်၊ သို့မဟုတ်။

၁။ သော်လည်း - ဆန့်ကျင်ပြ သမ္ဗန္ဓ။

၂။ သဖြင့် - အကြောင်းပြသမ္ဗန္ဓ။

၃။ နှင့်တစ်ပြိုင်နက် - အချိန်ပြသမ္ဗန္ဓ။

၄။ သို့မဟုတ် - ရွေးချယ်ပြသမ္ဗန္ဓ။

၂။ အောက်ပါ ကွက်လပ်အသီးသီး၌ ဆီလျော်သော သမ္ဗန္ဓ ဖြည့်ပါ။ ဖြည့်သော သမ္ဗန္ဓသည် မည်သည့် သမ္ဗန္ဓ ဖြစ်ကြောင်း ဝိုက်ကွင်း၌ ဖော်ပြပါ။

(က) အဝါရောင် <u>နှင့်</u> အပြာရောင် ရောစပ်လျှင် အစိမ်းရောင် ဖြစ်လာသည်။ (ပေါင်းစည်းပြသမ္ဗန္ဓ)

(ခ) ကျားသနား မှ နွား ချမ်းသာမည်။ (ကန့်သတ်ချက်ပြသမ္ဗန္ဓ)

(ဂ) သူသည် ဗီရိုကို ဖွင့်၍ အကျီကို ရှာသည်။ (တစ်ခုပြီးတစ်ခုပြသမ္ဗန္ဓ)

(ဃ) လူဆိုးများသည် ရဲများ မြင်သည်<u>နှင့်တစ်ပြိုင်နက်</u> ထွက်ပြေးကြသည်။ (အချိန်ပြသမ္ဗန္ဓ)

(င) ဘောလုံးပွဲများကို မိုးရာသီ ရောက်<u>လျှင်</u> ကြည့်ကြရမည်။ (ကန့်သတ်ချက်ပြ သမ္ဗန္ဓ)

(စ) ကြောင်တစ်ကောင်သည် ရေဘုံးစင်အနီး၌ ဝပ်လျက် ကြွက်များကို ချောင်းနေသည်။ (တစ်ပြိုင်နက်ပြသမ္ဗန္ဓ)

mgyoe.com

mgyoe.com SAMPLE BOOK

၃။ အောက်ပါ ဝါကျစုံး (၂) ခုစီကို ဆီလျော်သော သမ္ဗန္ဓဖြင့် ဆက်ပြပါ။

(က) (၁) မောင်လှ၏ မိဘများ ဆင်းရဲကြသည်။
(၂) သူတို့သည် တင်းတိမ်ရောင့်ရဲကြသည်။
မောင်လှ၏ မိဘများသည် ဆင်းရဲကြသော်လည်း သူတို့သည် တင်းတိမ်ရောင့်ရဲကြသည်။

(ခ) (၁) မောင်ညိုလှသည် ကူညီတတ်သည်။
(၂) မောင်နီကလည်း ကူညီတတ်သည်။
မောင်ညိုလှသည် ကူညီတတ်သကဲ့သို့ မောင်နီကလည်း ကူညီတတ်ပါသည်။

(ဂ) (၁) မြန်မာနိုင်ငံသည် နယ်ချဲ့တို့၏ လက်အောက်သို့ တစ်ခါက ကျရောက်ခဲ့သည်။
(၂) မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် စာပေတို့သည် မှေးမှိန်ခဲ့ရဖူးသည်။
မြန်မာနိုင်ငံသည် နယ်ချဲ့တို့လက်အောက်သို့ တစ်ခါက ကျရောက်ခဲ့သဖြင့် မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် စာပေတို့သည် မှေးမှိန်ခဲ့ရဖူးသည်။

## ၈။ ပစ္စည်းဆိုင်ရာ လေ့ကျင့်ခန်းနှင့်အဖြေများ

၁။(က) အောက်ပါ ပစ္စည်းအသီးသီးသည် မည်သည့် နာမ်ပစ္စည်း ဖြစ်သနည်း။
ကဲ့သို့၊ ဖို၊ ဖို့၊ ယောက်၊ များ၊ ခန့်၊ ဟယ်၊ တကာ၊ တည်းဟူသော၊ ပါ။

၁။ ကဲ့သို့ - ဥပမာပစ္စည်း။
၂။ ဖို - လိင်ညွှန်းပစ္စည်း။
၃။ ဖို့ - ကြိယာနာမ်ပုဒ်ပြောင်းပစ္စည်း။
၄။ ယောက် - မျိုးပြပစ္စည်း။
၅။ များ - ကိန်းညွှန်းပစ္စည်း။
၆။ ခန့် - သချာလေးနက်ပစ္စည်း။
၇။ ဟယ် - အာလုပ်ပစ္စည်း။
၈။ တကာ - ဝိစ္ဆာပစ္စည်း။
၉။ တည်းဟူသော - ရူပကပစ္စည်း။
၁၀။ ပါ - နာမ်ထောက်ပစ္စည်း။

(ခ) အောက်ပါ ပစ္စည်းအသီးသီးသည် မည်သည့် ကြိယာပစ္စည်း ဖြစ်သနည်း။
နည်း၊ မ၊ မိ၊ ကုန်၊ နော်။

၁။ နည်း - အမေးပစ္စည်း။
၂။ မ - အငြင်းပစ္စည်း။
၃။ မိ - ကြိယာထောက်ပစ္စည်း။
၄။ ကုန် - ကိန်းညွှန်းပစ္စည်း။
၅။ နော် - ဝါကျနောက်လိုက်ပစ္စည်း။

(ဂ) အောက်ပါ ပစ္စည်းအသီးသီးသည် မည်သည့် ပုဒ်ပြောင်းပစ္စည်း ဖြစ်သနည်း။
မှု၊ မည့်၊ ချည်. . ချည်။

၁။ မှု - နာမ်ပုဒ်ပြောင်းပစ္စည်း။
၂။ မည့် - နာမဝိသေသနပုဒ်ပြောင်းပစ္စည်း။
၃။ ချည်. . . ချည် - ကြိယာဝိသေသနပုဒ်ပြောင်းပစ္စည်း။

mgyoe.com

mgyoe.com SAMPLE BOOK

၂။ အောက်ပါ ဝါကျအသီးသီးရှိ နာမ်၊ နာမ်စား၊ ကြိယာတစ်ခုခုနှင့် တွဲထားသော ပစ္စည်းအသီးသီးကို မျဉ်းသားပြပါ။

(က) ဤအခန်းတွင် လူ (၅၀) ကျော်လောက်သာ ဆံ့သည်။

(ခ) သူတို့မှာသာမကသေးပေ။

(ဂ) မိဘမေတ္တာသည် မြင်းမိုရ်တောင်မက ကြီးမားလှပါတော့သည်။

၃။ အောက်ပါ နာမ်အသီးသီးကို တွဲနိုင်သော မျိုးပြပစ္စည်း နှစ်မျိုးစီနှင့် တွဲပြပါ။

မြား၊ ဓား၊ လူ၊ စားပွဲ၊ ကြိုး။

၁။ မြား သုံးစင်း ၊ မြား သုံးချောင်း

၂။ ဓား တစ်လက် ၊ ဓား နှစ်ချောင်း

၃။ လူ သုံးယောက် ၊ လူ လေးဦး

၄။ စားပွဲ တစ်လုံး ၊ စားပွဲ နှစ်ခု

၅။ ကြိုး နှစ်ချောင်း ၊ ကြိုးတစ်မျှင်

၄။ အောက်ပါ နာမ်အသီးသီးကို မျိုးပြပစ္စည်းအဖြစ် သုံးပြပါ။

ရွာ၊ အိမ်၊ ကန်၊ မြစ်။

၁။ ရွာ နှစ်ရွာ

၂။ အိမ် နှစ်အိမ်

၃။ ကန် နှစ်ကန်

၄။ မြစ် တစ်မြစ်

၅။ ကို ဟူသောစကားလုံးကို ကြိယာတူ နှစ်ခုကြား၌ ထား၍ လည်းကောင်း၊ နာမ်၊ နာမ်စားတို့၏ နောက်တွင် ထား၍ လည်းကောင်း ပစ္စည်းအဖြစ် သုံးပြပါ။

၁။ စားကို စားရမယ်။

၂။ သူကိုက တော်နေတာ။

၃။ အကြောင်းကံကိုက ပေါင်းဖို့ဖန်နေတာ။

၆။ များ သည် နာမ်၊ နာမ်စား၊ ကြိယာအသီးသီး၏ လေးနက်မှုကို ရည်ညွှန်းနိုင်ကြောင်း ဝါကျတစ်ခုစီဖြင့် ပြပါ။

၁။ မေမေများ သိသွားရင် စိတ်ဆိုးမှာပဲ။

၂။ ငါများ မပြောလိုက်ချင်ဘူး။

၃။ ဝေးများ ဝေးသွားရင် စိတ်မကောင်းစရာဘဲ။

၇။ တို့ ပစ္စည်းကို နာမ်စား (၄) ခုနှင့် တွဲ၍ သုံးပြပါ။

၁။ သူတို့

၂။ ယင်းတို့

၃။ ကျွန်တော်တို့

၄။ ခင်ဗျားတို့

၈။ ပုဒ်ပြောင်းပစ္စည်း ကြိယာနှင့် နာမဝိသေသနတို့ကို နာမ်၊ နာမဝိသေသန၊ ကြိယာဝိသေသနအဖြစ် ပြောင်းနိုင်ကြောင်း သာဓက ပြပါ။

၁။ ချစ်ခင် (ကြိယာ) + မှု (ပစ္စည်း) = ချစ်ခင်မှု (နာမ်)

၂။ ချစ်ခင် (ကြိယာ) + သော (ပစ္စည်း) = ချစ်ခင်သော (နာမဝိသေသန)

mgyoe.com

၃။ ချစ်ခင် (ကြိယာ) + စွာ (ပစ္စည်း) - ချစ်ခင်စွာ (ကြိယာဝိသေသန)
၄။ ကောင်း(နာမဝိသေသန)+ မှု (ပစ္စည်း) - ကောင်းမှု (နာမဝိသေသန)
၅။ ကောင်း (နာမဝိသေသန)+ သော (ပစ္စည်း) - ကောင်းသော (နာမဝိသေသန)
၆။ ကောင်း (နာမဝိသေသန)+ စွာ (ပစ္စည်း) - ကောင်းစွာ (ကြိယာဝိသေသန)

၉။ ဝါကျ၌ ကြိယာကိန်းညွှန်းပစ္စည်း မြှုပ်၍ သုံးနိုင်ပုံကို သာဓက (၃) ခု ပြပါ။
၁။ ကျောင်းသားများ လာကြသည်။
ကျောင်းသားများ လာသည်။
၂။ မိဘစကားကို နားထောင်ပါကုန်လော့။
မိဘစကားကို နားထောင်ပါလော့။
၃။ တိုင်းရင်းသားအားလုံး ညီညွတ်ကြပါကုန်လော့။
တိုင်းရင်းသားအားလုံး ညီညွတ်ကြပါလော့။

၁၀။ အောက်ပါ ဝါကျအသီးသီး၌ မျဉ်းသားထားသော ပစ္စည်းသည် နာမ်ထောက်ပစ္စည်းလော၊ ကြိယာထောက်ပစ္စည်းလော ဖြေပါ။
(က) (၁) သူသည် ဆေးကိုတော့ သောက်ရမှာ ကြောက်သည်။ (နာမ်ထောက်ပစ္စည်း)
(၂) ကလေးသည် မုန့်ရမှ အငိုတိတ်တော့သည်။ (ကြိယာထောက်ပစ္စည်း)
(ခ) (၁) လူတိုင်းပင် ချမ်းသာလိုကြသည်။ (နာမ်ထောက်ပစ္စည်း)
(၂) သူတို့ ပြန်သွားသည်ကို သိပင် မသိလိုက်ပါ။ (ကြိယာထောက်ပစ္စည်း)
(ဂ) (၁) သူ့ကိုတောင် မှာလိုက်ပါသေးသည်။ (နာမ်ထောက်ပစ္စည်း)
(၂) ကော်ဖီတွေ အေးတောင်ကုန်ပြီ။ (ကြိယာထောက်ပစ္စည်း)

## ဝါကျဆိုင်ရာ လေ့ကျင့်ခန်းနှင့် အဖြေများ

၁။ အောက်ပါ နာမဝိသေသနနှင့် ကြိယာဝိသေသနအသီးသီးကို ဝါကျရိုးတစ်ခုစီ၌ သုံးပြပါ။
အေးမြသော၊ ပျော်ရွှင်သော၊ တဖြည်းဖြည်း၊ မြင့်မားသော၊ တရင်းတနှီး။
၁။ အေးမြသော မနက်ခင်း ဖြစ်သည်။
၂။ ကျောင်းသားများ ပျော်ရွှင်စွာ ကစားနေသည်။
၃။ ကားကို တဖြည်းဖြည်း မောင်းပါ။
၄။ ဝေရက်တောင်သည် မြင့်မားသောတောင် ဖြစ်သည်။
၅။ မောင်မောင်သည် လူတိုင်းနှင့် တရင်းတနှီး နေတတ်သည်။

၂။ အောက်ပါ ပုဒ်စုအသီးသီးကို ဝါကျရိုးတစ်ခုစီ၌ သုံးပြပါ။ မည်သည့် ပုဒ်စုအဖြစ် သုံးသည်ကိုလည်း ဖော်ပြပါ။
ကျွန်တော်၏ အစ်ကို၊ သာယာသော ညနေခင်း၊ မြန်မာ့ကျွန်းသစ်၊ ရေးဖို့ ခဲတံ။
၁။ ကျွန်တော်၏ အစ်ကိုမှာ ဆရာဝန် ဖြစ်သည်။ (ကတ္တားပုဒ်စု)
၂။ သာယာသော ညနေခင်းသည် ကြည်နူးစရာ ဖြစ်သည်။ (ကတ္တားပုဒ်စု)

mgyoe.com SAMPLE BOOK

၃။ ကမ္ဘာပေါ်တွင် မြန်မာ့ကျွန်းသစ်သည် အကောင်းဆုံး ဖြစ်သည်။ (ကံပုဒ်စု)

၄။ စာရေးရန် ရေးဖို့ ခဲတံတစ်ချောင်း ယူလာခဲ့ပါ။ (ကြိယာပုဒ်စု)

၃။ အောက်ပါ ဝါကျရေးများမှ မြုပ်ထားသည့် ကတ္တားပုဒ်နှင့် ကံပုဒ်တို့ကို ဖော်ပြပါ။

(က) လူတို့သည် ချီးမွမ်းမှုကို နှစ်သက်သော်လည်း ကဲ့ရဲ့မှုကို စက်ဆုပ်ကြသည်။

အဖြေ။ လူတို့သည် ချီးမွမ်းမှုကို နှစ်သက်သော်လည်း (လူတို့သည်) ကဲ့ရဲ့မှုကို စက်ဆုပ်ကြသည်။
လူတို့သည် (မြုပ်ထားသော ကတ္တားပုဒ်)

(ခ) တောင်သူလယ်သမားတို့သည် ယခင်ကထက် စနစ်တကျ စိုက်ပျိုးလာကြသဖြင့် ကောက်ပဲသီးနှံများသည် အထွက်တိုးလာသည်။

အဖြေ။ တောင်သူလယ်သမားတို့သည် (ကောက်ပဲသီးနှံများကို) ယခင်ကထက် စနစ်တကျ စိုက်ပျိုးလာကြသဖြင့် ကောက်ပဲသီးနှံများသည် အထွက်တိုးလာကြသည်။
ကောက်ပဲသီးနှံများကို (မြုပ်ထားသော ကံပုဒ်)

(ဂ) ပြည်သူတို့သည် လမ်း၏ တစ်ဖက်တစ်ချက်တွင် ရပ်ကာ အောင်ပွဲရစစ်သည်များကို ဝမ်းပန်းတသာ ကြိုဆိုနေကြသည်။

အဖြေ။ ပြည်သူတို့သည် လမ်း၏တစ်ဖက်တစ်ချက်တွင်ရပ်ကာ (ပြည်သူတို့သည်) အောင်ပွဲရစစ်သည်များကို ဝမ်းပန်းတသာ ကြိုဆိုနေကြသည်။
ပြည်သူတို့သည် (မြုပ်ထားသော ကတ္တားပုဒ်)

(ဃ) ဦးလေးသည် ကွင်းထဲက ကောက်ရိုးများကို လှည်းပေါ်သို့တင်၍ ရွာသို့ ပြန်လာသည်။

အဖြေ။ ဦးလေးသည် ကွင်းထဲက ကောက်ရိုးများကို လှည်းပေါ်သို့ တင်၍ (ဦးလေးသည်) ရွာသို့ ပြန်လာသည်။
ဦးလေးသည် (မြုပ်ထားသော ကတ္တားပုဒ်)

(င) သူ အကြိမ်ကြိမ် သွေးသဖြင့် ဓားသည် အလွန်ထက်လာသည်။

အဖြေ။ သူ (ဓားကို) အကြိမ်ကြိမ် သွေးသဖြင့် ဓားသည် အလွန်ထက်လာသည်။
ဓားကို (မြုပ်ထားသော ကံပုဒ်)

(စ) သူငယ်ချင်းများက မကြာခဏ စတတ်သော်လည်း ကျွန်တော်က စိတ်မဆိုးမိပါ။

အဖြေ။ သူငယ်ချင်းများက (ကျွန်တော့်ကို) မကြာခဏ စတတ်သော်လည်း ကျွန်တော်က (သူငယ်ချင်းများကို) စိတ်မဆိုးမိပါ။
ကျွန်တော့်ကို (မြုပ်ထားသော ကတ္တားပုဒ်)
သူငယ်ချင်းများကို (မြုပ်ထားသော ကံပုဒ်)

## ပုဒ် အထားအသို

### ၁။ ကတ္တားအထားအသို

၁။ ကတ္တားကို ဝါကျ၏အစ၌ဖြစ်စေ၊ ကြိယာ၏ ရှေ့၌ ကပ်လျက်ဖြစ်စေ ထားလေ့ ရှိသည်။

၂။ ကတ္တားသည် အခြားပုဒ်များကြောင့် ကြိယာနှင့် ကွာလှမ်းသွားသောအခါ ဆိုလိုသည့် အဓိပ္ပာယ် မရောက်ဘဲ လွဲမှားသွားတတ်သည်။ ယင်းသို့သော ဝါကျမျိုးတွင် ကတ္တားကို ကြိယာနှင့် နီးကပ်စွာ ထားရသည်။

mgyoe.com

### ၂။ နာမဝိသေသနအထားအသို

၁။ သော ပစ္စည်း ပါသည့် နာမဝိသေသနကို အထူးပြုခံနာမ်၏ရှေ့တွင် ထားလေ့ ရှိသည်။

၂။ သော၊ သည့် ပစ္စည်းပါသော နာမဝိသေသန၊ နာမဝိသေသနအဖြစ် သုံးသည့် က ဝိဘတ်ပါသော နေရာပြပုဒ်၊ အစဉ်ပြ သချာနာမဝိသေသနတို့ကို အထူးပြုခံနာမ်၏ ရှေ့တွင် ကပ်၍ ထားရသည်။

၃။ ကြိယာဝိသေသနအထားအသို

၁။ ကြိယာဝိသေသနကို ကြိယာ၏ ရှေ့တွင် ကပ်ထားလေ့ ရှိသည်။

၂။ ကြိယာဝိသေသနအဖြစ်သုံးသော 'က' ဝိဘတ်ပါသည့် အချိန်ပြပုဒ်နှင့် နေရာပြပုဒ် 'တွင်' ဝိဘတ်ပါသည့် နေရာပြပုဒ် 'နှင့်' ဝိဘတ်ပါသည့် အသုံးခံပြပုဒ် 'စွာ' ပစ္စည်းပါသည့် ကြိယာဝိသေသနပုဒ်တို့ကို ကြိယာ၏ ရှေ့တွင် ကပ်၍ ထားရသည်။

## လေ့ကျင့်ခန်းနှင့် အဖြေများ

၁။ ကတ္တားအထားအသို

(က) ဖိုးသာအောင်က တွေ့ရာကို ချိုဖြင့် လိုက်လံခတ်ကာ ရွာသားများကို အနှောင့်အယှက်ပေးနေသော ကျွဲရိုင်းကို ဖမ်းဆီးလိုက်သည်။

အဖြေ။ တွေ့ရာကို ချိုဖြင့် လိုက်လံခတ်ကာ ရွာသားများကို အနှောင့်အယှက်ပေးနေသော ကျွဲရိုင်းကို ဖိုးသာအောင်က ဖမ်းဆီးလိုက်သည်။

(ခ) ဆရာဝန်ကြီးများက ဆေးလိပ်ကို အလွန်အကျွံသောက်၍ အဆုတ်ရောဂါ ဖြစ်ကြသဖြင့် ဆေးလိပ်ကို မသောက်ရန် တားမြစ်ကြသည်။

အဖြေ။ ဆေးလိပ်ကို အလွန်အကျွံသောက်၍ အဆုတ်ရောဂါ ဖြစ်ကြသဖြင့် ဆေးလိပ်ကို မသောက်ကြရန် ဆရာဝန်ကြီးများက တားမြစ်ကြသည်။

(ဂ) ဒိုင်လူကြီးက ကြမ်းတမ်းစွာ ကစားသည့်ပြင် ပြိုင်ဘက်ကစားသမားများကို ဆဲဆို၊ ရန်စတတ်သော ဘောလုံးသမား ဖိုးတုတ်ကို ပြင်းထန်စွာ သတိပေးလိုက်သည်။

အဖြေ။ ကြမ်းတမ်းစွာ ကစားသည့်ပြင် ပြိုင်ဘက်ကစားသမားများကို ဆဲဆို ရန်စတတ်သော ဘောလုံးသမား ဖိုးတုတ်ကို ဒိုင်လူကြီးက ပြင်းထန်စွာ သတိပေးလိုက်သည်။

နာမဝိသေသန အထားအသို လေ့ကျင့်ခန်းများ

(က) ပေ (၃၀၀၀) မြင့်သော ပန်းသီးပင်များ စိုက်ပျိုးရန် တောင်တန်းတစ်ခုကို သက်ဆိုင်ရာက ရှာဖွေနေသည်။

အဖြေ။ ပန်းသီးပင်များ စိုက်ပျိုးရန် ပေ (၃၀၀၀) မြင့်သော တောင်တန်းတစ်ခုကို သက်ဆိုင်ရာက ရှာဖွေနေသည်။

(ခ) ကျွန်တော်သည် မော်လမြိုင်က ဆရာ့ကို ဒူးရင်းသီးဖြင့် ကန်တော့သည်။

အဖြေ။ ကျွန်တော်သည် ဆရာ့ကို မော်လမြိုင်က ဒူးရင်းသီးဖြင့် ကန်တော့သည်။

(ဂ) (၁၀) ကြိမ်မြောက် ရပ်ကွက်လူငယ်များ စာကြည့်တိုက်၏ စာပေဟောပြောပွဲကို ယခုနှစ်တွင် ကျင်းပမည်။

အဖြေ။ ရပ်ကွက်လူငယ်များ စာကြည့်တိုက်၏ ဆယ်ကြိမ်မြောက် စာပေဟောပြောပွဲကို ယခုနှစ်တွင် ကျင်းပမည်။

mgyoe.com SAMPLE BOOK

<u>ကြိယာဝိသေသနအထားအသို</u>

(က) မလှသည် မမြအား ယမန်နှစ်က သဇင်ပန်းများကို လက်ဆောင်ပေးသည်။

အဖြေ။ မလှသည် မမြအား သဇင်ပန်းများကို လက်ဆောင်အဖြစ် <u>ယမန်နှစ်က</u> ပေးသည်။

(ခ) ကျွန်တော်သည် သစ်ပင်ပေါ်က လယ်ကွင်းများကို လှမ်းမြင်ရသည်။

အဖြေ။ ကျွန်တော်သည် လယ်ကွင်းများကို <u>သစ်ပင်ပေါ်က</u> လှမ်းမြင်ရသည်။

(ဂ) အိမ်တွင် မြန်မာ့ယဉ်ကျေးမှုကို အစဉ်ထိန်းသိမ်းရမည်ဟု မိဘနှစ်ပါးက သင်ကြားသည်။

အဖြေ။ မြန်မာ့ယဉ်ကျေးမှုကို အစဉ်ထိန်းသိမ်းရမည်ဟု မိဘနှစ်ပါးက <u>အိမ်တွင်</u> သင်ကြားသည်။

(ဃ) မမသည် အပ်ချည်နှင့် ခရေပွင့်များကို သီသည်။

အဖြေ။ မမသည် ခရေပွင့်များကို <u>အပ်ချည်နှင့်</u> သီသည်။

(င) ဘင်ခရာအဖွဲ့က တေးသီချင်းများကို အောင်မြင်စွာ သီဆိုတီးမှုတ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဖြေ။ ဘင်ခရာအဖွဲ့က တေးသီချင်းများကို သီဆိုတီးမှုတ်၍ အခမ်းအနားကို <u>အောင်မြင်စွာ</u> ရုပ်သိမ်းလိုက်သည်။

◆ ◆ ◆ ◆ ◆

mgyoe.com

mgyoe.com SAMPLE BOOK

# ၂ (က) ခက်ဆစ်

## ၁။ ကဗျာ ရှေးသုံးစကားများ

### ၁။ ရွှေနှင့်ယိုးမှား ပန်းစံကား

| | | |
|---|---|---|
| ၁။ | ယိုးမှား | ဆင်တူသည်။ |
| ၂။ | သိုး | ဦးထုပ်၊ သို့မဟုတ် ခမောက်။ (သိုးကလေ ဆိုသည်မှာ သိုးကိုလေဟူသော အာလုပ်စကားတည်း။ ဆိုလိုသည်မှာ ဦးထုပ်၊ သို့မဟုတ် ခမောက်ဆောင်းထားသော မင်းမဟာဂီရိနတ်ကို ခေါ်ဝေါ်တိုင်တည်သောစကား ဖြစ်သည်။ |
| ၃။ | စုံတောပြား | သစ်ပင်ချုံနွယ်များ ထူထပ်များပြားစွာ ပေါက်ရာတော။ |
| ၄။ | နံ့ရှား | ရနံ့ မွှေးကြိုင်သည်။ |
| ၅။ | ခါတန် | အချိန်သင့်၊ အခါသင့်။ |
| ၆။ | ညက်လှပြာစင် | နူးညံ့စင်ကြယ်သော အသားအရေရှိသူ။ |
| ၇။ | မယ့်သည်ပင် | မယ့်ချစ်သူ။ |
| ၈။ | မြိတ်လွတ် | တစ်ပတ်လျှို တစ်ပတ်ရစ်ဆံထုံး။ |
| ၉။ | စုလည်း | ဦးစွန်းကို ကြက်တောင်စည်း၍ ထုံးသောဆံထုံး။ |
| ၁၀။ | မျိုးသည်မင်း | လင်ယောကျ်ား။ |
| ၁၁။ | မျက်သုတ်နီစင် | စင်ကြယ်သော မျက်နှာသုတ်ပဝါအနီ၊ ရွှေခါးစည်းပဝါ။ |
| ၁၂။ | ရထည်း | နံကြိုးပိတ်ချောအထည်။ |
| ၁၃။ | ဖျင် | အင်္ကျီ။ |
| ၁၄။ | ကျိုင်းစင်မြဝါ | ဖွံ့ဖွံ့ထွားထွား စင်ကြယ်စိုပြည်သူ၊ ချစ်ခင်ကြင်နာသူ။ |
| ၁၅။ | မတ်ကြီးလျာ | အမတ်ကြီးအဖြစ် လျာထားခြင်း ခံရသူ။ (အတိုင်းအရှည်ကို သိတတ်ဆုံးသော ဘုရင်မင်းမြတ်ဟုလည်း အချို့က အနက်ဖွင့်သည်။) |

### ၂။ မြင်စိုင်းရွှေပြည်

| | | |
|---|---|---|
| ၁၆။ | တာဝတိံသာ | နတ်ပြည်ခြောက်ထပ်တွင် နှစ်ထပ်မြောက်သော နတ်ပြည်၊ ၃၃ဦးသော နတ်မင်းတို့ အုပ်စိုးသောနတ်ပြည်။ |
| ၁၇။ | ပန်းသင်းခွေ | သင်းခွေပန်း။ |
| ၁၈။ | ချီချယ် | ချီချီကြွကြွ။ |
| ၁၉။ | ရွှေစာတီ | ရွှေစေတီ။ |
| ၂၀။ | မှည့်ဆောလွယ် | အမြန်ရင့်မှည့်လွယ်သည်။ |
| ၂၁။ | လိုစိုး | အလိုရှိတိုင်း အစိုးရသည်၊ လိုတိုင်း ရနိုင်သည်။ |
| ၂၂။ | ကျက်မြေ | ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းပြီးသော မြေ။ |

mgyoe.com

mgyoe.com SAMPLE BOOK

| | | |
|---|---|---|
| ၂၃။ | စာနွေး | ▪ အစာကို နွှာသည်။ နွှင်သည်။ ခွာသည်။ |
| ၂၄။ | ယရည်း | ▪ ဆင်ထိန်း။ |
| ၂၅။ | သွန်းသွန်း | ▪ မြင့်မြင့်စွင့်စွင့်။ |
| ၂၆။ | စောလူး | ▪ ခြင့်မြတ်၊ ပျိုရွယ်သောမင်း။ |
| ၂၇။ | ဆက်ဒန် | ▪ ဆဒ္ဒန်၊ အရောင်ခြောက်ပါးနှင့် ပြည့်စုံသော အစွယ်ရှိသည့် ဆင်ဖြူ။ |
| ၂၈။ | မြောက်စည် | ▪ မင်းကေရာဇ်တို့ ဝင်တော်မူရန် တီးသည့်စည်။ |

## ၃။ ဝိဋ္ဋာသိပ္ပ လူ့ကိစ္စ

| | | |
|---|---|---|
| ၂၉။ | သကျရှုပ် | ▪ စွမ်းနိုင်သော သဘော။ |
| ၃၀။ | ပျော်ပါးလွင် | ▪ ပျော်ပါးပေါ့တန်စွာ နေသည်။ |
| ၃၁။ | သဘင် | ▪ အစုအဝေး။ |
| ၃၂။ | မပြ့် | ▪ မထင်ရှား။ |
| ၃၃။ | ခံတွင်းမဲ့ | ▪ ပြောစရာ ခံတွင်းမရှိ။ |
| ၃၄။ | ရွံ့ရှား | ▪ လန့်ထိတ်။ |
| ၃၅။ | ကျစ်လျစ် | ▪ သိပ်သည်းပိပြားသည်။ စည်းကမ်းရှိသည်။ |
| ၃၆။ | သမွန် | ▪ စကားအဆက်အစပ်။ |
| ၃၇။ | ပါဌ်လျောက် | ▪ စကားအစီအစဉ်အလျောက်။ |
| ၃၈။ | တဖျင့်တပါး | ▪ မညီမညွတ်။ ယွင်းယွင်းချွတ်ချွတ်။ |
| ၃၉။ | ပြာသာဒ်ဖျား | ▪ ဘုံအဆင့်နှင့် ထုပိကာပါသော အဆောက်အအုံ၏ ထိပ်ဖျား။ |
| ၄၀။ | အဂ်ပစ္စင် | ▪ အင်္ဂါကြီးငယ်။ |
| ၄၁။ | လူ့ပေါက်ပန်း | ▪ အဆင်းသာရှိ၍ အချင်းမရှိသူ။ |
| ၄၂။ | မဟာဒုက္ခ | ▪ ကြီးမားသောဆင်းရဲ။ |
| ၄၃။ | တွင်းဆုံးကျ | ▪ အဆင်းရဲကြီး ဆင်းရဲသည်။ |
| ၄၄။ | နောင်တ | ▪ ပြုသင့်သည်ကို မပြုမိ၊ မပြုသင့်သည်ကို ပြုမိသည့်အတွက် အချိန်လွန်မှ ပူပန်ခြင်း။ |

## ၄။ ရှေးဦးကာလ မြူထသောအခါ

| | | |
|---|---|---|
| ၄၅။ | မြူ | ▪ မြေလွှာအထက်ဝန်းကျင်၌ ရစ်ဆိုင်းနေတတ်သော အခိုးအငွေ့။ |
| ၄၆။ | ရင်းထောင် | ▪ ထန်းပင်၏အောက်ခြေအရင်းမှ ထောင်တက်ရသော လှေကားငယ်။ |
| ၄၇။ | ရင်းဆွဲ | ▪ ထန်းပင်အထက်မှ အောက်သို့ တွဲလျားချ၍ ထန်းပင်နှင့် ကပ်ချည်ထားသော ထန်းတက် လှေကားငယ်။ |
| ၄၈။ | ဓားနှီး | ▪ ထန်းလှီးဓား။ |
| ၄၉။ | ကလိုင် | ▪ ထန်းပြင်ရာတွင် ထန်းလက်ကို ထန်းပင်လုံးမှ ကွာအောင် ထိုးကလန့်ပြီး ထန်းသမား ထိုင်သော တုတ်ချောင်း။ |
| ၅၀။ | ယုန်ပိုက်စည်း | ▪ ယုန်ထောင်ရန် ပိုက်တန်းစည်း။ |
| ၅၁။ | ရှိက်ဟည်း | ▪ ဟိန်း၍ပျံ့နှံ့သည်။ |
| ၅၂။ | တံစို့ | ▪ မီးကင်ရန် သားငါး ထိုးလျှိုရသော အဖျားချွန် အချောင်းအတံ။ |

mgyoe.com

| | | |
|---|---|---|
| ၅၃။ | နှီးဒေါင်းလန်း | ဝါးနှီးကို ရက်လုပ်ထားသော ခြေထောက်တပ်ဇန်းကြီး။ |
| ၅၄။ | လွေး | အားရပါးရ စားသောက်သည်။ |
| ၅၅။ | ထန်းလျှော် | ထန်းလက်မှ ခွာယူထားသော အခေါက်ကြော။ |
| ၅၆။ | သောင်းပြောင်း | အရောရော အနှောနှော။ |

## ၅။ စစ်မှာတစ်မှု

| | | |
|---|---|---|
| ၅၇။ | ဥပါယ် | နည်းပရိယာယ်။ ဥာဏ်ဆင်မှု။ |
| ၅၈။ | အိုးစား | ရှေးခေတ် မြန်မာတပ်မတော်တွင် စစ်သည်ငါးယောက်ပါသော အစု။ |
| ၅၉။ | အိုးစားဖက် | စစ်ချီတက်ရာတွင် တစ်အိုးတည်း စားဖော်စားဖက်။ |
| ၆၀။ | ယွန်းမ | ဇင်းမယ်သူ။ |
| ၆၁။ | အပါချ | စစ်ချီရာတွင် ပါဝင်ရမည်ဟု အမိန့်ချသည်။ |
| ၆၂။ | အုန်းခွံ | အုန်းခြောက်ခွံရောင် အမွေးရှိသော (မြင်း)။ |

## ၆။ ဘုန်းနှင့်ကံနှင့် ရွှေသဇင်

| | | |
|---|---|---|
| ၆၃။ | ပန်းပျံပင်ဆင့် | အခြားသစ်ပင်ကြီးများအပေါ်မှာ ဆင့်၍ အထက်သို့ ပျံတက်ဖူးပွင့်နေသော ပန်း။ |
| ၆၄။ | မိုးမခ | မိုးရေမစွတ်။ |
| ၆၅။ | နွေလသန်ပေါက် | နွေလ မိုးလတို့ ကုန်ဆုံးပြီးချိန်။ |
| ၆၆။ | နှင်းသောက် | နှင်းရည် စိုစွတ်သည်။ |
| ၆၇။ | ကိန္နရီ | ငှက်ကိုယ်နှင့် လူခေါင်း၊ တစ်နည်း လူကိုယ်နှင့် မြင်းမျက်နှာ ရှိသော သတ္တဝါအမ (ကိန္နရာမ)။ |
| ၆၈။ | ဝေယန်နန်းမြင့် | သိကြားမင်း စံရာ မြင့်မားသော ဝေဇယန္တာနတ်နန်း။ |
| ၆၉။ | လောင်ပန်းပွင့် | နေလောင်သောပန်း၊ နေလောင်ပန်း။ |

## ၇။ တပေါင်းညှာကျင်

| | | |
|---|---|---|
| ၇၀။ | ညှာကျင် | အချိန်ကြာညောင်း၍ သစ်ရွက်အညှာများ ရင့်ရော်ပောင်းနွမ်းသည်၊ |
| ၇၁။ | ရွက်ရော်လှစ် | ရော်ရွက်ဝါများကို ခြွေသည်။ |
| ၇၂။ | ပုရစ် | ထွက်ခါစအရွက်။ ထွက်ခါစအဖူး။ |
| ၇၃။ | ပတ်ကုံး | အနီးတစ်ဝိုက် နယ်ပယ်ဒေသ။ |
| ၇၄။ | သံညောင်း | သာယာငြိမ့်ညောင်းသောအသံ။ |
| ၇၅။ | သောင်ရင်း | သောင်၏ အနီးဆုံးနေရာ။ သောင်စပ်။ |
| ၇၆။ | ယုဂန် | အာဒိကပ္ပကျမ်းများအရ မြင်းမိုရ်တောင်၏ အရန်ဖြစ်သော တောင်ခုနစ်လုံး အနက် နေ လ သွားရာလမ်းနှင့် တစ်ညီတည်း မြင့်သည်ဟု မှတ်ယူသော တောင်ရန်တစ်လုံး။ |
| ၇၇။ | တစေ | အမြဲ။ |
| ၇၈။ | ထောင်းထောင်း | အရှိန်အဟုန်ပြင်းစွာ။ |

mgyoe.com

mgyoe.com
SAMPLE BOOK

## ၈။ ဥာနိပြည်ကြီးက ဝေးသနှင့်

| | | |
|---|---|---|
| ၇၉။ | မြောင် | ▪ ကုန်းမြင့်နှစ်ခုကြား အလျားရှည်၍ အနံကျဉ်းသောချိုင့်ဝှမ်း။ |
| ၈၀။ | ခင်တန်း | ▪ မို့မောက်ပြန့်ပြူးနေသော မြေတန်း။ ကုန်းတန်း။ ကုန်းရိုး။ |
| ၈၁။ | နယ်ရှစ်ခွင် | ▪ အရပ်ရှစ်မျက်နှာတစ်ခွင်။ |
| ၈၂။ | တိမ်မင်တုံး | ▪ မင်တုံး မင်ခဲကဲ့သို့ မည်းမှောင်သောတိမ်။ |
| ၈၃။ | ငုံကင်း | ▪ အငုံအကင်း။ |
| ၈၄။ | သူရကန်စက် | ▪ နေမင်း။ |
| ၈၅။ | ဗျာဝှန် | ▪ ပူပန်ကြောင့်ကြများသည်။ |
| ၈၆။ | ကြိုးခွေ | ▪ မျောက်အော်သံ။ |
| ၈၇။ | စိမ့် | ▪ စိမ့်ရေပေါက်သော တော။ |
| ၈၈။ | မြိုင် | ▪ စိမ်းစိုအုပ်မှိုင်းသော တောကြီး။ |
| ၈၉။ | ညောင်း | ▪ သာယာငြိမ့်ညောင်းသည်။ |
| ၉၀။ | အိုးဝေ | ▪ ဒေါင်းငှက်မြည်သောအသံ။ |
| ၉၁။ | တောင်တံပြက် | ▪ တောင်ကျရေတံခွန်။ |
| ၉၂။ | ကျောက်စက်ကျစမ်းရေ | ▪ ကျောက်ကြိုကျောက်ကြားမှ စိမ့်ထွက်ကျဆင်းသောရေ။ |
| ၉၃။ | နောင့်တည်း | ▪ နောင်တစ်ယောက်တည်း။ |

## ၉။ တောင်သူကြီး

| | | |
|---|---|---|
| ၉၄။ | ဇမ္ဗူ | ▪ မြင်းမိုရ်တောင်၏ တောင်ဘက်ရှိ ဇမ္ဗူသပြေပင်ပေါက်ရာကျွန်း။ ဇမ္ဗူဒိပ်ကျွန်း။ |
| ၉၅။ | ဇမ္ဗူစိုးရ | ▪ ဇမ္ဗူဒိပ်ကျွန်းကို အစိုးရသူ။ |
| ၉၆။ | ခန္ဓာစဲ | ▪ သေသည်။ |
| ၉၇။ | ရန်သတ္တရု | ▪ ရန်သူ။ |
| ၉၈။ | ထောင်ကနက် | ▪ ရွှေဘို ကုန်းဘောင်နန်းတော်ကို တည်ထောင်သည်။ |
| ၉၉။ | ရေးတော် | ▪ ဘုရင့်အရေး၊ နိုင်ငံအရေး။ |
| ၁၀၀။ | ပိုက်တန်း | ▪ ယုန်ထောင်သော ပိုက်တန်း။ |
| ၁၀၁။ | ငွန်လုံး | ▪ ပုစွန်လုံး။ |
| ၁၀၂။ | စပျစ် | ▪ နှီးဖြင့် ရက်လုပ်သော အခင်းအချပ်တစ်မျိုး။ ဒေါင်းလန်းကြီးတစ်မျိုး။ |
| ၁၀၃။ | စပျစ်ကျင်း | ▪ ဒေါင်းလန်းကြီးတွင် ခင်းကျင်းသည်။ |
| ၁၀၄။ | ဗုန်းဗော | ▪ ပေါများစွာ။ |

## ၁၀။ ဆောင်းရတုပွဲ

| | | |
|---|---|---|
| ၁၀၅။ | ရဝေ | ▪ နန်းတော် အိမ်တော်တို့၏အဆောင်၊ မြင့်မြတ်သော တိုက်ခန်းနေရာ။ |
| ၁၀၆။ | မျက်တစ်ခတ် | ▪ မျက်တောင် တစ်ခါခတ်မျှသော ကာလ၊ တစ်ခဏ။ |
| ၁၀၇။ | တစ်ဗိဇနာ | ▪ မြန်မာနာရီ၏ ခြောက်ဆယ်စိတ် တစ်စိတ်မျှသော အချိန်။ (စက်နာရီ ၂၄ စက္ကန့်နှင့် ညီသည်။) |
| ၁၀၈။ | လိပ်ပြာ | ▪ စိတ်ဝိညာဉ်။ |

mgyoe.com

mgyoe.com SAMPLE BOOK

၁၀၉။ သွေးလန့် ▪ အကြောင်းတစ်စုံတစ်ရာကြောင့် ရုတ်တရက် ကြောက်ရွံ့တုန်လှုပ်သည်။
၁၁၀။ ဗျာဆို ▪ ပူပန်ကြောင့်ကြ စိုးရိမ်မှု ပေါင်းဆုံသည်။

## ၁၁။ လေးမောင့်စံကျောင်း

၁၁၁။ ညောင်စောင်း ▪ ခြေလေးချောင်းတပ်သော အိပ်စင်။ ခုတင်။
၁၁၂။ ချရား ▪ ခရေ။
၁၁၃။ ဂနိုင် ▪ သစ်ပင်ကြီးများ ထူထပ်များပြားစွာ ပေါက်နေသောတော။
၁၁၄။ မဟာမြိုင် ▪ စိမ်းစိုအုပ်မှိုင်းပြီး ကြီးမားသည့်တော။

## ၁၂။ အကျွန်ုတို့လယ် ကောက်စိုက်တုန်းက

၁၁၅။ လယ်တော်တွင်း ▪ လယ်ယာ ထွန်ယက်စိုက်ပျိုးရာမြေ။ လမိုင်းလယ်တော်။
၁၁၆။ ပြောက် ▪ အစက်အကွက် စွန်းထင်းသည်။
၁၁၇။ လှည်းစာခေါက် ▪ လှည်းစာပင်၏ အခေါက်။
၁၁၈။ သစ်ခေါက်ဆိုး ▪ သစ်ခေါက် တစ်မျိုးမျိုးကို ပြုတ်၍ရသော ဖန်ရည်ဖြင့် ဆိုးထားသော အထည်။
၁၁၉။ စုံပါးရိုက် ▪ ('စုံပရိုက်'ဟု အသံထွက်ပါ) နှစ်စုခွဲ၍ ထုံးထားသည့် ဦးချိုဟန်ဆံစတို့က ပါးနှစ်ဖက်ကို အပြိုင်ထိခတ်ခြင်း။
၁၂၀။ ပုံးဖာမှောက်ဆင် ▪ ရှိသမျှနှင့် လှအောင် အစွမ်းကုန်ပြင်ဆင်သည်။

## ၁၃။ သင်သေသွားသော်

ဤကဗျာတွင် ရှေးသုံးစကားများ မပါရှိပါ။

## ၁၄။ သူရဲကောင်းသုံးယောက်နှင့် စရိုးသည်

၁၂၁။ စုံ ▪ တော။
၁၂၂။ မြိုင် ▪ တော။
၁၂၃။ ဆွယ် ▪ ယှဉ်ကပ်သည်။
၁၂၄။ ကန္တာ ▪ သွားလာရန်ခက်ခဲသောခရီး။ (ကန္တာရ)
၁၂၅။ အိုဘယ် ▪ အိုဘဲ့ (တစ်စုံတစ်ယောက်ကို ခေါ်သည့်အခါ သုံးသောစကား)။
၁၂၆။ သဟဲ ▪ အပေါင်းအဖော်။
၁၂၇။ သတ္တိ ▪ ရဲရင့်ခြင်း။
၁၂၈။ ဒွံ ▪ အားမလျှော့ဘဲ စွဲစွဲမြဲမြဲ လုပ်ဆောင်နိုင်သောအစွမ်း။
၁၂၉။ လုံ့လ ▪ ကြိုးစားအားထုတ်ခြင်း။
၁၃၀။ မုချ ▪ မလွဲ၊ ကေန်။

mgyoe.com

mgyoe.com
SAMPLE BOOK

## ၁၅။ နှင်းကိုမြင်ခိုက်

၁၃၁။ နှစ်မာ - အနှစ်သာရခိုင်မာသည်။

## ၁၆။ အနုပညာသည်၏အားမာန်

၁၃၂။ ဓွေဓွေ - အဆက်မပြတ်။
၁၃၃။ အသချေ - မရေမတွက်နိုင်အောင် များပြားသည်။
၁၃၄။ သရစ် - ထွက်သစ်စ အညွန့်အညောက်။

◆ ◆ ◆ ◆ ◆

# ၂။ စကားပြေ ရှေးသုံးစကားများ

## ၁။ သိယ်သွသမီး

၁။ ဝိသျက်နှစ် - ကဆုန်လ၏ စန်းယှဉ်နက္ခတ်ဖြစ်သော ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သော နှစ်၊ ဆယ့်နှစ်နှစ်စက်ဝန်းတွင် ဒုတိယမြောက်နှစ်၏ အမည်။
၂။ နံကာလ - ဝါခေါင်လ။
၃။ သိယ်သွ - ခြသေ့ကဲ့သို့ ရဲရင့်သူဟု အနက်ဆောင်သည့် ဘွဲ့အမည်။
၄။ ကျေးဇူး - အကျိုး၊ အရည်အသွေး။
၅။ သတင်းစင် - အကျင့်စင်ကြယ်သည်။
၆။ အတို့ - ကျွန်ုပ်တို့။
၇။ အာနုဘော် - ဘုန်းတန်ခိုး။ စွမ်းရည်။
၈။ မောင်းမတော် - ဆောင်ရနန်းရ မဟုတ်သော မိဖုရားငယ်။
၉။ အမျက်အဏ္ဍ - အမျက်ဒေါသ။
၁၀။ အရအမိ - လက်ငင်းအကျိုး။
၁၁။ ရမ္မက် - တပ်မက်ခြင်း။ လောဘ။
၁၂။ မေတ္တေယျ - ဤဘဒ္ဒကမ္ဘာတွင် ဂေါတမဘုရားနောက် ပွင့်မည့် အရိမေတ္တေယျဘုရား။
၁၃။ ခပင်း - အားလုံး။ ခပ်သိမ်း။

## ၂။ မိပ္ပုရားပွားစော

၁၄။ အတုမရှိ - အတူမရှိ
၁၅။ မြင့်မြ - ရှည်ရှည်ကြာကြာ။ ခိုင်ခိုင်မာမာ။
၁၆။ မဟာဒါန် - အလှူကြီး။
၁၇။ သင်ပုတ် - ဆွမ်း။
၁၈။ သည်းခံ - ငြိုးငြင်သည်၊ ရောင့်ရဲသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၁၉။ နို့သစ် - မချက်ရသေးသော နွားနို့၊ နို့စိမ်း။
၂၀။ နို့ဓမ်း - နို့ဓမ်း၊ နို့ချဉ်။
၂၁။ ရက်တက် - ထောပေး (ထောပတ်စိမ်း) ထုတ်ယူပြီးသော နို့ရည်ကြည်။
၂၂။ ထောပေး - နို့မှရသော အဆီခဲ၊ အဆီဉ၊ မလိုင်၊ ထောပတ်စိမ်း။
၂၃။ အဝီစိ - ငရဲကြီးရှစ်ထပ်တွင် အောက်ဆုံးထပ်ငရဲ။
၂၄။ ဘဝဂ် - အမြင့်ဆုံးဘုံ။
၂၅။ စကြဝဠာ - သမုဒ္ဒရာကြီး ၄ စင်း၊ ကျွန်းကြီး ၄ ကျွန်း၊ မြင်းမိုရ်တောင် တစ်တောင် ပါဝင်သော ဒေသအပိုင်းအခြား။ (သက္ကတစကား၊ စကြ+ဝါလ)။
၂၆။ တတောယမ - ယမမင်းကြီး။
၂၇။ နိုင်ငံသော - အခြားသူတို့ထက် သာလွန်သော၊ ပြည့်စုံသော။
၂၈။ ငြိမ်သိမ် - ငြိမ်သက်သိမ်မွေ့သော၊ ငြိမ်အေးသော။
၂၉။ တံလင်း - မြေကွက်လပ်။

## ၃။ စီးချင်းတိုက်ပွဲ

၃၀။ နှုတ်ရေး - စကားဖြင့် ပြောဆိုဆောင်ရွက်ခြင်း၊ အပြောစွမ်းရည်။
၃၁။ လက်ရေး - ကာယစွမ်းရည်၊ လက်ရုံးရည်။
၃၂။ ဇမ္ဗူဒိပ်ကျွန်း - မြင်းမိုရ်တောင်၏ တောင်ဘက်တွင်ရှိသော ဇမ္ဗူသပြေပင်ပေါက်ရာကျွန်း။
၃၃။ စီးချင်းတွေ့ - တစ်ဖက်လျှင် တစ်ဦးစီ ဆင်ကိုစီး၍သော်လည်းကောင်း၊ မြင်းကို စီး၍သော် လည်းကောင်း ရင်ဆိုင်စစ်ထိုးသည်။
၃၄။ ဆင်တွင်း မြင်းတွင်း - ဆင်မြင်းများ ကျွံကျအောင် စီစဉ်တူးဖော်ထားသော တွင်းကျင်း။
၃၅။ သုရှင် - အရှင်သခင်။
၃၆။ အလောတန် - တော်သင့်ရုံမျှ။
၃၇။ ချွန်းသီး - လက်ဖြင့် ကိုင်စွဲ၍ တိုက်ခိုက်ရသော လက်နက်တစ်မျိုး။
၃၈။ တာ - လေးတောင်အကွာအဝေး။
၃၉။ ဆယ်တာ - အတောင်လေးဆယ် အကွာအဝေးရှိသော ခရီး။
၄၀။ မောက်တို - ရှေးက မြန်မာစစ်သည်တပ်သားတို့ ဆောင်းလေ့ရှိသည့် ထိပ်ဖူးတပ် ဦးဆောင်း တစ်မျိုး။
၄၁။ သံ့လူ - စစ်မြေပြင်၌ စစ်ရှုံး၍ဖြစ်စေ၊ လက်နက်ချ၍ဖြစ်စေ၊ ဖမ်းဆီးရရှိသော ရန်သူ့ဘက်သား၊ သုံ့ပန်း။
၄၂။ ချပ် - သံနန်းကြိုး၊ သံကွင်း စသည်တို့ဖြင့် ပြုလုပ်ထားသော စစ်ဝတ်အကျႌ။
၄၃။ ကြေးမုံ - အရိပ်ထင်အောင် အချောပွတ်ထားသော ကြေးစသည့် သတ္တုပြား၊ ကြည့်မှန်။
၄၄။ ဓားဆိုး - ဓားညှံ့၊ ဓားစုတ်။
၄၅။ သံတောင် - အလျား ၁၉ လက်မရှိသော အတိုင်းအတာ ပမာဏ။

## ၄။ ဦးပေါင်းကျားနှင့် မြင်းကျားရှင်

၄၆။ ဗိုလ်ရှုသဘင် - ဗိုလ်ပါအမျာ်း၏ ရှုစားဖူးမြော်ခြင်းကို ခံယူသောသဘင်။
၄၇။ ကြုံးဝါး - မိမိ၏ ဂုဏ်ကျေးဇူးကို မြှင့်မြှောက်ပြောဆို ကြွေးကြော်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

၄၈။ ရယ်ခိုး - တိတ်တိတ်ခိုးရယ်သည်။

၄၉။ ဦးပေါင်းကျား - အရောင် အကြောင်အကျား ခြယ်လှယ်ထားသော ခေါင်းပေါင်း။

၅၀။ မျက် - ကွပ်မျက်သည်။

၅၁။ မြင်းတင်းကုပ် - မြင်းထားရာ အဆောက်အအုံ။ မြင်းဇောင်း။

၅၂။ အားသန် - မရမနေ မဖြစ်မနေ အားထုတ်ကြိုးပမ်းသည်။

၅၃။ ညရီတရော - ညဦးမှောင်စပျိုးချိန်။

၅၄။ ယုံကျုံသော - ယုံကြည်စိတ်ချရသော။

၅၅။ တဖျင့်သုန် - မညီမညွတ်။ မငြိမ်မသက်။

၅၆။ ခွာတုံချဉ်းတုံ - ခွာချည် ချဉ်းချည်။ ခွာလိုက်ကပ်လိုက်။

၅၇။ နတ်ဘီလူး - ကြမ်းကြုတ်၍ တန်ခိုးရှိသည်ဟု ယူဆကြသော ဗဏ္ဍာရီလာတန်ခိုးရှင်။

၅၈။ လူဖြစ်ဆန်း - လူဖြစ်ရုံ။ လူဖြစ်ခါမျှ။

၅၉။ လူမည်ကာ - လူဟု အမည်တွင်ရုံမျှ။

## ၅။ မိခင်သောက

၆၀။ သင်္ခမ်း - သူတော်ကောင်းတို့ နေထိုင်ရာ အဆောက်အအုံ။

၆၁။ စကြံ - ခေါက်တုံ့ခေါက်ပြန် လျှောက်ရာနေရာ။

၆၂။ သာနု - တောင်ထိပ်အပြင်။ တောင်လျှဉ်တောင်ဝှမ်း။

၆၃။ နံပါး - ဘေးဘက်အရပ်။

၆၄။ တစပြင် - လူသေကောင် မြှုပ်ရာအရပ်။ သင်္ချိုင်း။

၆၅။ ဆိတ်ည် - ငြိမ်သက်သည်။ အသံတိတ်သည်။

## ၆။ သောနုတ္တရမှုဆိုးနှင့် ဆဒ္ဒန်ဆင်မင်း

၆၆။ အဆာကျယ် - စိတ်ဆန္ဒ ထူးထွေများပြားသည်။ ကြေး(ဂျိုး) များသည်။

၆၇။ လုဒ္ဒက - မုဆိုး။

၆၈။ ကံကျွေး - လက်ခရိက္ခာ။ အလုပ်တွက်ပေးသင့်သောအခ။

၆၉။ ရွာစား - မြန်မာမင်း လက်ထက်တွင် ကျေးရွာနယ်မြေ ဒေသ သတ်မှတ်၍ အခွန်အတုတ် ကောက်ခံယူပိုင်ခွင့် ပေးအပ်ခြင်းခံရသူ။

၇၀။ ရှေးရှု - ဦးတည်ချက်ထား၍ အာရုံစိုက်သည်။

၇၁။ မိစ္ဆာ - အယူမှားသောသူ။

၇၂။ ဗောဓိသတ် - ဘုရားလောင်း။

၇၃။ လောကတ္တယ - ဘုံသုံးပါး။

၇၄။ ဘဝပါရဂူ - မြတ်စွာဘုရား။

၇၅။ နိတုံဇမ္ဗူ - ပဒုမ္မမာဝတ်ဆံ အဆင်းရှိသော ဇမ္ဗူရစ်ရွှေ။

၇၆။ ဝေဝုစ် - စကားလှယ်။ စကားပရိယာယ်။

၇၇။ ညဏ်ဝက်န္တ - ကောက်ကွေ့သောညဏ်။

၇၈။ ပေတလူ - လူပေလူတေ။ လူပေလူညစ်။

၇၉။ လေးစွန်တောင် - ပြန့်ကားနေသော စွန်တောင်နှင့် သဏ္ဍာန်တူသည့်လေး။

mgyoe.com

mgyoe.com SAMPLE BOOK

၈၀။ သုံးတိုက်လုံးနတ် - ဘုရားလောင်း။
၈၁။ ဉပဒ် - ဘေးအန္တရာယ်။
၈၂။ ဟေမာ - တော။
၈၃။ မှန်ကူ - မြတ်နိုးထိုက်သောပုဂ္ဂိုလ် (ဘုရား၊မင်း စသည်)။
၈၄။ သစ်ယောင်း - သစ်ခြောက်။ ဆွေးမြည့်သောသစ်။
၈၅။ ရွှေသုံး - အသက်ကြီး၊ အသက်လတ်၊ အသက်ငယ် ဖြစ်သော အမျိုးသမီး ရံရွှေတော် သုံးမျိုး။
၈၆။ ဣန္ဒိပါဒ် - တန်ခိုး။
၈၇။ အမြုတေ - အနှစ်၊ အနှစ်သာရ၊ ပုလဲ။ (အချို့သော တိရစ္ဆာန်၊ အချို့သော သစ်ပင် တို့၌ ဖြစ်သော အစွမ်းထက်သည် ဆိုသည့် အခဲမာတစ်မျိုး။)
၈၈။ မုတ္တာ - ပုလဲ။
၈၉။ မူးချိန် - ကျပ်ချိန် တစ်ကျပ်သား၏ ရှစ်ပုံတစ်ပုံ အလေးချိန်။
၉၀။ ဖုတ်သဘက် - မြေစောင့်ပြိတ္တာ။
၉၁။ ဝေယန် - နန်းတော်။
၉၂။ ယပ်မား - နန်းတွင်းသုံးအရိုးရှည်ယပ်ကြီး။
၉၃။ နာရဏီ - ရွှေတစ်မျိုး။
၉၄။ ကယုကယင် - ချစ်စဖွယ်။

## ၇။ ပညာသင်ခါ မရှက်ရာ

၉၅။ မှတ်ပိုက် - ယူဆသည်။ ခိုင်မြဲစွာ ခံယူထားသည်။

## ၈။ မိတဆိုးရှင်ပြု

၉၆။ ဘုံ - ပြာသာဒ်အမိုးထက်ရှိ အဆောင်ဆင့်။
၉၇။ ပြာသာဒ် - အဆောက်အအုံအထက်တွင် ဘုံအဆင့်ဆင့်နှင့် ထုပိကာတင်သော အမိုးဆင့်။
၉၈။ မုခ် - အပေါက်ဝ။ တံခါးပေါက်။
၉၉။ မဏ္ဍာပ် - လူအများ စုဝေး၍ တစ်စုံတစ်ရာ ဆောင်ရွက်ရန် ပြုလုပ်ထားသော ယာယီအဆောင် ပစ္စည်း။
၁၀၀။ ပရိက္ခရာ - အသုံးအဆောင်ပစ္စည်း။
၁၀၁။ ကွမ်းတောင် - ကွမ်းထည့်ရန် ကလပ်တစ်မျိုး။ (ကွမ်းတောင်ကိုင် - ရှင်လောင်းလှည့်ရာ တွင် အမျိုးသမီးတန်း၏ထိပ်မှ ကွမ်းတောင်ကိုင်၍ လိုက်ရသည့် အမျိုးသမီး။)
၁၀၂။ မော်ဇာ - ခြေအိတ်ရှည်။

## ၉။ အမျိုးသားနေ့

၁၀၃။ ဘွိုင် - စားပွဲထိုး။
၁၀၄။ မြိန်ရေရှက်ရေ - နှစ်ခြိုက်စွာ၊ အားပါးတရ။

mgyoe.com

mgyoe.com SAMPLE BOOK

| | | |
|---|---|---|
| ၁၀၅။ ပွတ်စူးဘုရား | - | သေးငယ်သောဘုရား။ |
| ၁၀၆။ ဝံသာနု | - | မျိုးချစ်စိတ်ရှိသူ။ |
| ၁၀၇။ မျက်မုန်းကျိုး | - | ကြည့်ရှုလိုစိတ် မရှိအောင် ရွံရှာစက်ဆုပ်သည်။ ကြာရှည်ဖွဲ့မြဲစွာ မုန်းတီးသည်။ |
| ၁၀၈။ ရပ်ခံ | - | ရပ်ရွာဒေသခံ။ |
| ၁၀၉။ ဓနရှင် | - | ငွေအရင်းအနှီးများစွာ ရှိသောသူ။ |
| ၁၁၀။ ဂိုဏ်းဂဏ | - | အဖွဲ့အစု၊ အအုပ်အသင်း။ |
| ၁၁၁။ စကားဖာ | - | ပြောမိဆိုမိသော စကားအမှားကို ပြေပြေလည်လည် ဖြစ်အောင် ပြောဆိုသည်။ |

## ၁၀။ ပတ္တမြားကျောက်စိမ်း

| | | |
|---|---|---|
| ၁၁၂။ ဒိဋ္ဌ | - | မျက်မြင်ကိုယ်တွေ့၊ ကေန်အမှန်။ |
| ၁၁၃။ အနောက်ဆောင် | - | မိဖုရားများ စံမြန်းသောအဆောင်။ |
| ၁၁၄။ ရက်ချုပ် | - | မွေးဖွားချိန် စသည့် အချက်အလက်များကို ထန်းရွက် စသည်တို့တွင် ရေးမှတ်ထားသော စာ။ |
| ၁၁၅။ ခါသာ | - | ပိတ်ချောတစ်မျိုး။ |
| ၁၁၆။ ပုဒုမ္မာ | - | ပါးလှပ်သော ချည်ချောပိတ်တစ်မျိုး။ |
| ၁၁၇။ ဒေါင်းဒင်္ဂါး | - | ဒေါင်းရုပ်ပုံ ခတ်နှိပ်ထားသော ငွေဒင်္ဂါး။ |
| ၁၁၈။ ပြောင်းဆန် | - | ဖရိုဖရဲဖြစ်သည်။ |
| ၁၁၉။ သွယ်ပြောင်း | - | ဆွဲကြိုးတစ်မျိုး။ |
| ၁၂၀။ နော်ဇာကုံး | - | (နော်ဇာပန်းပွင့်ပုံများဖြင့် အသွယ်အကုံး ပြုလုပ်ထားသည့်) လည်ဆွဲတစ်မျိုး။ |

## ၁၁။ နိဗ္ဗာန်ဆော်

| | | |
|---|---|---|
| ၁၂၁။ ပယောဂ | - | အားထုတ်မှု၊ လှုံ့ဆော်မှု။ |
| ၁၂၂။ ကမ္မဋ္ဌာန်း | - | ဈာန်အဘိညာဉ်နှင့် မဂ်ဖိုလ်ရကြောင်းဖြစ်သော လုပ်ငန်း။ |
| ၁၂၃။ စီးဖြန်း | - | တရားသဘောကို ထပ်တလဲလဲ ဆင်ခြင်ပွားများသည်။ |

## ၁၂။ အိမ်ရှေ့ကိုယ်တော်ကြီး

| | | |
|---|---|---|
| ၁၂၄။ လက်ရုံး | - | တိုက်မှုခိုက်မှုစွမ်းရည်။ |
| ၁၂၅။ ပိဋကတ် | - | ဗုဒ္ဓ အဆုံးအမဖြစ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော ပိဋကတ်သုံးပုံ။ |
| ၁၂၆။ ဘိ | - | မိမိအထက် စတုတ္ထဆွေဆက် (အဘ၊ အဘိုး၊ အဘေး၊ အဘီ၊ အဘင်၊ အဘဲ၊ အဘော ဟူ၍ ရေတွက်သည်။) |
| ၁၂၇။ ကမ္ဗလာ | - | သားမွေးဖြင့် ရက်သော ခင်းနှီး။ |
| ၁၂၈။ ဝတ်လဲတော် | - | မြင့်မြတ်သူတို့ ဆင်မြန်းသည့် အဝတ်အထည်။ |
| ၁၂၉။ သိုးဆောင်း | - | ဥရောပတိုက်သား။ မျက်နှာဖြူလူမျိုး။ |
| ၁၃၀။ ကာမိ | - | ထေမိသည်၊ လုံလောက်သည်။ |
| ၁၃၁။ ကံကုန် | - | အနိစ္စရောက်သည်၊ ကွယ်လွန်သည်။ |
| ၁၃၂။ တန်းချိတ် | - | အရေးယူဆောင်ရွက်ခြင်း မပြုဘဲ ဖယ်ချန်ထားသည်။ |

mgyoe.com

mgyoe.com

## ၁၃။ အရာရာတွင်ကျယ်ကျယ် တို့လူငယ်

၁၃၃။ လွံလဥသာဟ - အားထုတ်ခြင်း။ လွံ့လဝီရိယ။

## ၁၄။ မြန်မာစာအရေးအသား တိုးတက်စေနည်း

၁၃၄။ နိဿယ - ပါဠိတစ်ချက်၊ မြန်မာပြန်အနက်တစ်ချက် ဘာသာပြန်ဆိုမှု။
၁၃၅။ ပျို့ - ပိုဒ်ရေပေါင်းများစွာ ဖွဲ့ဆိုသော လေးလုံးစပ်လင်္ကာရှည်။
၁၃၆။ လင်္ကာ - ကဗျာ။
၁၃၇။ စကားချီး - အဓိကအကြောင်းအရာ မရေးမီ ရှေ့ပြေးအဖြစ် ရေးသားချက်။
၁၃၈။ ပိဋကတ်သုံးပုံ - ဗုဒ္ဓ၏ အဆုံးအမ ဒေသနာအစုအပေါင်း။ (သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဟူသော အစုသုံးခု)
၁၃၉။ ဓမ္မဓိဋ္ဌာန် - ပုဂ္ဂိုလ်ကို မရည်စူးဘဲ၊ ပုဂ္ဂိုလ်ရေး မပါဘဲ။
၁၄၀။ ပမာဒလေခ - မေ့မှားရေးမိသော အရေးအသား။
၁၄၁။ ပဋိပက္ခ - ဆန့်ကျင်ဘက်။

## ၁၅။ စွမ်အားရှိသောစာ

၁၄၂။ ဥဒါဟရုဏ် - သိသာထင်ရှားစေရန်ပြသော ပုံစံ၊ ပြယုဂ်။
၁၄၃။ လောကုတ္တရာ - လောကမှ လွန်မြောက်ကြောင်း ဖြစ်သောတရား။

## ၁၆။ နေဝင်မြင်သည် ဝရွှေပြည်

၁၄၄။ ဝရွှေပြည် - အင်းဝနေပြည်တော်။
၁၄၅။ ကျုံး - နန်းတော်တည်ရှိရာ မြို့ပတ်လည်တွင် တူးဖော်ကာရံထားသည့် မြောင်းကြီး။
၁၄၆။ တံပိုး - မှုတ်ရသော တူရိယာတစ်မျိုး။
၁၄၇။ သံလွင် - လင်းကွင်းပုံ ကြေးတူရိယာငယ်တစ်မျိုး။
၁၄၈။ ကနက် - ပန္နက်၊ အဆောက်အအုံ ဆောက်မည့် မြေနေရာ၌ ဦးစွာစိုက်သောငုတ်။
၁၄၉။ ကျောင်းအမ - ကျောင်းဆောက်လုပ်လှူဒါန်းသော ဒါယိကာမ။
၁၅၀။ အဆော် - စုလစ်တွင် ပါဝင်သော အစိတ်အပိုင်း တစ်မျိုး။
၁၅၁။ စိုင်ပေါင် - မုခ်ဝအထက်တွင် တပ်ဆင်ထားသော ပန်းထောင်တစ်မျိုး။
၁၅၂။ တုရင် - ပြာသာဒ် အထောင့်အချိုးတို့တွင် ထောင်လျက် တပ်ဆင်ထားသော အဆင် တန်ဆာ တစ်မျိုး။
၁၅၃။ စုလစ် - အထွတ်အဆင်တန်ဆာ။
၁၅၄။ ပြည်တိုင်းကား - တိုင်းပြည်ကြီး။
၁၅၅။ ကသိုဏ်းဝန်း - အာရုံစူးစိုက်ကြည့်ရှုသော မြင်ကွင်း။

## ၁၇။ မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်း

၁၅၆။ အမှိုသဟဲ - မှိုခိုရာ။
၁၅၇။ ဂုတ် - ရဲစခန်း။

mgyoe.com

mgyoe.com SAMPLE BOOK

| | | |
|---|---|---|
| ၁၅၈။ သုဉ်း | ▪ | ကုန်သွားသည်၊ ပျောက်သွားသည်။ |
| ၁၅၉။ ဇေါ် | ▪ | ပိုးပန်းသည်။ |

## ၁၈။ မြန်မာမှု

| | | |
|---|---|---|
| ၁၆၀။ မကိုဋ် | ▪ | ဘုရင် စသော မြင့်မြတ်သူတို့ ဆောင်းသည့် ဦးခေါင်းအဆင်တန်ဆာ။ |
| ၁၆၁။ မုဒြာ | ▪ | လက်ဟန်အမူအရာ။ |
| ၁၆၂။ ဗုဒ္ဓဝင် | ▪ | မြတ်စွာဘုရား၏ ဘဝဖြစ်တော်စဉ်ကို ရေးသားထားသည့်ကျမ်း။ |
| ၁၆၃။ မဟာဝင် | ▪ | မဟာသမ္မတမင်းမှစ၍ မင်းအဆက်ဆက် အကြောင်းအရာများကို ရေးသားထားသည့်ကျမ်း။ |
| ၁၆၄။ ငါးရာ့ငါးဆယ် | ▪ | ဂေါတမဘုရားအလောင်း၏ အတိတ်ဘဝဖြစ်စဉ် ၅၄၇ ဇာတ် (၃ ဇာတ် ဖြည့်၍ ၅၅၀ ဟု မှတ်သားကြသည်။) |
| ၁၆၅။ နိပါတ် | ▪ | ဘုရားဖြစ်တော်စဉ် ဇာတ်တော်များကို ကာလအရေအတွက်အလိုက် စုစည်းထားသော ဇာတ်ဝတ္ထုအစု။ |
| ၁၆၆။ စလွယ် | ▪ | ပခုံးတွင် သိုင်း၍ လွယ်ထားရသော အဆင်တန်ဆာ။ |
| ၁၆၇။ နားပန်တော် | ▪ | နားတွင် ပန်ဆင်ရသော အဆင်တန်ဆာ။ |
| ၁၆၈။ စည်းပုံ | ▪ | အမျိုးသမီးများ ဦးခေါင်း၌ ဝတ်ဆင်ရသော အဆင်တန်ဆာ။ |
| ၁၆၉။ ယက္ခ | ▪ | ဘီလူး။ |
| ၁၇၀။ ကုမ္ဘဏ် | ▪ | နတ်ဘီလူးတစ်မျိုး။ |
| ၁၇၁။ ဂန္ဓဗ္ဗ | ▪ | နတ်သီချင်းသည်။ |
| ၁၇၂။ မနုသီဟ | ▪ | လူမျက်နှာတစ်ခုနှင့် ခြသေ့ကိုယ်နှစ်ခုပါသော ရုပ်သဏ္ဌာန်။ |
| ၁၇၃။ နရား | ▪ | ခြေလေးချောင်းပါသော နဂါးရုပ်။ |
| ၁၇၄။ မကန်း | ▪ | ကိုယ်အကြေးခွံ၊ နှာမောင်း၊ ခြေလေးဖက်၊ အမြီး စသည်တို့ ပါသော ရေသတ္တဝါ။ |
| ၁၇၅။ ရွှေဇဝါ | ▪ | ရွှေမင်ဖြင့် ရေးခြယ်ထားသော ပန်းခက်အရုပ် စသည်။ |

◆ ◆ ◆ ◆ ◆

## ၃။ ရေသည်ပြဇာတ် ရှေးသုံးစကားလုံးများ

| | | | |
|---|---|---|---|
| ၁။ | ကာမဂုဏ် | ▪ | လိုချင်နှစ်သက်ဖွယ်အာရုံ။ |
| ၂။ | ကိုးမျက်စုံ | ▪ | ကျောက်မျက်ရတနာကိုးပါး စုံလင်စွာ စီခြယ်ထားသော။ |
| ၃။ | ကျိုးရာမဲ့သီး | ▪ | အကျိုးမရှိ။ |
| ၄။ | ကျတ်တွင်း | ▪ | တောတွင်းတိရစ္ဆာန်များ ဆားအလို့ငှာ လျက်ရ သောက်ရသော ဆားတွင်း ဆားကျင်း။ |
| ၅။ | ကျိုင်း | ▪ | အရိုးရှည်တပ်ထီးသဏ္ဌာန်၊ မင်း၊ မှူးမတ်အဆောင်အယောင်တစ်မျိုး။ |
| ၆။ | ကြင့်နှန်း | ▪ | ထီးနန်း။ |
| ၇။ | ခုနစ်ချောင်းညို့ | ▪ | စောင်းတီးရာတွင် အရင်းမူလအသံ (၇)ပါး။ |

mgyoe.com

mgyoe.com SAMPLE BOOK

| | | |
|---|---|---|
| ၈။ | ခန်းဝါ | ▪ နေရာ၊ အရပ်။ |
| ၉။ | စကားဖန် | ▪ ကြားဖြတ်ကာ သိုင်းဝိုင်းချဲ့ထွင် ဖန်တီးပြောဆိုသောစကား။ |
| ၁၀။ | စာဂ | ▪ စွန့်ကြဲ ပေးကမ်းခြင်း။ |
| ၁၁။ | စက်စုံ | ▪ ခြေတော်စုံ။ |
| ၁၂။ | စွန့်ခြင်းငါးရပ် | ▪ ဥစ္စာပစ္စည်း ဝတ္ထုတို့ကို စွန့်ခြင်း၊ မယားကို စွန့်ခြင်း၊ သားသမီးကို စွန့်ခြင်း၊ ကိုယ်လက်အင်္ဂါတို့ကို စွန့်ခြင်း၊ အသက်ကို စွန့်ခြင်း။ |
| ၁၃။ | ဇေယျတု | ▪ အောင်မြင်ကြောင်း မင်္ဂလာစကား (မင်္ဂလာရှိစေရန် အောင်စေသတည်းဟု အဓိပ္ပာယ်ရသည်။) |
| ၁၄။ | ဇင်ဂလယ် (ဂျင်ဂလယ်) | ▪ တိုင်းငယ်ပြည်ငယ်။ |
| ၁၅။ | ဇမ္ဗူ | ▪ မြင်းမိုရ်တောင်၏ တောင်ဘက်တွင်ရှိ ဇမ္ဗူသပြေပင်ပေါက်သောကျွန်း။ ဇမ္ဗူဒိပ်ကျွန်း။ |
| ၁၆။ | ဇမ္ဗူမင်းစံ | ▪ စံပြုလောက်သော ဇမ္ဗူရာစ်ရွှေမျိုး။ |
| ၁၇။ | တဏှာ | ▪ လိုချင်တပ်မက်ခြင်း။ |
| ၁၈။ | တာဝန်း | ▪ အကွာအဝေး၊ အတိုင်းအရှည်။ |
| ၁၉။ | တာဝတိံသာ | ▪ နတ်ပြည်ခြောက်ထပ်တွင် ဒုတိယမြောက်အထပ်။ |
| ၂၀။ | တောင်တာ | ▪ ခရီး၊ ရှည်လျားဝေးလံသောခရီး။ |
| ၂၁။ | တန်း | ▪ အချုပ်ခန်း၊ ရာဇဝတ်မှုကို စစ်ဆေးဆဲအခါ ချုပ်ထားသောနေရာ။ |
| ၂၂။ | နရက် | ▪ ငရဲ။ |
| ၂၃။ | ပဆစ်အိမ် | ▪ အဖာအစပ် များလွန်း၍ ပဆစ်အိမ်ကွက်များကဲ့သို့ ဖြစ်နေသောထဘီ။ |
| ၂၄။ | ပါရမီ | ▪ ဘဝအဆက်ဆက် ဖြည့်ဆည်းအပ်သော အလေ့အထုံ။ |
| ၂၅။ | ပက္ကလာ | ▪ နေ၊ မိုး ကာကွယ်ရန် လယ်သူမများ ဆောင်းလေ့ရှိသော စလူ၊ ဝါးဖပ်စသည်ကို နှီးဖြင့် ချုပ်သတ် ပြုလုပ်ထား၍ ကျောပြင်ပါ လုံသည့် ခေါင်းဆောင်းရှည် တစ်မျိုး။ |
| ၂၆။ | ပြက်သိကာ | ▪ အနည်းငယ်၊ ပါသည်ဆိုရုံမျှ အတိုင်းအဆ ပမာဏ။ |
| ၂၇။ | ဗေလုဝစောင်း | ▪ ပဥ္စသိခနတ်သား၏ စောင်းအမည်။ |
| ၂၈။ | ဗောဓိသတ် | ▪ ဘုရားလောင်း။ |
| ၂၉။ | ဗုဒ္ဓင်္ကူ | ▪ ဘုရားလောင်း။ |
| ၃၀။ | ဘဝဂ် | ▪ ၃၁ ဘုံတွင် အထက်ဆုံးဘုံ၊ အထက်ဘုံ။ |
| ၃၁။ | ဘိသိက်ပွဲ | ▪ ရေစင်သွန်း၍ မင်္ဂလာပြုသည့်အခမ်းအနား။ |
| ၃၂။ | ဘုန်းဟော့ | ▪ ဘုန်းရှိသော။ |
| ၃၃။ | မဟာဥပရာဇ် | ▪ အိမ်ရှေ့မင်း။ |
| ၃၄။ | မဂ် | ▪ နိဗ္ဗာန်ဝင်ရာ လမ်းကြောင်း။ |
| ၃၅။ | မင်္ဂလံ | ▪ မင်္ဂလာ၊ အလိုပြည့်ခြင်း၊ အောင်မြင်ခြင်း၊ ကြီးပွားခြင်း၊ ပြည့်စုံခြင်း။ |
| ၃၆။ | မင်းမန္ဓာတ် | ▪ စကြဝတေးမင်း။ |
| ၃၇။ | မောင်းမမိဿံ | ▪ ဘုရင်၊ မိဖုရားတို့၏အခြံအရံ နန်းတွင်းအမှုလုပ်မိန်းမများ။ |
| ၃၈။ | မြောက်စံအိမ် | ▪ နန်းတော်မြောက် အိမ်ရှေ့မင်းနေရာအိမ်။ |
| ၃၉။ | မြင်းမိုရ် | ▪ စကြဝဠာကျွန်း လေးကျွန်း၏ အလယ်ဗဟိုရှိ ယူဇနာ ရှစ်သောင်းလေးထောင်မြင့်သော တောင်ကြီး။ |

mgyoe.com

mgyoe.com SAMPLE BOOK

| | | | |
|---|---|---|---|
| ၄၀။ | မှန်စီဝိုင်း | ▪ | မှန်စီရွှေချထားသောဆိုင်းဝိုင်း။ |
| ၄၁။ | ယူဇနာ | ▪ | ခရီးအကွာအဝေး အတိုင်းအတာ။ (၁၂. ၇၂ မိုင်နှင့် ညီမျှသည်။) |
| ၄၂။ | ယေဘုယျ | ▪ | အများအားဖြင့် ဖြစ်တတ်၊ ပျက်တတ်သော သဘော၊ အတိအကျ မဟုတ်သော အကြမ်းဖျင်းသဘော။ |
| ၄၃။ | ရဝေ | ▪ | နန်းတော်။ |
| ၄၄။ | ရာဂီမြူမျှင် | ▪ | ကာမဂုဏ်၌ ပြင်းစွာ စွဲမက်သော စိတ်ဆန္ဒမြူ အညစ်အကြေး။ |
| ၄၅။ | ရွှေတော်ယူ | ▪ | ဆင်တပ်တော်အတွက် ရွေးကောက်ခြင်းခံရသော 'ရွှေဆင်' တို့ ဝင်ထွက်ရာ ရွှေနန်းတော် သစ်တပ်အရှေ့မျက်နှာတံခါး။ |
| ၄၆။ | ရွှေတောင် | ▪ | ထီးနန်း။ |
| ၄၇။ | လောကခံ | ▪ | လောကတွင် ဖြစ်လေ့ဖြစ်ထရှိသော ဆူကြုံ၊ နိမ့်မြင့်သဘောတရား။ |
| ၄၈။ | လောကသုံးဖြာ | ▪ | ကာမ၊ ရူပ၊ အရူပ ဟူသော လောကသုံးပါး။ |
| ၄၉။ | လှမနော် | ▪ | လှပသော မနော်နတ်သမီး။ |
| ၅၀။ | လျှော်တေ | ▪ | သစ်ပင် မြက်ပင်မှ ရသော လျှော်ဖြင့် ပြုလုပ်ထားသည့် သက်န်း။ |
| ၅၁။ | ဝေဝုစ် | ▪ | စကားပရိယာယ်။ |
| ၅၂။ | ဝေဿဝဏ်နတ် | ▪ | နတ်မင်းကြီးတစ်ပါး။ |
| ၅၃။ | သံသရာ | ▪ | ဘဝအသစ် ဖြစ်ခြင်းဖြင့် အစဉ်မပြတ်ဘဲ အဖန်တလဲလဲ ကျင်လည်ရာ ဘဝစက်။ (တပြောင်းပြန်ပြန် ကျင်လည်ရာ) |
| ၅၄။ | သံသာကမ်းရပ် | ▪ | သံသရာ၏တစ်ဖက်ကမ်း နိဗ္ဗာန်။ |
| ၅၅။ | သော်မှော် | ▪ | ပန်းပုပန်းကြွတစ်မျိုး။ |
| ၅၆။ | သကြိန်ယင် | ▪ | ခေါင်းဆေးမင်္ဂလာပြုသည်။ |
| ၅၇။ | သိင်္ဂီ | ▪ | ရွှေကောင်းတစ်မျိုး။ |
| ၅၈။ | သန်းခေါင်မောင်း | ▪ | သန်းခေါင်တွင် သာယာစွာ မြည်သောစောင်း။ |
| ၅၉။ | သဗ္ဗညုဉာဏ် | ▪ | အလုံးစုံသိသောဉာဏ်၊ ဘုရားဉာဏ်။ |
| ၆၀။ | သမ္ဘာ | ▪ | ဘဝအဆက်ဆက် ပါရမီဖြည့်တင်းမှုကြောင့် ဖြစ်ပေါ်လာသော ဘုန်းကံ။ |
| ၆၁။ | အကျော်ဇေယျ | ▪ | အောင်မြင်ကျော်ကြားခြင်း။ |
| ၆၂။ | အစိမ်းဖမ်း | ▪ | အချိန်မဆွဲဘဲ၊ နှူးနှပ်မနေဘဲ အမိအရယူသည်။ |
| ၆၃။ | အဝီစိ | ▪ | အရှင်း၊ လုံးဝ မပါရှိ |
| ၆၄။ | အာရုံ | ▪ | စိတ်၏ ကျက်စားရာ။ စိတ်၏မှီတွယ်ရာ။ |
| ၆၅။ | ဥကင် | ▪ | ရာဇပလ္လင်၏ အထက်ပိုင်း အထွတ်။ မြင့်မြတ်သောအရာ။ |
| ၆၆။ | ဥက္ကဌ် | ▪ | အထွတ်အထိပ်။ အကြီးအမှူး။ ဦးခေါင်း။ |
| ၆၇။ | ဥပ္ပဒ္ဒဝေါ | ▪ | မမျှော်လင့်ဘဲ ရုတ်တရက် ဖြစ်လာသော ဘေးအန္တရာယ်။ |
| ၆၈။ | ကေရာဇ် | ▪ | တစ်ပါးတည်းသောမင်း။ |

◆ ◆ ◆ ◆ ◆

mgyoe.com

## ၂။ (ခ) ကဗျာ၊ စကားပြေ၊ ရေးသည့်ပြဇာတ်မှ ဝေါဟာရများ

### မြန်မာကဗျာမှ ဝေါဟာရများ

### ၁။ ရွှေနှင့်ယိုးမှား ပန်းစံကား

သိုးကလေး
ပုပ္ပားနတ်တောင်
အခေါင်မြင့်ဖျား၊ စုံတောပြား၌
နံ့ရှားကြိုင်လွင့်၊ ခါတန်ပွင့်သည်
ရွှေနှင့်ယိုးမှား၊ ပန်းစံကား။
သိုးကလေး
စံကားပွင့်နှင့်
နှိုင်းတင့်နိုးသည်၊ ရဲမျိုးသမီး
မောင်ကြီးနှမ၊ ညက်လှပြာစင်
မယ်သည်ပင်သည်၊ ခရီးသား
သိုးကလေး
မြိတ်လွတ်စုလည်း
အငယ်တည်းက၊ ကျွမ်းဝင်ကြသည်
မွေးဖတူရင်း၊ မျိုးသည်မင်းနှင့်
ချစ်ခြင်းစုရုံး၊ သက်ထက်ဆုံးသည်
နှလုံးမခြား၊ စောင့်တရား။
ဆွေမိမင်း
မျက်သုတ်နီစင်
ရထည်းဖျင်နှင့်၊ ကျိုင်းစင်မြဝါ
မတ်ကြီးလျာကို
မယ်သာကြိုက်မိ၊ တုမရှိ။

လင်္ကာ ရွှေးစာဆို

| | | | |
|---|---|---|---|
| ၁။ | နံ့ရှား | - | ရနံ့မွှေးကြိုင်သည်။ |
| ၂။ | ခါတန် | - | အချိန်သင့်၊ အခါသင့်။ |
| ၃။ | ညက်လှပြာစင် | - | နူးညံ့စင်ကြယ်သောအသားအရေရှိသူ။ |
| ၄။ | မျက်သုတ်နီစင် | - | စင်ကြယ်သော မျက်နှာသုတ်ပဝါအနီ၊ ရွှေခါးစည်းပဝါ။ |
| ၅။ | ကျိုင်းစင်မြဝါ | - | ဖွံ့ဖွံ့ထွားထွား စင်ကြယ်စိုပြည်သူ၊ ချစ်ခင်ကြင်နာသူ။ |

၁။ စံကားဝါပန်းကလေးသည် ပုပ္ပားတောင်တွင် အချိန်အခါအလိုက် ပွင့်လန်းနေသောကြောင့် တစ်တောင်လုံး နံ့ရှား နေပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၂။ စံကားဝါပန်းကလေးသည် ပုပ္ပားတောင်တွင် ခါတန်အလိုက် ပွင့်လန်းနေပါသည်။
၃။ ပုဂံခေတ် မိန်းမပျိုလေး၏ အသားအရေသည် ညက်လုပြာစင်သော အသားအရေ ဖြစ်သည်။
၄။ မိန်းမပျိုကလေး၏ ချစ်သူသည် မင်းမှုထမ်းတစ်ဦး ဖြစ်သောကြောင့် သူ့အဆင့်အတန်းအလိုက် ဝတ်ဆင်ရသော မျက်သုတ်နီစင်ကို ဝတ်ဆင်ထားပါသည်။
၅။ မိန်းမပျိုလေး၏ချစ်သူသည် ရဲစွမ်းသတ္တိရှိသောကြောင့် သူ၏ခန္ဓာကိုယ်မှာ ကျိုင်းစင်မြဝါသူ့အဖြစ် မြင်တွေ့ရပါသည်။

---

## ၂။ မြင်စိုင်းရွှေပြည်

တာဝတိံသာ၊ နတ်ရွာလော၊ နတ်ရွာလော
ဟုတ်တည်း ရှင်ချင်း ရှင်ချင်း။
ဟုတ်တည်း ဆွေရင်း ဆွေရင်း။
ဟုတ်တည်း သည်ရင်း သည်ရင်း။
မြင်စိုင်းဟူသည်၊ ရွှေပြည် ရွှေပြည်။
မြင်စိုင်းရွှေပြည်၊ ပန်းသင်းခွေ
ပင်ခြေချံုထက်နွယ်၊ ချံုထက်နွယ်။
တောင်လေရှုန်းရှုန်း၊ မိုးခတ်အုန်း
ကင်ပုန်းပွင့်ချီချယ် ပွင့်ချီချယ်။
နွယ်ပန်းခွာညို၊ ပွင့်ပေလို
ပြာသိုဆောင်းလလယ်၊ ဆောင်းလလယ်။
တောင်ထွတ်ဖျားဆီ၊ ရွှေစာတီ
သရီရဓာတ်စွယ်၊ သရီရဓာတ်စွယ်။
ယာဆီမြေကောင်း၊ ကျသည့်ပြောင်း
မနှောင်းမှည့်ဆောလွယ်၊ မှည့်ဆောလွယ်
ခါနှင့်ဘုတ်ချိုး၊ ကြက်တောမျိုး
လိုစိုး ကျက်မြေကျယ်၊ ကျက်မြေကျယ်။
ယှဉ်ဖော်မဝေး၊ ဖော်ရွှေကျေး
စာနွေး စားလိုဖွယ်၊ စားလိုဖွယ်။
ယရည်းသွန်းသွန်း၊ မြင်းသည်ဝန်း
လုံ့ချွန်း တွန်းတက်ပယ်၊ တွန်းတက်ပယ်။
စောလူးစီးတန်၊ မျိုးဆက်ဒန်
လျင်ထန်မြင့်မဆွယ်၊ မြင့်မဆွယ်။
မြှောက်စည်လတီး၊ ဝင်ခါနီး
စောထီးနန်းထက်ကျယ်၊ နန်းထက်ကျယ်။
သာသည့်မြေပြင်၊ စောနတ်ရှင်
နန်းခွင် ရှုတင့်တယ်၊ ရှုတင့်တယ်။
အထူးလော၊ တက်တိမ်လော၊ နေရောင်လော။

ကာချင်း ငါးစီးရှင်ကျော်စွာ

ဤကဗျာအတွက် ဝေါဟာရဖွဲ့ရန် ခေတ်သုံးဝေါဟာရ မရှိပါ။

mgyoe.com

mgyoe.com
SAMPLE BOOK

## ၃။ ဝိဇ္ဇာသိပ္ပ လှူကိစ္စ

သကျရှုပ်၊ ကြုံကြုံသမျှ
တောင့်တ ရာရာ၊ တတ်ကောင်းစွာသား
ဝိဇ္ဇာသိပ္ပ၊ လှူကိစ္စကို
ယော်ကမသင်၊ ပျော်ပါးလွင်မူ
အကြင်သူအား၊ စကားချေတင်
သဘင်မပြု၊ ခံတွင်းမဲ့သို့
ချို့တဲ့ပညာ၊ ညိုးမျက်နှာနှင့်
ရွံ့ရှာလန့်ထိတ်၊ အသံဆိတ်၏။
တိတ်တိတ်မနေ၊ ဆိုပါချေလည်း
မပြေမပြစ်၊ အထစ်ထစ်လျှင်
ကျစ်လျစ်မရှိ၊ အငြိငြိတည့်။
ဟုတ်လိနိုးနိုး၊ ဆင်ကန်းတိုးသို့
အကျိုးအကြောင်း၊ ကောင်းကောင်းမမှန်
သမ္ဗန်ပါဌ်လျှောက်၊ ရှေ့နောက်မညီ
အစီအလျဉ်၊ အစဉ်မသင့်
တဖျင့်တစ်ပါး၊ ရယ်ဖွယ်များခဲ့။
ဘိုးဘွားမိဘ၊ သူကြီးမ၍
မလျှမညီ၊ မစိုးမရိမ်
နတ်စည်းစိမ်သို့၊ ရွှေအိမ်ဘုံမြင့်
ခုနစ်ဆင့်ထက်၊ နေလင့်ကစား
ပြာသာဒ်ဖျားဝယ်၊ နားသည့်ကျိုးမျှ
ပမာကျလိမ့်။
အင်ပစွင်
သွင်ပြင်ရုပ်ဝါ၊ ပြည့်စုံပါလည်း
နံ့သာလှိုင်ခြင်း၊ ဂုဏ်နံ့ကင်းမူ
အဆင်းလှဆန်း၊ လှူပေါက်ပန်းဟု
သွမ်းမှန်းသိထွေ၊ ကဲ့ရဲ့လေအံ့။
လုပ်ခြေလုပ်လက်၊ စဉ်ဆက်နည်းမှီး
မကျင့်သီးသော်၊ ချည်းနှီးဥစ္စာ
လိုခါမရ၊ ကြောင့်ကြစိုးရိမ်
ဖန်ကြိမ်များစွာ၊ အိုသောခါလည်း
မဟာဒုက္ခ၊ တွင်းဆုံးကျသည်
နောင်တနှလုံး မငြိမ်တည်း။

ပျို့ ရှင်မဟာရဋ္ဌသာရ

၆။ သဘင် - အစုအဝေး။
၇။ ကျစ်လျစ် - သိပ်သည်း ဖိပြားသည်၊ စည်းကမ်းရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

| | | | |
|---|---|---|---|
| ၈။ | ရှုံ့ရှား | - | လန့်ထိတ်။ |
| ၉။ | လူ့ပေါက်ပန်း | - | အဆင်းသာရှိ၍ အချင်းမရှိသူ။ |
| ၁၀။ | မဟာဒုက္ခ | - | ကြီးမားသောဆင်းရဲ။ |
| ၁၁။ | ပျော်ပါးလွင် | - | ပျော်ပါးပေါ့တန်စွာနေသည်။ |
| ၁၂။ | နောင်တ | - | ပြုသင့်သည်ကို မပြုမိ၊ မပြုသင့်သည်ကို ပြုမိသည့်အတွက် အချိန်လွန်မှ ပူပန်ခြင်း။ |

၆။ ငယ်စဉ်က ပညာမရှာခဲ့သူသည် ပွဲလမ်းသဘင်တွင် စကားအချေအတင် ပြောစရာရှိလာပါက ထိတ်လန့်နေတတ်သည်။

၇။ ယဉ်ကျေးသိမ်မွေ့သော မနှင်းဆီသည် အသွားအလာ၊ အပြုအမူတို့တွင် ကျစ်လျစ်ပါသည်။

၈။ စာမကြိုးစားသောသူသည် ဆရာ/ဆရာမများနှင့် တွေ့ရမည်ကို ရှုံ့ရှာနေတတ်ပါသည်။

၉။ မောင်အောင်သိန်းသည် ရုပ်ရည် ချောမောသော်လည်း ပညာမတတ်သောကြောင့် လူ့အသိုင်းအဝိုင်းက လူ့ပေါက်ပန်းဟု ကဲ့ရဲ့ ကြပါသည်။

၁၀။ ငယ်စဉ်က ပညာ မသင်ကြားခဲ့သူသည် ကြီးရင့်လာသောအခါတွင် မဟာဒုက္ခကြီးကို ကြုံတွေ့ရတတ်ပါသည်။

၁၁။ လူငယ်ဘဝတွင် စာကို ကြိုးစားသင်ယူခြင်း မရှိဘဲ ပေါ့ပေါ့တန်တန်ဖြင့် ပျော်ပါးလွင်သူသည် ကြီးရင့်လာသောအခါ ဒုက္ခရောက်တတ်ပါသည်။

၁၂။ မောင်မောင်သည် စာမကြိုးစားခဲ့သောကြောင့် စာမေးပွဲတွင် မဖြေဆိုနိုင်ဘဲ ဖြစ်ရသည်ကို နောင်တရလျက် ရှိပါသည်။

---

## ၄။ နွေဦးကာလ မြူထသောအခါ

နွေဦးကာလ၊ မြူထသောခါ
ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုးလွယ်ကာ
ဓားနှီးထက်စွာ၊ ခါးမှာချပ်လျက်
ထန်းပွင့်ထန်းခိုင်၊ ရွှန်းမြိုင်မြိုင်
ကလိုင်သာလွယ်လို့ တက်သည့်နှင့်လေး။
ထန်းပင်ထန်းလက်၊ ထန်းရွက်ကယ်ဝေဝေ
စင်အောင်ခုတ်ထစ်၊ နုမျစ်ကယ်ထန်းဦးရေ
မယားငယ်ဆွေ၊ ထန်းရေသိမ်းဆည်း
သားမြေးဟစ်ကြော်၊ ခွေးဝက်ကယ်ခေါ်
ထန်းလျှော်သာ ယုန်ပိုက်စည်းငယ်နှင့်လေး။
ခေါ်သံရိုက်ဟည်း၊ လူလည်းကြော်ငြာ
ခွေးဟစ်လူဟစ်၊ ခတ်ပစ်ကယ်ခြောက်သောခါ
ပုတတ်ကယ်ယုန်ခါ၊ တောမှာရှိကြ
ငုံး ကြက်ကယ် ဖွတ် မြွေ၊ ဝံပုလွေ
မနေထွက်လာကြသည်တည့်လေး။
ဝမ်းသာအားရ မယားကတစ်သွယ်
ဟင်းရွက်ဆိုးကောင်း၊ သောင်းပြောင်းရော၍လွယ်
လင်ကတစ်သွယ်၊ ယုန်ငယ်ကစ
တောသတ္တဝါ၊ တွေ့တိုင်းကိုသာ

mgyoe.com

mgyoe.com SAMPLE BOOK

အိတ်မှာသာယူ၍ ချသည်နှင့်လေး။
သို့နှင့်ရောက်က၊ ခဏအောင့်လျှင်
တံစို့ထက်နှင့်၊ ထန်းလျက်ဖိုမှာကင်
ဟင်းအိုးဆူလျှင်၊ အကင်ခတ်ပြီး
အိုးကင်းနှင့်လှော်၊ ရေနှင့်ကြော်
မိုးမျှော်ငရုတ်သီးငယ်နှင့်လေး။
နှီးဒေါင်းလန်းကြီး၊ ခူးပြီးသောခါ
သမီးနှင့်သား၊ များလို့ မဝင်သာ
ဒူးတစ်ဖက်ဟာ၊ တွန်းကာဖယ်လျက်
သူ့ထက်ငါလေ၊ စားတော့မည်စေ
စားပေသာလှ အုန်းခွက်ကယ်နှင့်လေး။
ငှံ့လျက်ကိုယ်စီသာ
ဆုပ်ကာ လွေးတော့သည်။
ပြီးလျှင် ရေမရှာ
ခွေးသာ ကျွေးတော့သည်။

**တျာချင်း** **စန္ဒကြီးပဒေသရာဇာ**

| | | | |
|---|---|---|---|
| ၁၃။ | မြူ | - | မြေလွှာအထက်ဝန်းကျင်၌ ရစ်ဆိုင်းနေတတ်သော အခိုးအငွေ့။ |
| ၁၄။ | ရင်းထောင် | - | ထန်းပင်၏ အောက်ခြေအရင်းမှ ထောင်တက်ရသော လှေကားငယ်။ |
| ၁၅။ | ရင်းဆွဲ | - | ထန်းပင်အထက်မှ အောက်သို့ တွဲလျားချ၍ ထန်းပင်နှင့်ကပ်ချည်ထားသော ထန်းတက်လှေကားငယ်။ |
| ၁၆။ | ဓားနှီး | - | ထန်းလှီးဓား။ |
| ၁၇။ | လွေး | - | အားရပါးရ စားသောက်သည်။ |
| ၁၈။ | ရှိုက်ဟည်း | - | ဟိန်း၍ ပွဲ့နှံ့သည်။ |
| ၁၉။ | သောင်းပြောင်း | - | အရောရော၊ အနှောနှော။ |
| ၂၀။ | ကလိုင် | - | ထန်းပြင်ရာတွင် ထန်းလက်ကို ထန်းပင်လုံးမှကွာအောင် ထိုးကလန့်ပြီး ထန်းသမား ထိုင်ရသော တုတ်ချောင်း။ |
| ၂၁။ | ယုန်ပိုက်စည်း | - | ယုန်ထောင်ရန် ပိုက်တန်းစည်း။ |
| ၂၂။ | တံစို့ | - | မီးကင်ရန် သား၊ ငါး ထိုးလျှိုရသော အဖျားချွန် အချောင်းအတံ။ |
| ၂၃။ | နှီးဒေါင်းလန်း | - | ဝါးနှီးကို ရက်လုပ်ထားသော ခြေထောက်တပ်ဗန်းကြီး။ |

၁၃။ ဆောင်းအကုန် နွေအကူးကာလ မနက်ခင်းများတွင် မြူများ ကျဆင်းနေတတ်သည်။
၁၄။ ထန်းသမားတို့သည် ထန်းပင်တက်ရန်အတွက် ရင်ထောင်ရင်းဆွဲကို သုံး၍ ထန်းပင်ပေါ်သို့ တက်ရပါသည်။
၁၅။ ထန်းသမားကြီးသည် ထန်းရည် ရရှိရန်အတွက် ဓားနှီးဖြင့် လှီးရပါသည်။
၁၆။ အလုပ်သမားကြီးများသည် ပင်ပင်ပန်းပန်း လုပ်ကိုင်ပြီးနောက် ထမင်းစားသောအခါ ဗိုက်ဆာနေသောကြောင့် ခေါင်းမဖော်စတမ်း လွေးနေကြပါသည်။
၁၇။ ဘောလုံးပွဲတိုင်းတွင် မိမိတို့အသင်းမှ အခြားအသင်းများသို့ ဂိုးသွင်းလိုက်လျှင် အားပေးသံများသည် ရှိုက်ဟည်း သွားပါသည်။
၁၈။ မြန်မာဘုန်းကြီးကျောင်းများတွင် အရုဏ်ဆွမ်းကို သောင်းပြောင်းရော၍ ချက်ကြပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၁၉။ ထန်းသမားကြီးသည် ထန်းပင်ပေါ်တွင် ထန်းလှီးရန်အတွက် ထိုင်ရန် ကလိုင်ကို အသုံးပြုကြသည်။
၂၀။ ထန်းသမားမိသားစုသည် အမဲလိုက်ရာတွင် ထန်းလျော်ဖြင့်ပြုလုပ်ထားသော ယုန်ထောင်ပိုက်ကို အသုံးပြုကြပါသည်။
၂၁။ ထန်းသမားမိသားစုသည် အမဲလိုက်ရာတွင် ယုန်ထောင်ပိုက်ကို ယူဆောင်ပြီး တပျော်တပါး အမဲလိုက်ကြပါသည်။
၂၂။ အသားငါးတို့ကို လွယ်ကူစွာ မီးကင်နိုင်ရန် တံစို့ထိုးရပါသည်။
၂၃။ ထန်းသမားမိသားစုသည် စားသောက်ရာတွင် နွားဒေါင်းလန်းကြီးထဲ ထည့်၍ တပျော်တပါး စားသောက်ကြပါသည်။

---

## ၅။ စစ်မှာတစ်မူ

ချစ်တဲ့ သူငယ်လေ'
သူငယ်ချင်းကောင်း၊ ယောက်မတို့လေ။
သူများမောင်မှာ
စစ်သံကြားလျှင်၊ နာဖျားဥပါယ်ခိုကြတယ်။
နှမလေး မယ်တို့မောင်မှာ
စစ်သံကြားလျှင်၊ ရွှေဓားပိုက်ကာ
အိုးစားဖက်ကို၊ လိုက်လို့ရှာသည်
ရိက္ခာကနည်း (နဲ)၊ မိုးကသည်း (သဲ) နှင့်
သင်းတွဲကို ကူးပါလိမ့်မလားတော်။
စစ်မှာတစ်မူ
နှမလေး မယ့်ထက်ဖြူကို၊ ယူမလားတော်။
စစ်မှာယွန်းမ
နှမလေး မယ့်ထက်လှကို၊ ရမလားတော်။
စစ်မှာဆွေမျိုး
ဘိုးဘွားမောင့်မှာ ရှိသလားတော်။
စစ်မှာတစ်မူ
နှမလေး မယ့်ထက်ဖြူကို၊ မယူစဘူးဗျာ။
စစ်မှာယွန်းမ
နှမလေးမယ့်ထက်လှကို၊ မရဘူးဗျာ။
စစ်မှာဆွေမျိုး
ဘိုးဘွားမောင့်မှာ၊ မရှိဘူးဗျာ။
ရေမြေ့သခင်၊ ရှင်ဘုရင်က
မိန့်တော်စာနှင့်၊ အပါချသည်
လိုက်ရတော့မယ်။
မြင်းမှာအုန်းခွံ၊ ကျွန်မှာကုလား၊
ဓားမှာမိုးကြိုး၊ ယွန်းပုဆိုးနှင့်၊
အိုးစားဖက်စုံ၊ စစ်သည်ပုံမှာ
ကျွန်ယုံစားမို့၊ မောင်ကလေးငယ်

mgyoe.com

mgyoe.com

မောင်သာလိုက်တဲ့၊ တောင်ပတ်လည်နှင့်
ဇင်းမယ်ဆိုသည်၊ ညီတဲ့မြို့မှာ
ပျို့လွှမ်းဖွယ်လေး။

အိုင်ချင်း ရှင်ငြိမ်းမယ်

၂၄။ အုန်းခွံ - အုန်းခြောက်ခွံရောင် အမွေးရှိသော (မြင်း)
၂၅။ ဥပါယ် - နည်းပရိယာယ်၊ ဉာဏ်ဆင်မှု။

၂၄။ သူရဲကောင်းတို့သည် အုန်းခွံရောင်မြင်းကို နှစ်သက်စွာ စီးကြပါသည်။
၂၅။ စစ်သူကြီးမဟာသီဟသူရသည် တရုတ်စစ်တပ်ကြီးကို ဥပါယ်သုံး၍ အနိုင်ယူခဲ့ပါသည်။

## ၆။ ဘုန်းနှင့်ကံနှင့် ရွှေသဇင်

စိမ့်ကြီးမြိုင်ကြီး၊ ရိပ်ကြီးတောတောင်
နေရောင်မခံ၊ ပန်းပျံပင်ဆင့်
မြေနှင့်ရန်ဖက်၊ ခက်လက်စိမ်းမြ
မိုးမခဘူး၊ နွေလသန်ပေါက်
ယဉ်ချိန်ရောက်ခါမှ၊ နှင်းသောက်ကယ်ရွှင်ရွှင်
ပွင့်ဖူးတွေ ဆင်ကြတယ်။
ရွှေပင်ဆင့်ငွေပင်ဆင့်၊ ပတ္တမြားပင်ဆင့်
ဂမုန်းအင့်အဖက်
ဆောင်းစက်ရိပ်ခို၊ ရေတွက်လို့ဆိုတော့မည်။
လက်တံကိုတစ်မည်၊ လက်တံရှည်နှင့်
နေရောင်ခြည် လရောင်ဝါ
မိုးလုံးပြာ မိုးလုံးမှိုင်း
ပုလဲဆိုင်း ပုလဲနှစ်
ချစ်စရာ့လိပ်ပြာတောင်
နီလာရောင်တောင်လုံးမြိုင်
သုံးပွင့်ဆိုင်ခိုင်လုံးဆန်း
ပင်လုံးလန်းနွဲ့တန်းယိမ်း
ညာတံစိမ်းများတို့
လေသိမ်းတိုင်းလှ၊ ကိန္နရီကသည့်နှယ်
တချို့ကနီပြာပြာ၊ တချို့က ဖြူဝါဝါ၊
အချို့မှာ ချိပ်ပွင့်၊ တချို့မှာ ပန်းရင့်ကို
ပင်ဆင့်ပန်းပျံ၊ ဘွဲ့မည်ရည်ခံချင်းတွင်
ဝေယန်နန်းမြင့်၊ ပန်တိုင်းတင့်မို့
မြို့ဝန်မင်းစာ၊ လိပ်မပါဘဲ
ကွယ်ရာဈေးပြင်၊ ရောင်းလို့များမြင်မလား။
သေချင်သေ၊ ရှင်ချင်ရှင်

mgyoe.com SAMPLE BOOK

အင်မတန့် အင်မတန်၊ ရာဇဝတ်တော်ခံရမည်။
မြတ်ပန်တော်ပန်း၊ ခိုင်လုံးလန်းကို
ဟိုလောင်ပန်းပွင့်၊ ဘယ်ဂုဏ်ကြောင့် ဝင့်မတုံး
ဘုန်းနှင့်ကံနှင့်ရွှေသဇင်။

ရကန် ဦးတိုး

၂၆။ နှင်းသောက် - နှင်းရည်စိုစွတ်သည်။
၂၇။ ဆောင်းစက်ရိပ်ခို - ဆောင်းရာသီ၏ အရိပ်ကို ခိုလှုံ၍ ပွင့်သည်။
၂၈။ မိုးမခ - မိုးရေမစွတ်။

၂၆။ သစ်ပင်ပန်းမန်တို့သည် ဆောင်းရာသီအခါ၌ နှင်းသောက်လေ့ ရှိသည်။
၂၇။ သဇင်ပန်းသည် သစ်ပင်ကြီးများပေါ်၌ ဆောင်းစက်ရိပ်ခို၍ ပွင့်ကြပါသည်။
၂၈။ သစ်ပင်ကြီးများ၏ အရွက်များ ဖုံးအုပ်ထားသောကြောင့် သဇင်ပန်းသည် မိုးမခနိုင်ပါ။

## ၇။ တပေါင်းညာကျင်

တပေါင်းငယ်မှ ညာကျင်
နွေဦးဆန်းသစ်၊ ရွက်ရော်လှစ်လို့
ပုရစ်ကယ်ရွှေဥ၊ ပင်တိုင်းစုကြသည်
နုညိုစင်ငယ်တဲ့လေ။
ဝန်းကျင်ငယ်မှပတ်ကုံး
တွန်ထူးဘာသာ၊ ငှက်တို့မှာလည်း
စုကာရုံးလို့၊ ငြိမ့်အုန်းငယ်ကျူးသီ
အမသံညောင်း၊ သိုက်နန်းငယ်အောင်းလို့
သာပေါင်းငယ်ချီသည်
သရဖီရွှေခိုင်က၊ လှိုင်ရှာလေကော။
ညာကြောငယ်မှဖူးသစ်
ရဂုံတစ်ခွင်၊ သာပေါင်းငယ်ရှင်သည်
မင်းလွင်လှစ်လို့၊ မူးမြစ်ကယ်ကမ်းယံ
ငါးထွေငါးမြင်း၊ ငါးပူတင်းတို့
သောင်ရင်းငယ်ဆန်သည်၊ ငါးတန်ငယ် ဝဲခိုလို့
ပိုက်ခြေတိုဆင်း။
ပျော်ခင်းငယ်မှသာလှ၊ သည်ချိန်ကျလျှင်
တောဝဂနိုင်၊ စုံသာမြိုင်မှာ
မခိုင်ရွက်ညောင်း၊ ကြွေကျပြောင်းလို့
ထောင်းထောင်းငယ်လျှံငွေ့၊ လောင်ခလေ့နှင့်
လွမ်း၍ငယ်တစေ၊ အလိုသေရချည့်
စိတ်ဖြေလို့မရနိုင်၊ ဘယ့်နှယ်လူ ခိုင်ပါ့မယ်
ယုဂန်ပိုင် ရှင်သိကြားတို့၊ မာန်ထားရင်းလေ။

ဘဲချင်း ဦးယာ

mgyoe.com

mgyoe.com

| | | | |
|---|---|---|---|
| ၂၉။ | ရွက်ရော်လှစ် | ▪ | ရော်ဝါရွက်များကို ခြွေသည်။ |
| ၃၀။ | ပတ်ကုံး | ▪ | အနီးတစ်ဝိုက် နယ်ပယ်ဒေသ။ |
| ၃၁။ | ထောင်းထောင်း | ▪ | အရှိန်အဟုန်ပြင်းစွာ။ |
| ၃၂။ | ပိုက်ခြေတို | ▪ | ခြေတိုပိုက် (ငါးဖမ်းပိုက်တစ်မျိုး) |
| ၃၃။ | ပုရစ် | ▪ | ထွက်ခါစ အရွက်၊ ထွက်ခါစ အဖူး။ |
| ၃၄။ | သောင်ရင်း | ▪ | သောင်၏ အနီးဆုံးနေရာသောင်စပ်။ |
| ၃၅။ | ယုဂန် | ▪ | အာဒိကပ္ပကျမ်းများအရ မြင်းမိုရ်တောင်၏ အရန်ဖြစ်သော တောင်ခုနစ်လုံး အနက် နေ လ သွားရာလမ်းနှင့် တစ်ညီတည်း မြင့်သည်ဟု မှတ်ယူသော တောင်ရန်တစ်လုံး။ |
| ၃၆။ | တစေ | ▪ | အမြဲ။ |

၂၉။ တပေါင်းလသို့ ရောက်လာသောအခါတွင် သစ်ပင်တိုင်းတွင် ရွက်ရော်လှစ်ကြသည်။
၃၀။ ကျေးရွာဝန်းကျင် ပတ်ကုံးသည် မိုးရာသီ၌ စပါးပင်များဖြင့် စိမ်းစိုနေလေ့ ရှိပါသည်။
၃၁။ အမျက်ဒေါသ ထောင်းထောင်း ထွက်တတ်သူသည် အသက်တိုတတ်ပါသည်။
၃၂။ ကိုတံငါတို့သည် ငါးဖမ်းရာ၌ ပိုက်ခြေတိုများကို တစ်ခါတစ်ရံ အသုံးပြုတတ်ပါသည်။
၃၃။ နွေဦးရာသီသို့ ရောက်သောအခါတွင် သစ်ပင်တိုင်းကို ကြည့်လိုက်ပါက ပုရစ်ဖူးကလေးများဖြင့် လှပနေတတ်ပါသည်။
၃၄။ ငါးထွေ၊ ငါးမြင်း၊ ငါးပူတင်းတို့သည် ရေကို ဆန်တက်ပြီး သောင်စပ်တွင် အစာရှာလေ့ ရှိပါသည်။
၃၅။ ယုဂန် တောင်သည် မြင်းမိုရ်တောင်ပြီးလျှင် ဒုတိယအမြင့်ဆုံးတောင် ဖြစ်သည်။
၃၆။ စိတ်တိုတတ်သော ရွာသူကြီးသည် အမြဲတစေ ဒေါသထွက်လျက် ရှိသည်။

---

## ၈။ ဌာနီပြည်ကြီးက ဝေးသနှင့်

ဩော် တစ်ကိုယ်ဆွေးဖွယ်
မြောင်ခင်တန်းနှင့်၊ တောင်ကမ်းကွယ်
လမ်းဘယ်ဝယ်ရှိ
နယ်ရှစ်ခွင်လုံး၊ တိမ်မင်တုံး
မိုးလုံးအိသို့၊ အို သိတတ်ပြီ။
မြိုင်ခြေအုပ်က၊ ရွှေဘုတ်ကယ်အိသည်
ဌာနီပြည်ကြီးကလည်း ဝေးသနှင့်။
ငုံကင်းငယ်ပန်းမန်၊ ရွက်ရင့်လျှောလို့
ရွက်ကြောငယ်လှန်သည်
တောင်ပြန်လေညင်းကလည်း သွေးသနှင့်။
သူရကန်စက်၊ ဖန်ဂယက်လည်း
လယ်ချက်ဗဟို
ယုဂန်စွန်းက၊ ထိမ်ကွန်းငယ်ခိုသည်
ချိန်ညိုနေမင်းကလည်း အေးသနှင့်။
နောင့်ဆွေးငယ်ဗျာဝှန်၊ လွန့်ထက်လွန်ကို
တစ်သွန်ကူလှောက်

mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်ဖြေဆည်ဖျောက်နိုင်လိမ့်။
တောမျောက်ကကြိုးခွေ။
စိမ့်ကြီးမြိုင်ချောင်က
ရွှေဖိုးခေါင် သံချိုညောင်း
ဒေါင်းက အိုးဝေ။
တောင်တံပြက်၊ ကျောက်စက်ကျစမ်းရေ
တွေတွေစိမ့်ကြည်အေး။
အို နောင့်တည်းဟာမို့
ရွှေသည်းမှာ ကြွေကြွေဆူလှတယ်
နန်းသူကြောင့်လေး။

ညည်းချင်း — ဦးကြင်ဥ

| | | | |
|---|---|---|---|
| ၃၇။ | မြောင် | - | ကုန်းမြင့်နှစ်ခုကြား အလျားရှည်၍ အနံကျဉ်းသောချိုင့်ဝှမ်း။ |
| ၃၈။ | ခင်တန်း | - | မိုမောက်ပြန့်ပြူးနေသော မြေတန်း၊ ကုန်းတန်း၊ ကုန်းရိုး။ |
| ၃၉။ | နယ်ရှစ်ခွင် | - | အရပ်ရှစ်မျက်နှာတစ်ခွင်။ |
| ၄၀။ | တိမ်မင်တုံး | - | မင်တုံးမင်ကဲ့သို့ မည်းမှောင်သောတိမ်။ |
| ၄၁။ | အီသည် | - | ဘုတ်ငှက်အော်မြည်သည်။ |
| ၄၂။ | စိမ့် | - | စိမ့်ရေပေါက်သောတော။ |
| ၄၃။ | မြိုင် | - | စိမ်းစိုအုပ်မှိုင်းသော တောကြီး။ |

၃၇။ နန်းတွင်းသားလေး ရောက်ရှိသောနေရာသည် လျှိုမြောင်အတွင်း ဖြစ်နေသောကြောင့် ပတ်ဝန်းကျင်ကို မမြင်နိုင်ပေ။
၃၈။ တောစပ်ခင်တန်းကလေးတွင် မြူခိုးမြူငွေ့များ ရစ်ဆိုင်းနေသည်ကို ကြည့်ရသည်မှာ လွမ်းစရာပင် ဖြစ်သည်။
၃၉။ မိုးရာသီတွင် မိုးသားတိမ်လိပ်များသည် နယ်ရှစ်ခွင်တိုင်းတွင် တည်ရှိနေပါသည်။
၄၀။ မိုးသည်းထန်စွာ ရွာသောနေ့များတွင် တိမ်မင်တုံးတို့သည် ပြိုကျမယောင် ဖြစ်သည်။
၄၁။ နန်းတွင်းသားလေးရောက်နေသော တောတွင်းတစ်နေရာတွင် ဘုတ်ငှက်ကလေးသည် အီနေပါသည်။
၄၂။ မြန်မာနိုင်ငံ၏ တောတောင်ထူထပ်သောဒေသများတွင် စိမ့်စမ်းများ ပေါများလှပါသည်။
၄၃။ မဟာမြိုင်တောကြီးအတွင်း၌ သားရဲတိရစ္ဆာန်တို့ ပေါများလှပါသည်။

## ၈။ တောင်သူကြီး

ခက်ရင်းစွယ်စုံ စိန်တောင်ကြီးနှင့်
ငါးစီးဆင်ပြောင့် အားပေကို။
ဇမ္ဗူစိုးရ နတ်ရှင့်ကျွန်
တုလို့ခွန်လျှင် ခန္ဓာစဲမယ်
ရဲရန်ညွန့်ဖြိုး။
ကိုးပိသာစီး ဓားမကြီး
ရန်မီးသတ္တရှ ငေါက်လျှင်ပြို
ကုန်းဘောင်ရွှေဘို ထောင်ကနက်က

mgyoe.com

mgyoe.com SAMPLE BOOK

ဘေးဘိုးစဉ်ဆက် ခုတိုင်အောင်
ရေးတော်မရှောင် ထမ်းတဲ့ယောက်ျား။
ယာလယ်လုပ်လို့ တောမှာပျော်
စီးပွားထင်ပေါ် ပြောင်းနှင့်စပါး။
ပဲမျိုးအပြား ဘူးသခွား
ကယားမြို့မ နယ်တစ်ခွင်
ဝါနှမ်းစုံလင် ချဉ်ပေါင်ခင်းနှင့်
မကြွင်းခရမ်း သီးမျိုးလျှမ်း
ပိုက်တန်းစည်းဝိုက် ရွှေယုန်ထောင်ကာ
ချိုးနှင့်ငုံး စာငယ်ကိုလေ
ပုတတ်မွေးကြိုင်စွာ
ငှက်လုံး ထိန်ထိန်ဝါ။
ရေယဉ်စီးတဲ့ တောမြိုင်သာ
ပြောင်းပဲရောရော ဆန်တစ်ဝက်နှင့်
စပျစ်ကျင်းလျက် ပြည့်အနှက်
လူပျိုချက်တဲ့ဟင်းလျာကို
ရောရာစုံ ချိုလှချည့်
အပျိုငယ် ရွှေနံကားအောင်
စားပါလှည့် ဗုန်းဗော။

ဒွံးချင်း မိုးသူတော် ဦးမင်း

၄၄။ ပိုက်တန်း - ယုန်ထောင်သောပိုက်တန်း။
၄၅။ ဇမ္ဗူ - မြင်းမိုရ်တောင်၏ တောင်ဘက်ရှိ ဇမ္ဗူသပြေပင်ပေါက်ရာ ကျွန်း၊ ဇမ္ဗူဒိပ်ကျွန်း။
၄၆။ စပျစ် - နှီးဖြင့် ရက်လုပ်သော အခင်းအချပ် တစ်မျိုး၊ ဒေါင်းလန်းကြီး တစ်မျိုး။

၄၄။ အမဲလိုက်သမားတို့သည် ပိုက်တန်းဖြင့် ယုန်ထောင်ကြပါသည်။
၄၅။ ကနောင်မင်းသားကြီးသည် ဇမ္ဗူတွင် ဗမာကို နိုင်မည့်သူ မရှိဟု ကြွေးကြော်ဖူးပါသည်။
၄၆။ ရှေးမြန်မာတို့သည် ထမင်းစားသောက်ရာတွင် စပျစ်ခင်း၍ စားသောက်ကြပါသည်။

---

## ၁၀။ ဆောင်းရတုပွဲ

ခန်းဆောင်ရွှေ ရဝေတွင်းမှာလ
ချမ်းပေါင်လေ တဖေတင်းသော်လည်း
ဖြေရင်းရယ်တဲ့ ခိုက်ခိုက်တုန်။
မျက်တစ်ခတ်၊ ပြက်လျှပ်ကယ် .တစ်ဗိဇနာမျှ
ထည်အလွှာ အကုန်ထွေးသော်လည်း
ကြည်အသာ မလုံသေးပါဘု
မှိတ်ပါလျှင် လိပ်ပြာက အေးတာမို့
သွေးလန့်လို့ခုန်။

mgyoe.com

mgyoe.com SAMPLE BOOK

ယမ်းယောင်ကာ တလျက်ညည်းမိတော့
သန်းခေါင်မှာ မြကြက်သီးတွေက
တဖိုးဖိုး ပျံ့လို့ငယ်အုံ
ဗျာဆုံတဲ့ရာသီပဲ။
ငွေနှင်းငယ်မှုန်
လေညင်းရယ် တသုန်သုန်နှင့်
ချမ်းပုံမှာ ကမ်းကုန်ရစ်တာမို့
မန်းတုန်အောင် လမ်းဆုံကဟစ်ချင်တော့
သည်ခေတ်မှာ သည်လိုဟာဖြင့်
သည်ကိုယ်မှာ သေသေလုပါပေါ့
ကမ္ဘာကို ဖြဟ္မာတို့ ပြုခဲ့တယ်
ဆောင်းရတုပွဲ။

လေးချိုး — အချုပ်တန်းဆရာဗေ

| | | | |
|---|---|---|---|
| ၄၇။ | ကမ်းကုန် | ▪ | အစွမ်းကုန် |
| ၄၈။ | ရတု | ▪ | ရာသီဥတု အခြေအနေ၊ ပွဲသဘင် အခမ်းအနား။ |
| ၄၉။ | တစ်ဗိဇနာ | ▪ | မြန်မာနာရီ၏ ခြောက်ဆယ်စိတ် တစ်စိတ်မျှသော အချိန်။ (စက်နာရီ ၂၄ စက္ကန့်နှင့် ညီသည်) |
| ၅၀။ | လိပ်ပြာ | ▪ | ဝိညာဉ်။ |
| ၅၁။ | သွေးလန့် | ▪ | အကြောင်း တစ်စုံတစ်ရာကြောင့် ရုတ်တရက် ကြောက်ရွံ့တုန်လှုပ်သည်။ |

၄၇။ မြန်မာရာဇဝင်တွင် အင်းဝဘုရင် သိုဟန်ဘွားသည် ကမ်းကုန်အောင် ရက်စက်သော မင်းတစ်ပါး ဖြစ်သည်။
၄၈။ ဆောင်းရတုသည် အေးမြသောကြောင့် လူတို့ နှစ်သက်ကြပါသည်။
၄၉။ မန္တလေးဆောင်း၏ အအေးဓာတ်သည် တစ်ဗိဇနာမျှပင် အအေးလျော့ခဲ့သည် မရှိပါ။
၅၀။ မကောင်းမှု ပြုထားသူ၏ စိတ်သည် ရှက်ကြောက်နေတတ်ပြီး လိပ်ပြာမသန့် ဖြစ်နေတတ်သည်။
၅၁။ မြမြသည် စိတ်အားငယ်တတ်သောကြောင့် ခြောက်လှန့်လိုက်လျှင် သွေးလန့်လေ့ ရှိသည်။

## ၁၁။ လေးမောင့်စံကျောင်း

မုလေးရှဲ့ တောအစ
ဒေါနလမ်း မြေညီ
လျှောကျစမ်း ရေသင်းကြည်တယ်
ရွှေနှင်းဆီ ကန်ချောင်း။
လွှမ်းမတတ် စံကားဝါငူမှာ
နံ့သာဖြူ လေးမောင့်စံကျောင်း။
စံပယ်ချပ် သရဖီချောင်မှာ
ခွာညိုတောင် ခိုအောင်း။
မွှေးနံ့သာ စုပေါင်းလို့
နုညောင်စောင်းထက်မှာ။

mgyoe.com

mgyoe.com SAMPLE BOOK

ပဒုမ္မာ ကြာသက်န်းငယ်နှင့်
ခါဆင်မြန်း တောမွေ့ပျော်ရာ။
ပန်းသော်က တံတိုင်းကာသည်
ဇီဇဝါ မုဒ်ခြားလို့
တံခါးက ချရားကြိုင်
သင်းတဲ့ ဂနိုင်။
သုဇန မဟာမြိုင်မှာ
ကမ္ဘာတိုင် မှိုးမယ်ပလေး။

တေးထပ် ဦးပုည

၅၂။ ညောင်စောင်း - ခြေလေးချောင်းတပ် အိပ်စင်၊ ခုတင်။
၅၃။ ချရား - ခရေ။
၅၄။ မဟာမြိုင် - စိမ်းစိုအုပ်မှိုင်းပြီး ကြီးမားသည့်တော။
၅၅။ ကြာသက်န်း - ကြာပင်မှ ကြာမျှင်များကို ခဲရာခဲဆစ်ရယူပြီး အမြတ်တနိုး ရက်လုပ်ရသော သင်္ကန်း။

၅၂။ ရှေးခေတ်မြန်မာဘုရင်တို့သည် သလွန် ညောင်စောင်းပေါ်တွင် အိပ်စက်လေ့ ရှိပါသည်။
၅၃။ ချရားပန်း၏ မွှေးရနံ့ကို လူတိုင်း နှစ်သက်သည်။
၅၄။ လူသားစားတတ်သော ကျားတို့သည် မဟာမြိုင်တောတွင် ကျက်စားလေ့ ရှိသည်။
၅၅။ ပဒုမ္မာကြာသက်န်းသည် ခက်ခက်ခဲခဲ ရက်လုပ်ရသော သင်္ကန်း ဖြစ်သည်။

## ၁၂။ အကျွန်ုပ်တို့လယ် ကောက်စိုက်တုန်းက

အေးကောင်းပျိုရွယ် သူငယ်ချင်းတို့
လယ်တော်တွင်းက များတစ်တွေ။
ကိုယ်စီကလို့ လှစရာ
တို့မျက်နှာမှာ နံ့သာပြောက်လို့
လှည်းစာခေါက်ကို အိုင်အိုင်အေးအောင်
သွေးကြပါအေ။
ပန်းထိမ်လက်ခ မပေးရ
ထန်းပင်ကြီးက ဖြစ်သည့်ရွှေကို
ဆူးပန်းကုံးတွေ သွယ်ဘယက်နှင့်
ပေရွက်လိပ်ကြီး နားတောင်းဆင်
ယဉ်နိုင်အောင် ယှဉ်လိုက်ချည့်
အောင်ပင်လယ် ရွာမရိုင်း
တိုင်းရွှေပြည့် လက်နား။
လေးရာ့နှစ်ဆယ်
အနံ့ငယ် တိုထဘီနှင့်
ဖျင်အင်္ကျီ သစ်ခေါက်ဆိုးမို့
ချုပ်ရိုးတွေ သီတစ်တန်းမှာ

mgyoe.com

mgyoe.com SAMPLE BOOK

သန်းကိုက်လို့ မယား။
ကျွဲခတ်သည့်ဟန်
ချဗျာဆံ စုံပါးရိုက်ကို
ခါလိုက်ချည့် တို့အပျိုမှာ
ယဉ်နုကို မူကြစို့
မုရိုးဖြူ ဆံခွေထုံးမှာ
ကုံးပန်လို့ခြားခြား။
အကျွန်တို့လယ် ကောက်စိုက်တုန်းက
ပြုံးလိုက်တဲ့ အကောင်ဟာရယ်
သင်း ပါရဲ့လားအေ့။
ပုံးဖာမှောက်ဆင်
တို့လှတုန်းကို မြင်ပတဲ့အောင်
ငါးမျိုးဆင် ပဝါပြောက်မှာ
အဖာတွေ တစ်ရာလောက်ကို
ဟော မြှောက်လို့ပြစမ်း။

**ဟန်ချင်း** **ကျေးလက်ရိုးရာတေး**

၅၆။ သစ်ခေါက်ဆိုး - သစ်ခေါက်တစ်မျိုးကိုပြုတ်၍ရသော ဖန်ရည်ဖြင့်ဆိုးထားသော သစ်ခေါက်ဆိုးအထည်။
၅၇။ လှည်းစာခေါက် - လှည်းစာပင်၏ အခေါက်။

၅၆။ ဝိနည်းသိက္ခာဖြင့်နေထိုင်သော ပုံသကူမထေရ်တို့သည် သစ်ခေါက်ဆိုးသင်္ကန်းများကို ရုံကြပါသည်။
၅၇။ ကောက်စိုက်သမကလေးများသည် ဆင်းရဲသောကြောင့် သနပ်ခါးမလိမ်းနိုင်ဘဲ လှည်းစာခေါက်ကိုသာ လိမ်းကြပါသည်။

---

## ၁၃။ သင်သေသွားသော်

ဩော် . . . လူပြည်လောက၊ လူ့ဘဝကား
အိုရနာရ၊ သေရဦးမည်
မှန်ပေသည်တည့်။
သို့တပြီးကား၊ သင်သေသွားသော်
သင်ဖွားသောမြေ၊ သင်တို့မြေသည်
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။
သင်၏မျိုးသား၊ စာစကားလည်း
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။
သင်ဦးချ၍၊ အမျှဝေရာ
စေတီသာနှင့်၊ သစ္စာအရောင်
ဉာဏ်တန်ဆောင်လည်း
ပြောင်လျက်ဝင်းလျက် ကျန်စေသတည်း။

ဇော်ဂျီ

mgyoe.com

mgyoe.com SAMPLE BOOK

၅၈။ ဦးချ - ဦးခေါင်းညွှတ်၍ ရှိခိုးကန်တော့သည်။
၅၉။ အမျှဝေ - ကုသိုလ်ကောင်းမှုအကျိုးကို သူတစ်ပါးအား ထပ်တူထပ်မျှရစေရန် ပေးဝေသည်။
၆၀။ သစ္စာ - အမှန်တရား။
၆၁။ အခြေ - အခြေအနေ။

၅၈။ ဗုဒ္ဓဘာသာဝင်တို့သည် မြတ်စွာဘုရားသခင်ရှေ့တွင် ဦးချကန်တော့လေ့ ရှိပါသည်။
၅၉။ ဗုဒ္ဓဘာသာဝင်တို့သည် အလှူတစ်ခု ပြုလုပ်တိုင်း ရေစက်ချပြီး အမျှဝေလေ့ရှိပါသည်။
၆၀။ သစ္စာတရား လက်ကိုင်ထားသူသည် လူကြီးသူမတို့၏ ယုံကြည်ခြင်းကို ခံရပါသည်။
၆၁။ ဘုရင့်နောင်မင်းတရားသည် မြန်မာနိုင်ငံတော်ကို အခြေမြင့်မားအောင် ဆောင်ရွက်ခဲ့သော မင်းမြတ်တစ်ပါးပင် ဖြစ်သည်။

---

## ၁၄။ သူ့ရဲကောင်းသုံးယောက်နှင့်ခရီးသည်

စုံရိပ်မြိုင်ဆွယ်၊ ကန္တာလယ်
အိုဘယ်ယောကျာ်း ခရီးသွား။
ဖော်လည်းမဆွယ်၊ တစ်ကိုယ်ငယ်
အိုဘယ်လူသား ကြောက်ဘူးလား။
ဤသို့မေးသော်
ရွှင်အေးကြည်သာ၊ ပြုံးမျက်နှာဖြင့်
အို ဘာကိုထောက်၊ ကြောက်ရမလဲ
သဟဲဖော်ညို၊ သတ္တိရှိပြီ
ချစ်သည်သဟာ၊ ဇွဲလည်းပါ၍
မကွာထပ်လောင်း၊ ယဲကပေါင်းသည့်
ဆွေကောင်းလုံ့လ၊ တူတကွတည့်
ဘေးကတူယှဉ်၊ ပါခဲ့လျှင်သော်
ငါ့တွင်သေချာ အောင်ဖို့ရာတည့်။
ယောကျာ်းငါကိုယ်၊ မြွက်ဟဆို
ဖော်မလိုဘဲ တစ်ကိုယ်တဲ[1]
တော်ပေ့လူမော်၊ ပွဲတိုင်းကျော်
သုံးဖော်ဆွေလဲ[2]
တူယှဉ်တွဲသည်
အောင်မြဲမုချ အောင်မည်ပ။

ငွေတာရီ

---

၁။ တဲ-တည်း (ကာရန်အရ ပြောစကား သုံးသည်။)
၂။ လဲ-လည်း (ကာရန်အရ ပြောစကား သုံးသည်။)

၆၂။ သဟဲ - အပေါင်းအဖော်။
၆၃။ လုံ့လ - ကြိုးစားအားထုတ်ခြင်း။
၆၄။ ဇွဲ - အားမလျော့ဘဲ စွဲစွဲမြဲမြဲလုပ်ဆောင်နိုင်သောအစွမ်း။
၆၅။ လူမော် - လူတော်

mgyoe.com

mgyoe.com SAMPLE BOOK

| | | | |
|---|---|---|---|
| ၆၆။ | သတ္တိ | - | ရဲရင့်ခြင်း။ |
| ၆၇။ | ပွဲတိုင်းကျော် | - | ကိစ္စတိုင်းတွင် အောင်မြင်ကျော်ကြားသည်။ |
| ၆၈။ | မုချ | - | မလွဲ၊ ဧကန်။ |
| ၆၉။ | မြိုင် | - | တော။ |
| ၇၀။ | ဆွယ် | - | ယှဉ်ကပ်သည်။ |

၆၂။ မိမိတွင် တစ်စုံတစ်ခုသော ပြဿနာရှိပါက ကူညီဖြေရှင်းပေးသူသည် အဖော်သဟဲကောင်းပင် ဖြစ်သည်။

၆၃။ လုံ့လရှိသောသူသည် အောင်မြင်မှုပန်းတိုင်ကို မလွဲမသွေ ရရှိမည် ဖြစ်သည်။

၆၄။ လောကဓံကို ဇွဲရှိရှိဖြင့် ကြံ့ကြံ့ခံတွန်းလှန်နိုင်သူသည် တစ်နေ့တွင် ကြီးမြတ်လာပါလိမ့်မည်။

၆၅။ အခြေခံပညာအထက်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူများသည် လူတော်လူမော်များ ဖြစ်သည်။

၆၆။ မင်းကြီးရန်နောင်သည် အင်းဝခေတ်တွင် သတ္တိရှိသော သူရဲကောင်းတစ်ဦး ဖြစ်သည်။

၆၇။ သတ္တိ၊ ဇွဲ၊ လုံ့လ ရှိသူသည် မည်သည့်အလုပ်ကိစ္စကို လုပ်ဆောင်သည်ဖြစ်စေ ပွဲတိုင်းကျော်နေမည် ဖြစ်သည်။

၆၈။ စာကို စနစ်တကျ ကြိုးစားသူတိုင်းသည် တက္ကသိုလ်ဝင်စာမေးပွဲ၌ မုချအောင်မြင်ကြမည်။

၆၉။ တောမြိုင်ထဲတွင် သတ္တဝါများသည် ဘာသာဘာဝ ပျော်မြူးနေကြပါသည်။

၇၀။ မောင်မောင်နှင့် ကျွန်တော်သည် အတန်းတူများ ဖြစ်သောကြောင့် ခုံဆွယ်တွင် ထိုင်ကြပါသည်။

## ၁၅။ နှင်းကိုမြင်ခိုက်

နှင်းကိုမြင်၍
သဇင်ပွင့်ဦး၊ သူကြည်နူးစဉ်
ရယ်မြူးရွှင်ပျ နှမနှင့်မောင်
ညီနောင်သားချင်း၊ လက်တွဲရင်းနှင့်
ချစ်ခြင်းခင်ခြင်း၊ ယုံကြည်ခြင်းများ
ဆပွားသစ်သစ်၊ ခိုင်မြဲနှစ်မာ
ကာလကြာလေ၊ စည်းရုံးလေတည့်။
မြေပြန့်တောင်ခုံ၊ ပတ်ကုံးဝန်းကျင်
မြစ်ခွင်တစ်ကြော၊ လွန်သာမောကို
ချစ်သောစိတ်နှင့်၊ သွေးနှင့်ချွေးနှင့်
အဆင့်ဆင့်ဆက်၊ အသက်သက်များ
စတေးထား၍၊ ဘိုးဘွားပေးဝေ
ချစ်အမွေတည့်။
အနေကြာကြာ၊ အသာမိုးမိုး
ချစ်တိုးလွန်မြတ်၊ သွေးသားထပ်၍
ကိုယ့်ရပ်ကိုယ့်မြေ၊ တွယ်တာပေ၏။
ကိုယ့်နေရာကို
တစ်ဖျာတစ်ကွက်၊ တစ်လက်မလည်း
တသနှမြော၊ စုံမက်မောသည့်
သဘောခြင်းရာ၊ ပြောရပါလျှင်
နှင်းရင်နုမှ၊ သဇင်လှကို

mgyoe.com

m g y o e SAMPLE BOOK

မြင်ရကြုံရ၊ ဆောင်းအမြမှာ
မဟာအောင်ခြင်း၊ စည်းလုံးခြင်းဖြင့်
သွေးချင်းကိုယ်သား၊ တို့ပိုင်ထားသည်
တရားမျှတလွတ်လပ်ခြင်း။

နောင်

၇၁။ စတေး - (ယုံကြည်ချက်အတွက်) အဆုံးရှုံးခံ၍ ဆောင်ရွက်သည်။ အသက်စွန့်သည်။
၇၂။ ပတ်ကုံး - ပတ်ဝန်းကျင်
၇၃။ ပလွှား - ဝင့်ဝါသည်။

၇၁။ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ စတေးခဲ့ရပါသည်။
၇၂။ ရွာသာရွာဘုရားပွဲသို့ အနီးဝန်းကျင် ပတ်ကုံးရွာများမှ လာရောက်သောကြောင့် စည်ကားလှပါသည်။
၇၃။ စိတ်နေမြင့်သူတို့သည် မိမိတို့၏အရှိန်အဝါဖြင့် ပလွှားကြပါသည်။

---

## ၁၆။ အနုပညာသည်၏ အားမာန်

အနုပညာ၊ ပွင့်လင်းသာသော်
ကဗျာကောင်းကင်၊ ဈာန်သစ်ဝင်ခဲ့
ရင်မှပေါက်ဖွား၊ ပတ္တမြားကို
ပလွှားရင်ဆိုင်၊ အန်တုပြိုင်လည်း
အနိုင်မခံ၊ မိုးသောက်ယံမှ
အလျှံရဲရဲ၊ မာန်မီးခဲပင်
အမြတောက်လောင်၊ ထွန်းသစ်ပြောင်လျက်
တန်ဆောင်မီးရှူး၊ ဟူးဟူးထန်အံ့။
အားမာန်ပြည့်ဖြိုး၊ သည်းပွတ်နိုးလော့
မိုးလည်းကျဉ်းစွ၊ မြေငယ်လှတည့်
သမုဒ္ဒရာ၊ မဖွဲ့သာသေး
လက်ာမာန်စိတ်၊ စေတသိက်လျှင်
ယိုဖိတ်စွေစွေ၊ အသခြေပါ
ငါသေသော်လည်း၊ ငါ့ပစ္စည်းတို့
သည်းစွာကျော်ကြား၊ ဟုန်းဟုန်းကြွားအံ့။
သိပ်သည်းနက်ရှိုင်း၊ လက်ာလှိုင်းလျှင်
အတိုင်းမသိ၊ စွမ်းအားရှိခဲ့
အဘိဓမ္မာ၊ ကြားခဲ့ပါလေ
ဩဇာတိက္ကမ၊ ဘုံလောကဝယ်
ဝင်းပတောက်လွန်း၊ ရွှေစင်သွန်းသို့
ရွှန်းလက်သရေ၊ တင့်တယ်ပေစွ
စာပေပွင့်ဖူး၊ ဆွတ်ပျံ့နှူးမိ

mgyoe.com

mgyoe.com SAMPLE BOOK

မိုးဦးသရစ်၊ အားအင်သစ်သို့
ခေတ်ကိုနှိုးဆော်၊ ဟိန်းဟိန်းကျော်အံ့။ ။

**ထိလာစစ်သူ**

| | | | |
|---|---|---|---|
| ၇၄။ | အန်တု | - | အားစွမ်းချင်းယှဉ်ပြိုင်သည်။ |
| ၇၅။ | ဟူးဟူး | - | ပြင်းပြင်းထန်ထန်။ |
| ၇၆။ | သည်းပွတ် | - | အသည်းစိုင်။ |

၇၄။ ပဥ္စဝုဓမင်းသားသည် အသက်ပင်ငယ်သော်လည်း ဘီလူးကို အန်တု ရင်ဆိုင် အနိုင်ယူခဲ့ပါသည်။
၇၅။ မုန်တိုင်းရှိပါက လေသည် ဟူးဟူးထန် တိုက်ခတ်လေ့ ရှိသည်။
၇၆။ မဒ္ဒီဒေဝီသည် သားသမီးတို့ကို မတွေ့မြင်ရသောအခါ နှလုံးသည်းပွတ် ပျက်မတတ်ခံစားရပါသည်။

◆ ◆ ◆ ◆ ◆

## မြန်မာစကားပြေမှ ဝေါဟာရများ

### ၁။ သိပ်ပ်သူ့သမီး

| | | | |
|---|---|---|---|
| ၇၇။ | အာနုဘော် | - | ဘုန်းတန်ခိုး၊ စွမ်းရည်။ |
| ၇၈။ | ကျေးဇူး | - | အကျိုး၊ အရည်အသွေး။ |
| ၇၉။ | ရမ္မက် | - | တပ်မက်ခြင်း၊ လောဘ။ |
| ၈၀။ | အကျွတ်တရား | - | သံသရာမှ လွတ်မြောက်စေသောတရား။ |

၇၇။ မြတ်စွာဘုရားသခင်၏ ဘုန်းတန်ခိုး အာနုဘော်မှာ တုနှိုင်း၍ မရနိုင်ပါ။
၇၈။ အယ်ဒီဆင်၏ ကျေးဇူးကြောင့် ကမ္ဘာသူကမ္ဘာသားများ လျှပ်စစ်အလင်းကို ရရှိခဲ့ပါသည်။
၇၉။ ရမ္မက်ကြီးသော သူသည် ကိုယ်ချင်းစာစိတ် ခေါင်းပါးတတ်ပါသည်။
၈၀။ ဆင်ခြင်ဉာဏ် ကင်းမဲ့နေသူသည် ဖြစ်လေရာရာဘဝ၌ အကျွတ်တရား ရရန် ခဲယဉ်းပါသည်။

### ၂။ မိပုရှား ဖွားစော

| | | | |
|---|---|---|---|
| ၈၁။ | နို့သစ် | - | မချက်ရသေးသော နွားနို့၊ နို့စိမ်း။ |
| ၈၂။ | နို့ထမ်း | - | နို့ခမ်း၊ နို့ချဉ်။ |
| ၈၃။ | ရက်တက် | - | ထောပေး (ထောပတ်စိမ်း) ထုတ်ယူပြီးသော နို့ရည်ကြည်။ |
| ၈၄။ | ထောပေး | - | နို့မှရသော အဆီခဲ၊ အဆီဥ၊ မလိုင်၊ ထောပတ်စိမ်း။ |
| ၈၅။ | တန်လင်း | - | မြေကွက်လပ်၊ ကွင်းပြင်။ |
| ၈၆။ | အတုမဲ့ | - | အတုမရှိ၊ အတူမရှိ။ |
| ၈၇။ | စကြဝဠာ | - | သမုဒ္ဒရာကြီး လေးစင်း၊ ကျွန်းကြီး လေးကျွန်း၊ မြင်းမိုရ်တောင် တစ်တောင် ပါဝင်သော ဒေသ အပိုင်းအခြား။ |
| ၈၈။ | သည်းခံ | - | ငြိုးခြံသည်၊ ရောင့်ရဲသည်။ |
| ၈၉။ | အဝီစိ | - | ငရဲကြီးရှစ်ထပ်တွင် အောက်ဆုံးထပ်ငရဲ။ |
| ၉၀။ | ငြိမ်သိမ် | - | ငြိမ်သက်သိမ်မွေ့သော။ |

mgyoe.com

၈၁-၈၄။ မိဖုရားဖွားစောသည် နွားများကိုလှူဒါန်းရခြင်းရည်ရွယ်ချက်မှာ နို့သစ်၊ နို့ထမ်း၊ ရက်တက်၊ ထောပေး၊ ထောပတ်စသော အရသာငါးပါးကို စားသုံးစေလိုသော ရည်ရွယ်ချက် ဖြစ်ပါသည်။

၈၅။ ကပ္ပိယကြီး ဦးဖြူသီးသည် ဘုန်းကြီးကျောင်းမြေ တန်လင်းတွင် မနက်တိုင်း တံမြက်စည်းလှည်းလေ့ရှိပါသည်။

၈၆။ ဆေးဆရာကြီး ဇီဝကသည် ဆေးကုသရာတွင် အတုမဲ့ အစွမ်းထက်ပါသည်။

၈၇။ စကြဝဠာအတွင်း နေထိုင်ကြသော လူသားများမှာ မရေမတွက်နိုင်လောက်အောင် များပြားလှပါသည်။

၈၈။ ဦးဘသည် အစားအသောက်နှင့် အဝတ်အစားကို သည်းခံ၍ ပိုက်ဆံစုလေ့ ရှိပါသည်။

၈၉။ မိဘကို ဆင်းရဲဒုက္ခရောက်အောင်လုပ်သူသည် အဝီစိ ငရဲသို့ကျမည် ဖြစ်သည်။

၉၀။ ရဟန်းတော်တို့၏ ဣန္ဒြေသည် ငြိမ်သိမ်လှသောကြောင့် ကြည်ညိုဖွယ် ဖြစ်ပါသည်။

## ၃။ စီးချင်းတိုက်ပွဲ

| | | |
|---|---|---|
| ၉၁။ | ချွန်းသီး | လက်ဖြင့် ကိုင်စွဲ၍ တိုက်ခိုက်ရသော လက်နက်တစ်မျိုး။ |
| ၉၂။ | နှုတ်ရေး | စကားဖြင့် ပြောဆိုဆောင်ရွက်ခြင်း၊ အပြောစွမ်းရည်။ |
| ၉၃။ | စီးချင်းတွေ့ | တစ်ဖက်လျှင် တစ်ဦးစီ ဆင်ကိုစီး၍သော်လည်းကောင်း၊ မြင်းကိုစီး၍သော်လည်းကောင်း ရင်ဆိုင်စစ်ထိုးသည်။ |
| ၉၄။ | ချွန်း | ဆင်ကို ချိတ်၍၊ ပေါက်၍ ခိုင်းစေအသုံးပြုရန် အများတွင် သံဆူးကောက် တပ်ထားသည့် အချောင်းအတံ။ |
| ၉၅။ | သီတင်းသုံး | နေထိုင်သည်၊ သီလ ဆောက်တည်၍ နေထိုင်သည်။ |
| ၉၆။ | အလောတန် | တော်သင့်ရုံမျှ။ |
| ၉၇။ | ချပ် | သံနန်းကြိုး၊ သံကွင်း စသည်တို့ဖြင့် ပြုလုပ်ထားသော စစ်ဝတ်အင်္ကျီ။ |
| ၉၈။ | ကြေးမုံ | အရိပ်ထင်အောင် အချောပွတ်ထားသော ကြေးစသည့် သတ္တုပြား၊ ကြည့်မှန်။ |

၉၁။ ဗျည်းနွဲ့က ဗညားနွဲ့ကို ချွန်းသီးဖြင့် ရိုက်သောကြောင့် ဗညားနွဲ့ နဖူးကွဲခဲ့ပါသည်။

၉၂။ ရှင်ဒိသာပါမောက်သည် နှုတ်ရေးအစွမ်းဖြင့် တရုတ်-မြန်မာ ချစ်ကြည်ရေးကို ဆောင်ရွက်ခဲ့ပါသည်။

၉၃။ အနော်ရထာနှင့် စုက္ကတေးတို့သည် စီးချင်းတွေ့ကြရာ အနော်ရထာက အနိုင်ရရှိခဲ့ပါသည်။

၉၄။ ဆင်ထိန်းတို့သည် ဆင်ကို ချွန်းဖြင့်ထိန်းကာ ခိုင်းစေရပါသည်။

၉၅။ ရဟန်းတော်များသည် ဝါတွင်းသုံးလပတ်လုံး ခရီးသွားခြင်းမရှိဘဲ ဘုန်းကြီးကျောင်း၌သာ သီတင်းသုံးရပါသည်။

၉၆။ အစားအသောက်ကို အလောတန်စားသုံးသူသည် ကျန်းမာရေးနှင့် ညီညွတ်ပါသည်။

၉၇။ တရုတ်သူရဲကောင်း ဂါမဏိသည် ချပ်ကြိုးပြတ်နေသောကြောင့် သမိန်ဗရမ်း၏ လှံချက် ထိမှန်ပြီး အသက်ဆုံးရှုံးခဲ့ရပါသည်။

၉၈။ ကေဝင့်ပုဏ္ဏားသည် ကြေးမုံပြင်ကြည့်တိုင်း မဟော်သဓာအပေါ် အမျက်ကြီးလေ့ ရှိပါသည်။

## ၄။ ဦးပေါင်းကျားနှင့် မြင်းကျားရှင်

| | | |
|---|---|---|
| ၉၉။ | ဗိုလ်ရှုသဘင် | ဗိုလ်ပါအများ၏ ရှုစားဖူးမြော်ခြင်းကို ခံယူသောသဘင်။ |
| ၁၀၀။ | ညရိတရော | ညဦးမှောင်စပျိုးချိန်။ |
| ၁၀၁။ | အားသန် | မရမနေ မဖြစ်မနေ အားထုတ်ကြိုးပမ်းသည်။ |
| ၁၀၂။ | ရေချ | ဆင်မြင်း စသည်ကို ရေချိုး၊ ရေသောက်ရန် ရေသို့ ဆင်းခိုင်းသည်။ |
| ၁၀၃။ | လက်ပျဉ်း | လက်မောင်းရင်း၌ အောက်သို့ လျော့တွဲကျနေသော အရေခွံ။ |
| ၁၀၄။ | ခွာတုံချင်းတုံ | ခွာချည်ချင်းချည်၊ ခွာလိုက်ကပ်လိုက်။ |

mgyoe.com

mgyoe.com SAMPLE BOOK

၉၉။ အလောင်းစည်သူမင်းကြီးသည် ဘုန်းတန်ခိုးကြီးကြောင်း မှူးမတ်ပိုလ်ပါတို့အလယ် ပိုလ်ရှုသဘင်တွင် ကြွေးဝါးသည်။
၁၀၀။ တန်ဆောင်မုန်းလပြည့်သည် ညရီတရောချိန်တွင် ထွက်ပေါ်လာပါသည်။
၁၀၁။ အချို့သော ကျောင်းသားများသည် အသက်မွေးဝမ်းကျောင်းပညာရပ်များကို လေ့လာရန် အားသန်ကြသည်။
၁၀၂။ အလောင်းစည်သူမင်းကြီးသည် မြင်းတော်ပန်းသဖြင့် ပြောင်ဦးချောက်ကမ်းပါးတွင် ရေချတော်မူသည်။
၁၀၃။ အသက်ကြီးရင့်လာသူတိုင်းသည် လက်ပျဉ်း ကျလာပါသည်။
၁၀၄။ အလောင်းစည်သူမင်းကြီးသည် စစ်သူကြီးလေးဦးနှင့် မြင်းရေးကစားသည်မှာ ခွာတုံ့ချဉ်းတုံ့ပြု၍ ကစားခဲ့ပါသည်။

## ၅။ မိခင်သောက

၁၀၅။ သောက - စိုးရိမ်ကြောင့်ကြခြင်း။
၁၀၆။ သခ်မ်း - သူတော်ကောင်းတို့ နေထိုင်ရာ အဆောက်အအုံ။
၁၀၇။ ဥပုသ်နေ့ - အထူးတလည် သီလဆောက်တည်ရန် သတ်မှတ်ထားသော လဆန်း (၈) ရက်၊ လပြည့်။
၁၀၈။ စကြံ - ခေါက်တုံ့ခေါက်ပြန် လျှောက်ရာနေရာ။
၁၀၉။ ဆိတ်ဆိတ် - တိတ်ဆိတ်ငြိမ်သက်စွာ။
၁၁၀။ မိုးသောက် - အရုဏ်တက်သည်၊ မိုးလင်းရန် အလင်းရောင် ပေါ်လာသည်။

၁၀၅။ မဒ္ဒီဒေဝီသည် သားသမီးများ ပျောက်နေသောကြောင့် သောကရောက်ရပါသည်။
၁၀၆။ ဝေဿန္တရာမင်းကြီး တရားအားထုတ်ရာ ကျောင်းသခ်မ်းမှာ ဝင်္ကပါတောင်တွင် ရှိပါသည်။
၁၀၇။ အချို့သော ဗုဒ္ဓဘာသာဝင်တို့သည် ဥပုသ်နေ့တိုင်း ရှစ်ပါးသီလ ခံယူကြပါသည်။
၁၀၈။ တရားရိပ်သာများတွင် တရားအားထုတ်သော ပုဂ္ဂိုလ်များသည် အညောင်းပြေစေရန် စကြံလျှောက်ကြပါသည်။
၁၀၉။ ကိုကိုသည် သူ၏အပြစ်ကို သိရှိသောကြောင့် အဖေ၏ ဆုံးမမှုကို ဆိတ်ဆိတ် နားထောင်သည်။
၁၁၀။ မနက်ခင်း မိုးသောက်ချိန်တွင် လူတို့၏ စိတ်ကို ရွှင်လန်းစေပါသည်။

## ၆။ သောနုတ္တရမှုဆိုးနှင့် ဆဒ္ဒန်ဆင်မင်း

၁၁၁။ အဆာကျယ် - စိတ်ဆန္ဒ ထူးထွေများပြားသည်။ ကြေး (ဂိုး) များသည်။
၁၁၂။ နားတောင်းပွတ် - နားတောင်းပုံ ပေါ်လာအောင် တံစဉ်း စသည်ဖြင့် ညှိတိုက်စားသည်။
၁၁၃။ မိစ္ဆာ - အယူမှားသောသူ။
၁၁၄။ ရှေးရှု - ဦးတည်ချက်ထား၍ အာရုံစိုက်သည်။
၁၁၅။ ပျာယီးပျာယာ - အလျင်စလို။
၁၁၆။ ဒိုင်း - ယိုင်နေသော အိမ် စသည်တို့ကို ကန်ထောက်ရသော တိုင်။
၁၁၇။ ပရိယာယ် - အကြောင်းအမျိုးမျိုး။
၁၁၈။ ဥပဒ် - ဘေးအန္တရာယ်။
၁၁၉။ အမြုတေ - အနှစ်၊ အနှစ်သာရ၊ ပုလဲ။ (အချို့သော တိရစ္ဆာန်၊ အချို့သော သစ်ပင်တို့၌ ဖြစ်သော အစွမ်းထက်သည် ဆိုသည့် အခဲမာတစ်မျိုး)
၁၂၀။ ဣန္ဒြိပါဒ် - တန်ခိုး။
၁၂၁။ လတ်တလောချင်း - မဆိုင်းမတွ။ ချက်ချင်း၊ လက်ငင်း။
၁၂၂။ ပရိတ်ပန်း - ရဟန်းတော်များ ပရိတ်ရွတ်ဖတ်ပြီးနောက် ပရိတ်၏ အာနိသင် ကိန်းဝပ်ကျန်နေသော ပန်း။

mgyoe.com

mgyoe.com SAMPLE BOOK

၁၂၃။ ရမ်းရော် - တမ်းတမှန်းဆသည်။
၁၂၄။ ကယုကယင် - ချစ်စဖွယ်။
၁၂၅။ ရင်ကွဲနာ - ပြင်းပြစွာ ပူဆွေး၍သေလုမျှောပါး ဝေဒနာကြီးစွာ ခံစားရခြင်း။

၁၁၁။ အချို့သောသူတို့သည် အစားစားရာတွင် အဆာကျယ်လှပါသည်။
၁၁၂။ ရွှေထိပ်တန်း ရွှေဆိုင်သည် နားတောင်းပွတ်ရာတွင် အဆင့်အတန်း မြင့်ပါသည်။
၁၁၃။ ဘာသာ သာသနာကို စော်ကားသူတို့သည် တရားလက်လွတ်ဖြစ်ပြီး မိစ္ဆာစိတ်ရိုင်းများ ဖြစ်နေတတ်သည်။
၁၁၄။ မြင့်မြတ်သောပုဂ္ဂိုလ်များသည် အများအကျိုးကို ရှေးရှု ထမ်းရွက်ပါသည်။
၁၁၅။ မဖြူသည် ပျာယီးပျာယာ လုပ်တတ်သောကြောင့် ကျောင်းသွားတိုင်း ပစ္စည်းများ မေ့ကျန်လေ့ရှိသည်။
၁၁၆။ ကျောင်း၏ အုတ်နံရံသည် ပြိုကျတော့မည် ဖြစ်သောကြောင့် ဒိုင်းထောက်၍ ကန့်ထားရသည်။
၁၁၇။ မောင်မောင်သည် အမေ ခိုင်းသည်ကို မလုပ်ချင်သောကြောင့် ပရိယာယ်ဆင်၍ ငြင်းဆိုနေပါသည်။
၁၁၈။ ကျေးလူရှင်ကို စော်ကားသူသည် ဘေးဥပဒ် ကျရောက်တတ်ပါသည်။
၁၁၉။ ပိဋကတ်သုံးပုံကျမ်းတို့သည် ဗုဒ္ဓဘာသာဝင်တို့၏ အမြတ်တေရတနာများပင် ဖြစ်သည်။
၁၂၀။ မြတ်စွာဘုရားသခင်၏ တန်ခိုးဣဒ္ဓိပါဒ်သည် အနှိုင်းမဲ့ ဖြစ်ပါသည်။
၁၂၁။ ကောင်းမှုပြုသူတို့သည် မိမိတို့၏ ကောင်းမှုအကျိုးကြောင့် လတ်တလောချင်း အကျိုးခံစားရတတ်သည်။
၁၂၂။ ပရိတ်ရေ ပရိတ်ပန်းတို့ကို ဗုဒ္ဓဘာသာဝင်တို့သည် အထွတ်အမြတ် ထားကြသည်။
၁၂၃။ နယ်မြို့တစ်မြို့တွင် တာဝန်ထမ်းဆောင်နေသော အဖေ့ကို ကျွန်တော်သည် ရမ်းရော် လွမ်းဆွတ်နေပါသည်။
၁၂၄။ ညီမလေး၏ ကယုကယင် အမူအရာသည် အဖေ၊ အမေတို့အတွက် ချစ်၍မဝနိုင် ဖြစ်ရသည်။
၁၂၅။ စူဠသုဘဒ္ဒါသည် သောနုတ္တရမုဆိုး၏ လျှောက်တင်သောစကားအဆုံးတွင် အတိတ်ကို ပြန်စဉ်းစားရင်း ရင်ကွဲနာကျ၍ သေဆုံးခဲ့ပါသည်။

## ၇။ ပညာသင်ခါ မရှက်ရာ

၁၂၆။ အလုံးစုံ - အားလုံး၊ ခပ်သိမ်း။
၁၂၇။ မှတ်ပိုက် - ယူဆသည်။ ခိုင်မြဲစွာ ခံယူထားသည်။
၁၂၈။ ကျိုးနွံ - ရိုသေခန့်ညားသည်။
၁၂၉။ ဂါရဝ - အရိုအသေပေးခြင်း။ လေးစားခြင်း။
၁၃၀။ နိဝါတ - မိမိကိုယ်ကိုယ် နှိမ့်ချခြင်း။ မာနကို ချိုးနှိမ်ခြင်း။
၁၃၁။ မာန်မာန - ထောင်လွှား မောက်မာမှု။ ခက်ထန်မှု။
၁၃၂။ စိတ်မြင့် - မိမိကိုယ်ကိုယ် အထင်ကြီးသည်၊ စိတ်ကြီးဝင်သည်။

၁၂၆။ မည်သည့် ပညာရပ်မဆို အလုံးစုံ တတ်မြောက်သူ မရှိနိုင်ပေ။
၁၂၇။ လူကြီးသူမတို့၏ အဆုံးအမကို ကောင်းစွာ မှတ်ပိုက် ရပါမည်။
၁၂၈။ ဆရာ၊ ဆရာမများအပေါ်တွင် ကျောင်းသား၊ ကျောင်းသူများသည် ရိုသေကျိုးနွံရပါမည်။
၁၂၉။ ကျောင်းသား လူငယ်တိုင်းသည် မိမိတို့၏ဆရာသမားများကို ဂါရဝတရားဖြင့် ဆက်ဆံရပါမည်။
၁၃၀။ စိတ်နှလုံးနူးညံ့သိမ်မွေ့သူသည် တစ်ဖက်သား လူများနှင့် ဆက်ဆံရာတွင် နိဝါတ တရားဖြင့် ဆက်ဆံပါသည်။
၁၃၁။ မာန်မာနရှိနေသူသည် ပညာတတ် ဖြစ်ရန် အခက်အခဲ တွေ့နေပါမည်။
၁၃၂။ တစ်ခါမှ ပထမ မရဖူးသော မောင်အေးရွှေသည် ပထမဆု ရသောကြောင့် စိတ်မြင့်နေပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

## ဂ။ မိတ်ဆိုးရှင်ပြု

၁၃၃။ ဘုံ ▪ ပြာသာဒ်၏ အမိုးထက်ရှိ အဆောင်ဆင့်။
၁၃၄။ ပြာသာဒ် ▪ အဆောက်အအုံအထက်တွင် ဘုံအဆင့်ဆင့်နှင့် ထုပိကာတင်သော အမိုးဆင့်။
၁၃၅။ မုခ် ▪ အပေါက်ဝ၊ တံခါးပေါက်။
၁၃၆။ မဏ္ဍပ် ▪ လူအများ စုဝေး၍ တစ်စုံတစ်ရာ ဆောင်ရွက်ရန် ပြုလုပ်ထားသော ယာယီ အဆောက်အအုံ။
၁၃၇။ ကွမ်းတောင် ▪ ကွမ်းထည့်ရန် ကလပ်တစ်မျိုး။
၁၃၈။ ပရိတ်အိုး ▪ ပရိတ်ရွတ်ရာတွင် ပရိတ်၏ အကျိုးအာနိသင် ရစေရန်အိုး။
၁၃၉။ သမ ▪ မျှတအောင် ရောနှောသည်။
၁၄၀။ ကင်ပွန်းတပ် ▪ မွေးစကလေးကို ကင်ပွန်းရည် စသည်ဖြင့် ခေါင်းဆေးမင်္ဂလာ ပြုသည်။ နာမည် ပေးသည်။
၁၄၁။ ယို့ ▪ ရိုသေမှုဖြင့် ကိုယ်ကို ညွတ်ကိုင်း ကျုံ့ယုံ့သည်။
၁၄၂။ ကျီစား ▪ ကစားသည်၊ ပြက်ရယ်ပြုသည်။
၁၄၃။ တစ်ပတ်နွမ်း ▪ အသင့်အတင့်သုံးစွဲပြီးသော အခြေအနေ။
၁၄၄။ လောကွတ်ချော် ▪ လိုအပ်သည်ထက် ပို၍ လောကဝတ်ပြုသည်။
၁၄၅။ ချောက်ချား ▪ တုန်လှုပ်သည်။
၁၄၆။ ပျာလောင်ခတ် ▪ အလျင်စလို ပြုမူလှုပ်ရှားသည်။
၁၄၇။ ချွဲပျစ် ▪ ပျောင်းပျော့တီတာသည်။
၁၄၈။ လင်းရောင်ပျို့ ▪ အလင်းရောင် ထွက်ပြူစပြုသည်။
၁၄၉။ အသစ်ကျပ်ချွတ် ▪ အသစ်စက်စက်။
၁၅၀။ ဒိုးခံ ▪ အကြမ်းပတမ်း အသုံးပြုသည်။ ပေ၍ခံသည်။
၁၅၁။ ကွမ်းတောင်ကိုင် ▪ ရှင်လောင်းလှည့်ရာတွင် အမျိုးသမီးတန်း၏ထိပ်မှ ကွမ်းတောင်ကိုင်၍ လိုက်ရသည့် အမျိုးသမီး။
၁၅၂။ နတ်ဒိုးတီး ▪ ဒိုးသံမြိုင်မြိုင်ဖြင့် နတ်ဆိုင်းတီးသည်။

၁၃၃။ တာဝတိံသာနတ်ပြည်ရှိ နတ်ဘုံဗိမာန်တို့သည် ခမ်းနားကြီးကျယ်လှပါသည်။
၁၃၄။ ရွှေနန်းကြော့ရှင်၏ နန်းတော်သည် ဘုံပြာသာဒ်တို့ဖြင့် တန်ဆာဆင်ထားသဖြင့် တင့်တယ်လှပါသည်။
၁၃၅။ မြန်မာမင်းတို့၏ နန်းတော်တွင်းရှိ တောင်ဘက်မုခ်ဆောင်တွင် စာဆိုများကို နှစ်စဉ် ဆုချီးမြှင့်ပါသည်။
၁၃၆။ ရွာသူကြီး ဦးကျော်ဒင်၏ အလှူမဏ္ဍပ်သည် ကြီးမားလှပါသည်။
၁၃၇။ ကွမ်းတောင်ကိုင် မိန်းမပျိုလေးကို ရွာကာလသားတို့က ပိုးပန်းနေကြပါသည်။
၁၃၈။ သင်္ကြန်အချိန်အခါတွင် ဗုဒ္ဓဘာသာဝင်တို့သည် ပရိတ်အိုး ထိုး၍ အိမ်ရှေ့တွင် ထားကြပါသည်။
၁၃၉။ ယနေ့ခေတ် လူငယ်များသည် ရောသမမွှေသီချင်းခွေကို နှစ်သက်ကြပါသည်။
၁၄၀။ သားသမီး မွေးဖွားပြီးချိန်တွင် မိဘများသည် ကလေးအား ကင်ပွန်းတပ်ကြပါသည်။
၁၄၁။ ကျောင်းသူ ကျောင်းသားတို့သည် ဆရာသမားတို့၏ရှေ့တွင် ကိုယ်ကို ယို့၍ သွားကြပါသည်။
၁၄၂။ တစ်ဖက်သားလူကို မခံချင်အောင် ကျီစားတတ်သူသည် မကြာခဏ ရန်ဖြစ်တတ်ပါသည်။
၁၄၃။ မြန်မာလူမျိုးတို့သည် တစ်ပတ်နွမ်း ပုဆိုးကို အိမ်တွင် ဝတ်ဆင်ကြပါသည်။
၁၄၄။ မောင်အောင်သိန်းသည် ပိုက်ဆံရှိ သူငယ်ချင်းများကို မျက်နှာချိုသွေးကာ လောကွတ်ချော်တတ်ပါသည်။
၁၄၅။ မမြသည် မြွေကို မြင်လိုက်ပြီးကတည်းက အပြင်ထွက်ရန် ချောက်ချားတုန်လှုပ်လျက် ရှိသည်။
၁၄၆။ ပိုပိုနှင့် သူငယ်ချင်းတစ်စုတို့သည် စာမေးပွဲ အောင်မြင်သဖြင့် ပျာလောင်ခတ် နေပါသည်။

mgyoe.com

mgyee.com

၁၄၇။ တယောထိုးကောင်းသူ၏ တယောသံသည် ကြားရသူ၏ စိတ်ကို လွမ်းဆွေးစေလောက်အောင် ညှို့ဖွဲ့စေတတ်သည်။

၁၄၈။ လင်းရောင်ပျို့လာသော အချိန်သည် လူ၏စိတ်ကို ဖမ်းစားနိုင်ပါသည်။

၁၄၉။ မမို့မို့သန့်သည် အဝတ်အစား အသစ်ကျပ်ချွတ် ဝတ်ရပါက ပျော်ရွှင်နေတတ်ပါသည်။

၁၅၀။ ရဲထက်အောင်သည် စတိုးဆိုင်မှ သူ့အမေ ဝယ်လာသော ဘောင်းဘီကို ဒုံးခံ ဝတ်ပါသည်။

၁၅၁။ ကွမ်းတောင်ကိုင် လှပျိုဖြူကလေးသည် မခို့တရို့ဖြင့် ရှက်နေပါသည်။

၁၅၂။ ရှင်ပြုအလှူပွဲများတွင် မိဆိုင် ဖဆိုင် နတ်များကို ကန်တော့ရာ၌ နတ်ဒိုးတီး ပေးရပါသည်။

## ၉။ အမျိုးသားနေ့

၁၅၃။ ဂိုဏ်းဂဏ - အဖွဲ့အစု၊ အအုပ်အသင်း။

၁၅၄။ အကွက်ကျ - ထိမိသည်၊ နေရာတကျဖြစ်သည်၊ ချက်ကြသည်။

၁၅၅။ ရေသာခို - အများနည်းတူ အပင်ပန်းမခံဘဲ သက်သာအောင်နေသည်။

၁၅၆။ မနုရှင် - ငွေအရင်းအနှီးများစွာ ရှိသောသူ၊ ငွေရှင်။

၁၅၇။ ချုံးချုံးကျ - ဖြေမဆည်နိုင်ဘဲ ရှိုက်ကြီးတငင်။

၁၅၈။ စိတ်ချောက်ချား - စိတ်တုန်လှုပ်သည်၊ စိတ်လှုပ်ရှားသည်။

၁၅၉။ မြိန်ရေရှက်ရေ - နှစ်ခြိုက်စွာ၊ အားပါးတရ။

၁၆၀။ ဝံသာနု - မျိုးချစ်စိတ်ရှိသူ။

၁၆၁။ မျက်မုန်းကျိုး - ကြည့်ရှုလိုစိတ်မရှိအောင် ရွံရှာစက်ဆုပ်သည်၊ ကြာရှည်စွဲမြဲစွာ မုန်းတီးသည်။

၁၆၂။ ရပ်ခံ - ရပ်ရွာဒေသခံ။

၁၆၃။ စကားဖာ - ပြောမိဆိုမိသော စကားအမှားကို ပြေပြေလည်လည် ဖြစ်အောင် ပြန်လည် ပြောဆိုသည်။

၁၅၃။ တိုင်းရင်းသားအချင်းချင်း ညီညွတ်မှုမရှိဘဲ ဂိုဏ်းဂဏကွဲပြားပါက ရည်ရွယ်ချက်များ မှေးမှိန်နေပါမည်။

၁၅၄။ မြန်မာစာဆရာ ဦးကျော်ဝင်းသည် စကားပြောရာတွင် အကွက်ကျကျ ပြောတတ်သူ ဖြစ်သည်။

၁၅၅။ ရေသာခိုသောစိတ်သည် အောင်မြင်မှုများ မရရှိနိုင်ပါ။

၁၅၆။ မြန်မာလူမျိုး မနုရှင်များသည် ပြည်ပတွင် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်လျက် ရှိပါသည်။

၁၅၇။ လှလှသည် သူ၏ အချစ်ဆုံးသူငယ်ချင်း ကွယ်လွန်သွားသောကြောင့် ချုံးချုံးကျ ငိုကြွေးလျက် ရှိသည်။

၁၅၈။ ခင်ခင်သည် စိတ်ချောက်ချားတတ်သောကြောင့် ညဘက်တွင် အပြင်ထွက်ရာ၌ အဖော်ဖြင့် သွားလေ့ ရှိသည်။

၁၅၉။ သခင်ကိုယ်တော်မှိုင်းသည် ဝံသာနုစိတ်ဓာတ် အပြည့်ရှိသူ ဖြစ်သည်။

၁၆၀။ ဝင်းဝင်းသည် သူငယ်ချင်း၏အလှူတွင် မြိန်ရေရှက်ရေ စားသောက်ခဲ့သည်။

၁၆၁။ ဆရာကန်တော့ပွဲတွင် အများနှင့်အတူ ဝိုင်းမလုပ်ဘဲ ယောင်တောင်တောင် လုပ်နေသူများကို ကျွန်တော် မျက်မုန်းကျိုးမိသည်။

၁၆၂။ လေ့လာရေးခရီးထွက်သော ကျောင်းသား ကျောင်းသူများကို ရပ်ခံ ဆရာများက ရှင်းလင်းပြသကြပါသည်။

၁၆၃။ စကားမှားသွားသော သူငယ်ချင်းကို မြင့်မြင့်သည် စကားဖာပေးလိုက်ရပါသည်။

## ၁၀။ ပတ္တမြားကျောက်စိမ်း

၁၆၄။ မှုန်ရီမှုန်မွား - မသဲမကွဲ။

၁၆၅။ ဒိဋ္ဌ - မျက်မြင်ကိုယ်တွေ့၊ ဧကန်အမှန်။

၁၆၆။ ရက်ချုပ် - မွေးဖွားချိန် စသည့် အချက်အလက်များကို ထန်းရွက် စသည်တို့တွင် ရေးမှတ် ထားသော စာ။

mgyee.com

mgyoe.com SAMPLE BOOK

၁၆၇။ ပြောင်းဆန် ▪ ဖရိုဖရဲ ဖြစ်သည်။
၁၆၈။ မချိ ▪ ဖြေဆည်နိုင်စွမ်း မရှိ။

၁၆၄။ လမိုက်ညတွင် ဟိုးအဝေးမှမီးရောင်ကို မှုန်ရီမှုန်ဝါးသာ မြင်ရပါသည်။
၁၆၅။ ကမ္မဋ္ဌာန်းတရားစီးဖြန်းသူများသည် သူတော်စင်များကို ဒိဋ္ဌ တွေ့မြင်နိုင်ပါသည်။
၁၆၆။ ရက်ချုပ်ကြည့်၍ လူတစ်ယောက်၏ ကံကြမ္မာကို ဟောကြပါသည်။
၁၆၇။ မင်းမင်းတို့အိမ်မှ ကြောင်ကလေးများသည် ပြောင်းဆန်အောင် ဆော့ကြပါသည်။
၁၆၈။ နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်မည့် သားကို ကြည့်ရင်း အမေသည် ရင်ထဲတွင် မချိ ဖြစ်ကာ မျက်ရည်ဝိုင်းနေပါသည်။

## ၁၁။ နိဗ္ဗာန်ဆော်

၁၆၉။ နိဗ္ဗာန်ဆော် ▪ ကောင်းမှုကုသိုလ်ပြုလုပ်ရန် ဆော်ဩသူ။
၁၇၀။ ပယောဂ ▪ အားထုတ်မှု၊ လှုံ့ဆော်မှု။
၁၇၁။ ကလတက် ▪ တီးခေါက်အချက်ပေးရန် သုံးသော အခေါင်းထွင်းသစ်လုံး၊ အုန်းမောင်း။
၁၇၂။ ကမ္မဋ္ဌာန်း ▪ ဈာန်အဘိညာဉ်နှင့် မဂ်ဖိုလ်ရကြောင်းဖြစ်သော လုပ်ငန်း။
၁၇၃။ စီးဖြန်း ▪ တရားသဘောကို ထပ်တလဲလဲ ဆင်ခြင်ပွားများသည်။

၁၆၉။ ဝါတွင်းသုံးလပတ်လုံး၌ အရုဏ်ဆွမ်းချက်ရန် လိုက်လံတိုက်တွန်းသော နိဗ္ဗာန်ဆော်၏အသံကြောင့် အမေသည် အိပ်ရာမှ စောစောထလေ့ ရှိပါသည်။
၁၇၀။ စိတ်ထားယုတ်ညံ့ပြီး တစ်ဖက်သားကို ဒုက္ခပေးတတ်သူသည် မည်သူ့ ပယောဂမှ မပါဘဲ ကျရှုံးတတ်ပါသည်။
၁၇၁။ ရွာဦးကျောင်းမှ ကလတက်ခေါက်သံသည် တစ်ရွာလုံးသို့ ပျံ့နှံ့လာပါသည်။
၁၇၂။ ကမ္မဋ္ဌာန်းတရားအားထုတ်နေကြသော ရဟန်းတို့၏ ဣန္ဒြေမှာ ကြည်ညိုဖွယ် ဖြစ်သည်။
၁၇၃။ တရားဘာဝနာ စီးဖြန်းသူတို့သည် လောကုတ္တရာအကျိုးထူးများကို ခံစားရရှိကြပေမည်။

## ၁၂။ အိမ်ရှေ့ကိုယ်တော်ကြီး

၁၇၄။ လက်ရုံး ▪ တိုက်မှုခိုက်မှု စွမ်းရည်။
၁၇၅။ ဓာတ်သိ ▪ အခြေအနေ စိတ်သဘောကို သိပြီးသူ။
၁၇၆။ မိုက်ရူးရဲ ▪ ရမ်းရမ်းကားကား၊ မဆင်မခြင် စွန့်စားသော။
၁၇၇။ ပိဋကတ် ▪ ဗုဒ္ဓ အဆုံးအမ ဖြစ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဟူသော ပိဋကတ်သုံးပုံ။
၁၇၈။ ဘီ ▪ မိမိအထက် စတုတ္ထဆွေဆက်။
၁၇၉။ တံစဉ်း ▪ သံကို တိုက်စားရန် မျက်နှာပြင်တွင် အသွားစိပ်စိပ် ဖော်ထားသော ကိရိယာ။
၁၈၀။ ပြုတ်တူ ▪ တစ်စုံတစ်ရာကို မြဲမြဲစွာ ထိန်းချုပ်ထားနိုင်သော ကိရိယာ။
၁၈၁။ တစ်ခဲနက် ▪ အကြားအလပ် မရှိ၊ တစ်ဝိုင်တစ်ခဲ၊ တစုတဝေးတည်း။
၁၈၂။ ကာမိ ▪ ထေမိသည်၊ လုံလောက်သည်။
၁၈၃။ လက်နက်ရုံ ▪ ဓား၊ လှံ၊ သေနတ်၊ အမြောက် စသည်တို့ ပြုလုပ်ရာ အလုပ်ရုံ။

၁၇၄။ အိမ်ရှေ့ကိုယ်တော်ကြီး၏ လက်ရုံးရည်အစွမ်းမှာ လက်ဖျားခါလောက်ပါသည်။
၁၇၅။ ကျွန်တော်နှင့် မောင်မောင်သည် ငယ်သူငယ်ချင်းများ ဖြစ်သောကြောင့် ဓာတ်သိများ ဖြစ်သည်။

mgyoe.com

၁၇၆။ ကားကို အရမ်းမောင်းသော မောင်မောင် မိုက်ရူးရဲဆန်စွာ မောင်းတတ်သောကြောင့် မကြာခဏ တိုက်ခိုက်မှုများ ဖြစ်ပွားတတ်သည်။

၁၇၇။ ကနောင်မင်းသားကြီးသည် ပိဋကတ်ကျမ်းတတ် ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။

၁၇၈။ ဘေး၊ ဘိုး၊ ဘီ လက်ထက်မှ ထိန်းသိမ်းလာခဲ့သော ယဉ်ကျေးမှုများကို မပစ်ပယ်သင့်ပါ။

၁၇၉-၁၈၀။ ကနောင်မင်းသားကြီးသည် လက်နက်များ လုပ်ရာတွင် ကိုယ်တော်တိုင် တံစဉ်း၊ ပြုတ်တူတို့ဖြင့် လုပ်ကိုင်လေ့ ရှိသည်။

၁၈၁။ မြန်မာအမျိုးသမီး ဘောလုံးအသင်း အနိုင်ရသောကြောင့် မြန်မာပရိသတ်က တစ်ခဲနက် အားပေးပါသည်။

၁၈၂။ မမေသည် ဖေဖေ၏ လစာဖြင့် ကာမိစေရန် သုံးစွဲတတ်သူ ဖြစ်သည်။

၁၈၃။ လက်နက်ရုံများအနီးတွင် အန္တရာယ်ရှိတတ်သောကြောင့် သွားလာမှုကို ကန့်သတ်ထားရပါသည်။

## ၁၃။ အရာရာတွင်ကျယ် တို့လူငယ်

၁၈၄။ စစ်တလင်း - စစ်တိုက်ရာနေရာ အရပ်၊ စစ်မြေပြင်။

၁၈၅။ ချေင် - ယဉ်ကျေးသိမ်မွေ့ သာယာနူးညံ့သည်။

၁၈၄။ စစ်ပွဲပြီးသွားသောအခါ စစ်တလင်းတွင် အနိဋ္ဌာရုံများကို နေရာအနှံ့ မြင်တွေ့နေရသည်။

၁၈၅။ လူကြီးသူမများက မောင်ကိုကိုအောင်ကို စကားပြော ချေင်သဖြင့် ချစ်ခင်ကြပါသည်။

## ၁၄။ မြန်မာစာ အရေးအသား တိုးတက်စေနည်း

၁၈၆။ နိဿယ - ပါဠိ တစ်ချက်၊ မြန်မာပြန် အနက်တစ်ချက် ဘာသာပြန်ဆိုမှု။

၁၈၇။ ပျို့ - ပိုဒ်ရေပေါင်းများစွာ ဖွဲ့ဆိုသောလင်္ကာရှည်။

၁၈၈။ လင်္ကာ - ကဗျာ

၁၈၉။ စကားချီး - အဓိကအကြောင်းအရာ မရေးမီ ရှေ့ပြေးအဖြစ် ရေးသားချက်။

၁၉၀။ ဓမ္မဓိဋ္ဌာန် - ပုဂ္ဂိုလ်ကို မရည်စူးဘဲ၊ ပုဂ္ဂိုလ်ရေး မပါဘဲ။

၁၉၁။ ပမာဒလေခ - မေ့မှားရေးမိသော အရေးအသား

၁၉၂။ ပဋိပက္ခ - ဆန့်ကျင်ဘက်

၁၈၆။ ပုဂံခေတ်တွင် ဗုဒ္ဓစာပေများကို ပါဠိဘာသာမှ နိဿယပြန်ဆိုခဲ့ကြသည်။

၁၈၇။ အင်းဝခေတ်တွင် ပျို့စာပေ အထွန်းကားဆုံး ဖြစ်သည်။

၁၈၈။ အနန္တသူရိယ ရေးသားဖွဲ့သော မျက်ဖြေလင်္ကာသည် ယနေ့ထက်တိုင် ထင်ရှားလျက် ရှိသည်။

၁၈၉။ စာရေးဆရာတို့သည် မိမိတို့ ရေးသားသည့် စာအုပ်တွင် စာအုပ်အကြောင်းအရာနှင့်ပတ်သက်၍ စကားချီးခံလေ့ ရှိပါသည်။

၁၉၀။ ပြဿနာတစ်ရပ်နှင့် ကြုံတွေ့လျှင် ပြေလည်စေရန် ဓမ္မဓိဋ္ဌာန်ကျကျ ဖြေရှင်းသင့်ပါသည်။

၁၉၁။ အချို့သော စာရေးဆရာတို့သည် စကားပြောလိုစိတ် ပြင်းထန်လာသောအခါ ပမာဒလေခ ဖြစ်တတ်သည်။

၁၉၂။ ဆီးရီးယားနိုင်ငံ၏ နိုင်ငံရေး ပဋိပက္ခသည် ပြည်တွင်းစစ်ကို ဖြစ်ပွားစေပါသည်။

## ၁၅။ ခွန်အားရှိသောစာ

၁၉၃။ သာမန်ကာလျှံကာ - အပေါ်ယံမျှ

၁၉၄။ ဝိုးတိုးဝါးတား - မသဲမကွဲ၊ ကွဲကွဲပြားပြား မရှိ။

၁၉၅။ ကြေးစားလိုက် - အခကြေးငွေယူ၍ အလုပ်လုပ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

| | | | |
|---|---|---|---|
| ၁၉၆။ | ခနော်ခနဲ့ | - | တောင့်တင်းခိုင်မာခြင်း မရှိဘဲ။ |
| ၁၉၇။ | လောကုတ္တရာ | - | လောကမှ လွန်မြောက်ကြောင်းတရား။ |

၁၉၃။ အမှိုက်ကို လမ်းဘေးတွင် အမှတ်မထင် လွှင့်ပစ်ခြင်းသည် သာမန်ကာလျှံကာမျှ သဘောမထားသင့်ပါ။
၁၉၄။ နှင်းများ တဖွဲဖွဲ ကျဆင်းနေသော မနက်ခင်းတွင် မြင်ကွင်းများသည် ဝိုးတိုးဝါးတားသာ တွေ့မြင်ရပါသည်။
၁၉၅။ ပန်းရန်သမား အောင်ကျော်သည် ကန်ထရိုက်တစ်ခုကို ပုတ်ပြတ်သတ်မှတ်ပြီး ကြေးစားလိုက်သည်။
၁၉၆။ အချို့သောဆင်းရဲသားတို့၏ အိမ်ကလေးများသည် ခနော်ခနဲ့ ယိုင်တိုင်တိုင် ဖြစ်နေပါသည်။
၁၉၇။ လူ့ဘဝတွင် ကုသိုလ်ကောင်းမှုပြုလုပ်သူများသည် လောကုတ္တရာကောင်းကျိုးကို ခံစားရပါမည်။

## ၁၆။ နေဝင်မြင်သည် ဝဍ္ဍေပြည်

| | | | |
|---|---|---|---|
| ၁၉၈။ | ထည်ဝါ | - | ခံ့ညားကြီးကျယ်သည်။ |
| ၁၉၉။ | မျှော်စင် | - | အဝေးသို့ လှမ်းကြည့်ရန် အဆောက်အအုံအမြင့်။ |
| ၂၀၀။ | ပရိတ်ရေ | - | ဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်တတ်သော ပရိတ်တော်များကို ရွတ်ဆိုစဉ် ပရိတ်အာနိသင် ရှိအောင် ထားရှိသောရေ။ |
| ၂၀၁။ | ခရာ | - | မှုတ်ရသော တူရိယာတစ်မျိုး။ |
| ၂၀၂။ | အမြွက်မျှ | - | အကျဉ်းမျှ။ |
| ၂၀၃။ | ကျောင်းအမ | - | ကျောင်းဆောက်လုပ်လှူဒါန်းသော ဒါယိကာမ။ |
| ၂၀၄။ | ကသိုဏ်းဝန်း | - | အာရုံစူးစိုက်ကြည့်ရှုသော မြင်ကွင်း။ |

၁၉၈။ မြန်မာနိုင်ငံရှိ ဘုတာရုံများထဲတွင် မန္တလေးဘူတာကြီးသည် အလွန်ထည်ဝါလှပါသည်။
၁၉၉။ နန်းမြင့်မျှော်စင် ပေါ်က ကြည့်ပါက မန္တလေးတစ်မြို့လုံးကို မြင်တွေ့နိုင်ပါသည်။
၂၀၀။ မြန်မာလူမျိုးတို့သည် ပရိတ်ရေအိုးများကို ဆောင်ထားလေ့ ရှိသည်။
၂၀၁။ ဘောလုံးပွဲတွင် ဒိုင်လူကြီး ခရာမှုတ်ပါက ဘောလုံးသမားများသည် ပွဲကို ရပ်လိုက်ကြရပါသည်။
၂၀၂။ စာမေးပွဲတွင် ဖြေဆိုရမည့်ဘာသာရပ်၏ တစိတ်တစ်ပိုင်းကို ဆရာသည် အမြွက်မျှ မပြောပေ။
၂၀၃။ စာရေးဆရာမ ဒဂုန်ခင်ခင်လေးသည် ရွှေတိဂုံစေတီတော်တွင် တန်ဆောင်း လှူသော ကျောင်းအမတစ်ဦး ဖြစ်ပါသည်။
၂၀၄။ ကမ္မဋ္ဌာန်းတရား စီးဖြန်းသည့် ရဟန်းတော်အချို့သည် မီးကသိုဏ်းဝန်းကို ရှုမှတ်နေပါသည်။

## ၁၇။ မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်း

| | | | |
|---|---|---|---|
| ၂၀၅။ | ဒွန်တွဲ | - | နှစ်ခု ယှဉ်တွဲနေသည်။ |
| ၂၀၆။ | အမှိသဟဲ | - | မှိုခိုရာ။ |
| ၂၀၇။ | ဆယ်အိမ်ခေါင်း | - | သူကြီး၏ လက်အောက်တွင် ဆယ်အိမ်ကို ကြီးကြပ်ရသူ။ |
| ၂၀၈။ | ဓားလွယ်ခုတ် | - | မျက်စောင်းထိုး၊ ခပ်စောင်းစောင်း အနေအထား။ |
| ၂၀၉။ | ထိုးကွင်း | - | ကိုယ်ခန္ဓာပေါ်တွင် မင်ဖြင့်ထိုးရသော အကွင်းအကွက်။ |
| ၂၁၀။ | မှောက်မထား | - | ခင်ပွန်း ရှိလျက် နောက်တစ်ယောက်နှင့် ဖောက်ပြန်သည်။ |
| ၂၁၁။ | ပက်ပင်းမိ | - | မျက်မြင်တွေ့သည်၊ ရင်ဆိုင်တွေ့သည်။ |
| ၂၁၂။ | လက်ပူးလက်ကြပ် | - | လက်ဆုပ်လက်ကိုင်၊ မျက်မြင်ထင်ရှား။ |
| ၂၁၃။ | ကြဉ် | - | ရှောင်သည်၊ အပေါင်းအသင်း မလုပ်။ |
| ၂၁၄။ | တရားချ | - | ဖျောင်းဖျ ပြောဆိုသည်။ အမှား၊ အမှန် ခွဲခြားနိုင်အောင် ပြောဆိုသည်။ |

mgyoe.com

၂၀၅။ လူတစ်ယောက်တွင် အကောင်းနှင့် အဆိုး ဒွန်တွဲနေတတ်ပါသည်။
၂၀၆။ ကိုင်းနှင့် ကျွန်းသည် တစ်ခုနှင့်တစ်ခု အမှီသဟဲ ပြုနေကြပါသည်။
၂၀၇။ ဦးကိုကိုမောင်သည် ကျွန်ဂုတ်တို့ ရွာတွင် ဆယ်အိမ်ခေါင်း တစ်ဦး ဖြစ်သည်။
၂၀၈။ ကျွန်တော်တို့ကျောင်း၏ စားလွယ်ခုတ်တွင် မြို့နယ်ဆေးရုံကြီး ရှိပါသည်။
၂၀၉။ ရှေးခေတ်က ယောကျ်ားများသည် ထိုးကွင်း ထိုးလေ့ရှိသည်။
၂၁၀။ မချောဖြူသည် မျောက်မထားတတ်သော မိန်းမတစ်ယောက် ဖြစ်သည်။
၂၁၁။ ကျောင်းပြေးသော မောင်မောင်သည် ကျောင်းအုပ်ဆရာကြီးနှင့် ပက်ပင်းမိပါသည်။
၂၁၂။ ရဲသည် ခါးပိုက်နှိုက်ကို သက်သေခံပစ္စည်းနှင့်အတူ လက်ပူးလက်ကြပ် ဖမ်းမိသည်။
၂၁၃။ ဒေါသကြီးသော မောင်လှိုင်ကို သူငယ်ချင်းများက ကြဉ်ထားသည်။
၂၁၄။ ရွာဦးကျောင်းဆရာတော်သည် အရက်သမားဘအောင်ကို တရားချခဲ့ပါသည်။

## ၁၈။ မြန်မာမှု

| | | | |
|---|---|---|---|
| ၂၁၅။ | မြန်မာမှု | ▪ | မြန်မာတို့အစဉ်အလာ |
| ၂၁၆။ | ပိပိပြင်ပြင် | ▪ | ထင်ထင်ရှားရှား။ |
| ၂၁၇။ | ပုထိုး | ▪ | ဘုရားစေတီ။ |
| ၂၁၈။ | ဂူ | ▪ | ဂူဘုရား၊ အောက်က အုတ်တိုက်ခံ၍ တည်ထားသော ဘုရား။ |
| ၂၁၉။ | ဌာပနာ | ▪ | ထည့်သွင်းသည်။ |
| ၂၂၀။ | ရွှေပိန်းချ | ▪ | တစ်ပြင်လုံး ရွှေအပြည့်ချသည်။ |
| ၂၂၁။ | ရုပ်ကြွ | ▪ | ဖောင်းကြွအောင် ပြုလုပ်ထားသော ရုပ်ပုံ။ |
| ၂၂၂။ | တံခွန်တိုင် | ▪ | ဘုရား၊ ကျောင်းတို့ အနီးတွင် တံခွန်အဖြစ် စိုက်ထားသောတိုင်။ |
| ၂၂၃။ | ကနုတ် | ▪ | အနွယ်၊ အခက်၊ အရွက် စသည်တို့ ရစ်ပတ်ထွေးယှက်နေသော ပုံသဏ္ဌာန်ရှိသည့် အဆင်တန်ဆာ အမွှမ်းအမံ။ |

၂၁၅။ သာသနိက အဆောက်အအုံများကို ဆောက်လုပ်ရာတွင် မြန်မာမှုပညာရှင်များ၏ အကူအညီကို ယူရပါသည်။
၂၁၆။ တန်ဆောင်မုန်းလပြည့်နေ့တွင် လပြည့်ဝန်းကို ပိပိပြင်ပြင် မြင်တွေ့နိုင်ပါသည်။
၂၁၇။ မြန်မာနိုင်ငံသည် စေတီ ပုထိုး ပေါများသောနိုင်ငံ ဖြစ်ပါသည်။
၂၁၈။ ဗိုလ်တထောင်ဘုရား လိုဏ်ဂူအတွင်း အဖိုးတန်ပစ္စည်းများကို ဌာပနာထားပါသည်။
၂၁၉။ ဗုဒ္ဓဘာသာဝင်တို့သည် စေတီတစ်ဆူ တည်ပြီးလျှင် ရတနာရွှေငွေများကို ဌာပနာလေ့ ရှိသည်။
၂၂၀။ ရွှေတိဂုံစေတီတော်မြတ်ကို ရွှေပိန်းချ ပူဇော်ထားသည်မှာ ကြည်ညိုဖွယ် ဖြစ်သည်။
၂၂၁။ ရှေးယခင် စေတီများ၏ ပတ်ပတ်လည်တွင် ရုပ်လုံး ရုပ်ကြွများဖြင့် ပူဇော်ခဲ့ပါသည်။
၂၂၂။ ဘုရားစေတီတော်တိုင်းတွင် တံခွန်တိုင်များ စိုက်ထူလေ့ ရှိပါသည်။
၂၂၃။ မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားများတွင် ကနုတ်ပန်းဖြင့် မွမ်းမံထားပါသည်။

| | | | |
|---|---|---|---|
| ၂၂၄။ | ဆည်းလည်း | ▪ | လှုပ်လျှင် အသံမြည်သော ခေါင်းလောင်းငယ်။ |
| ၂၂၅။ | အပြောက်အမွမ်း | ▪ | ရုပ်လုံးရုပ်ကြွ ခြူးပန်းခြူးနွယ် စသည်တို့ဖြင့် မွမ်းမံခြယ်လှယ်ထားသော ဗိသုကာလက်ရာများ။ |
| ၂၂၆။ | လက်ရန်း | ▪ | လှေကား စသည်တို့ဘေးမှ တပ်ဆင်ထားသော ထိန်းကိုင်စရာ တန်း။ |
| ၂၂၇။ | မကိုဋ် | ▪ | ဘုရင် စသော မြင့်မြတ်သူတို့ ဆောင်းသည့် ဦးခေါင်းတန်ဆာ။ |
| ၂၂၈။ | မုခ်ဦး | ▪ | လက်ဟန်အမူအရာများ။ |

mgyoe.com

mgyoe.com
SAMPLE BOOK

၂၂၉။ စဥ့် ▪ မြေထည်ကို သုတ်လိမ်းရသော ချော်ရည်တစ်မျိုး။
၂၃၀။ ဗုဒ္ဓဝင် ▪ မြတ်စွာဘုရား၏ ဘဝဖြစ်တော်စဉ်ကို ရေးသားထားသည့်ကျမ်း။
၂၃၁။ မဟာဝင် ▪ မဟာသမ္မတမင်းမှစ၍ မင်းအဆက်ဆက် အကြောင်းအရာများကို ရေးသားထားသည့်ကျမ်း။
၂၃၂။ နိပါတ် ▪ ဘုရားဖြစ်တော်စဉ် ဇာတ်တော်များကို ကာလအရေအတွက်အလိုက် စုစည်းထားသော ဇာတ်ဝတ္ထု။
၂၃၃။ စလွယ် ▪ ပခုံးတွင် သိုင်း၍လွယ်ထားရသော အဆင်တန်ဆာ။

၂၂၄။ ဘုရားစေတီမှ လေတိုက်လျှင် မြည်သော <u>ဆည်းလည်းသံ</u>သည် ကြားရသူတိုင်း၏စိတ်ကို ကြည်နူးစေပါသည်။
၂၂၅။ သာသနိကအဆောက်အအုံသစ်များ ဆောက်လုပ်တိုင်း မြန်မာမှု အနုပညာလက်ရာများဖြင့် ပြုလုပ်ထားသော အပြောက်<u>အမွမ်း</u>များဖြင့် တန်ဆာဆင်လေ့ ရှိကြသည်။
၂၂၆။ အဆောက်အအုံကြီးများ၏ အမြင့်သို့ တက်ရာတွင် <u>လှေကား</u>လက်ရန်းများကို စတီးများဖြင့် ပြုလုပ်ထားကြသည်။
၂၂၇။ ကျွန်တော် ရှင်ပြုစဉ်က ရှင်လောင်းလှည့်ရာတွင် <u>မကိုဋ်</u>ဆောင်း၍ လှည့်လည်ခဲ့ပါသည်။
၂၂၈။ ကျွန်တော်တို့၏ အိမ်တွင် အန္တရာယ်ကင်းစေရန် အဘယ<u>မုဒြာ</u>ရုပ်ပွားတော်ကို ပူဇော်ထားပါသည်။
၂၂၉။ <u>စဥ့်</u>အိုးများသည် မြန်မာ့ကျေးလက်ဒေသများတွင် အသုံးဝင်နေဆဲ ဖြစ်ပါသည်။
၂၃၀။ <u>ဗုဒ္ဓဝင်</u>ကျမ်းများကို ဖတ်ရသည်မှာ ဘာသာရေး အသိဉာဏ်ကို တိုးပွားစေပါသည်။
၂၃၁။ <u>မဟာဝင်</u>ကျမ်းထဲမှ သူရဲကောင်းတို့သည် အံ့ဩဖွယ်ကောင်းလောက်အောင် စွမ်းရည် ထက်မြက်ကြပါသည်။
၂၃၂။ ဘုရားစေတီများတွင် မြတ်စွာဘုရား၏ <u>နိပါတ်</u>တော်များကို ပန်းချီများ ရေးဆွဲ၍ ပူဇော်ထားပါသည်။
၂၃၃။ ကျွန်တော် ရှင်ပြုစဉ်က ရှင်လောင်းလှည့်ရာတွင် <u>ရွှေစလွယ်</u>ဆင်မြန်း၍ လှည့်လည်ခဲ့ပါသည်။

## <u>ရေသည်ပြဇာတ်မှ ဝေါဟာရများ</u>

၂၃၄။ ကရောကပါး ▪ ကတိုက်ကရိုက်၊ အလောတကြီး။
၂၃၅။ ကာမဂုဏ် ▪ လိုချင်နှစ်သက်ဖွယ်အာရုံ။
၂၃၆။ ကုံလုံ ▪ ပြည့်စုံသည်၊ လုံလောက်သည်၊ ကြွယ်ဝသည်။
၂၃၇။ ကျိုကျိုတက် ▪ (ငွေကြေး) အလွန်များပြားစွာ။
၂၃၈။ ကျတ်တွင်း ▪ တောတွင်းတိရစ္ဆာန်များ ဆားအလို့ငှာ လျက်ရ၊ သောက်ရသော ဆားတွင်း ဆားကျင်း။
၂၃၉။ ကြက်မခွပ် ▪ ဖွံ့ကြီးစွာ လုပ်သည်။
၂၄၀။ ချောပို့ ▪ ခရီးစခန်းတစ်ခုမှ တစ်ခုသို့ ကုန်ပစ္စည်း စသည်တို့ကို အဆင့်ဆင့် ပို့ဆောင်သည်။
၂၄၁။ ချက်ကောင်း ▪ အခွင့်ကောင်း၊ အခါကောင်း။ အလုပ်အကြံ အောင်နိုင်ဖွယ် အကြောင်းထိရောက်သည့် အချက်။
၂၄၂။ ချွတ်ခြုံ ▪ ခါးဝတ်ကိုပင် ချွတ်၍ ခြုံရလောက်အောင် ဆင်းရဲသည်။ ဘာမျှ မရှိလောက်အောင် မွဲသည်။
၂၄၃။ စကားဖန် ▪ ကြားဖြတ်ကာ သိုင်းဝိုင်းချဲ့ထွင် ဖန်တီးပြောဆိုသော စကား။

၂၃၄။ ရေသည်ယောက်ျားသည် ငွေလေးရွေးကို သွားယူရန် <u>ကရောကပါး</u> ပြေးလွှားနေပါသည်။
၂၃၅။ <u>ကာမဂုဏ်</u>၌ မွေ့လျော်နေသူများသည် အောင်မြင်မှုရရန် အခွင့်အလမ်း နည်းပါးပါသည်။
၂၃၆။ ဦးမြသည် ကျွန်တော်တို့ရွာတွင် <u>ကုံလုံ</u> ကြွယ်ဝသူတစ်ဦး ဖြစ်သည်။

mgyoe.com

SAMPLE BOOK

၂၃၇။ ရဲထက်အောင်တို့မျိုးရိုးသည် ရှေးအစဉ်အဆက်ကတည်းက ကျိကျိတက် ချမ်းသာသောမျိုးရိုး ဖြစ်သည်။

၂၃၈။ ကျွတ်တွင်း ရေကို သောက်ပါက ရေငတ် မပြေနိုင်ပါ။

၂၃၉။ ဆင်းရဲသော ကိုဘပုသည် ကြီးပွားချမ်းသာလိုသဖြင့် ကြက်မခွပ် လုပ်ကိုင်နေပါသည်။

၂၄၀။ မန္တလေးတွင်နေသော ငယ်သူငယ်ချင်းကို ရန်ကုန်မှ ကျွန်တော်သည် လက်ဆောင်ပေးရန် စာတိုက်မှ ချောပို့ လိုက်ပါသည်။

၂၄၁။ မည်သူမဆို စိတ်ကောင်းထားပြီး ကြိုးစားလုပ်ကိုင်ပါက ချက်ကောင်း တွေ့နိုင်ပါသည်။

၂၄၂။ ရေသည်ယောကျ်ားသည် ချွတ်ခြုံ ကျလောက်အောင် ဆင်းရဲလှပါသည်။

၂၄၃။ ကျွန်တော်သည် စာမကျက်လာသော မောင်မောင်ကို ဆရာမ ဆူမည်စိုးရိမ်သောကြောင့် စကားဖန်လိုက်သည်။

---

၂၄၄။ စစ်စစ်ပေါက်ပေါက် - ချွေချွေတာတာ၊ စစ်စစ်စီစီ၊ စေ့စပ်စွာ။

၂၄၅။ ဇင်ဂလယ် - တိုင်းငယ်ပြည်ငယ်၊ (ဂျင်ဂလယ်)

၁၄၆၊ တစ်ဆိတ်စာ - အနည်းငယ်လောက်သော ပမာဏ။

၁၄၇။ တဏှာ - လိုချင်တပ်မက်ခြင်း။

၂၄၈။ တရကြမ်း - အပြင်းအထန်၊ အတင်းအကြမ်း။

၂၄၉။ တလတွန်း (တရတွန်း) - အဆက်မပြတ်၊ အတင်းအကြမ်း။

၂၅၀။ တာဝတိံသာ - နတ်ပြည်ခြောက်ထပ်တွင် ဒုတိယအထပ်။

၂၅၁။ တူရူ - မျက်နှာမူရာ ရှေ့တည့်တည့်။

၂၅၂။ တန်း - အချုပ်ခန်း၊ ရာဇဝတ်မှုကို စစ်ဆေးဆဲအခါ ချုပ်ထားသောနေရာ။

၂၅၃။ ဒလဟော - အဆီးအတားမရှိ အရှိန်ပြင်းစွာဖြင့်။

၂၄၄။ ဦးလေးတို့ မိသားစုသည် ဝင်ငွေနည်းပါးသော်လည်း စစ်စစ်ပေါက်ပေါက် သုံးစွဲသောကြောင့် အနည်းငယ် စုဆောင်းမိပါသည်။

၂၄၅။ ရေသည်ယောကျ်ား အိမ်ရှေ့မင်းသည် ဗာရာဏသီပြည်ကို ဇင်ဂလယ်ဟု ထင်မှတ်နေပါသည်။

၂၄၆။ အချို့သော သူတို့သည် ဝက်သားကို တစ်ဆိတ်စာမျှပင် မစားဖူးပါ။

၂၄၇။ လူတို့တွင် ဖြစ်ပေါ်လေ့ရှိသော တဏှာစိတ်ကို ပယ်သတ်ရန် ခက်ခဲပါသည်။

၂၄၈။ ရေသည်ယောကျ်ားသည် ငွေလေးရွေးကို ယူရန် နေပူထဲတွင် တရကြမ်း ပြေးလွှားနေပါသည်။

၂၄၉။ ရေသည်ယောကျ်ားသည် ရေသည်မိန်းမနှင့် လက်ထပ်နိုင်ရန် တလတွန်း ကြံစည်နေပါသည်။

၂၅၀။ တာဝတိံသာနတ်ပြည်ရှိ ဝေဇယန္တာနတ်နန်းသည် ကြီးကျယ်ခမ်းနားလှသည်ဟု စာပေထဲတွင် ဖတ်ဖူးပါသည်။

၂၅၁။ ဥဒယမင်းကြီးသည် မှန်ပြောင်းဖြင့် မျက်နှာတူရူသို့ ကြည့်ရာတွင် ပျော်ရွှင်စွာ ပြေးလွှားနေသော ရေသည် ယောကျ်ားကို တွေ့မြင်သွားပါသည်။

၂၅၂။ သူတော်ကောင်းတို့သည် ထောင်တန်းကို မရောက်နိုင်ကြပါ။

၂၅၃။ ရေထွက်ပေါက်ကို ဖွင့်လိုက်သောအခါ ကန်ထဲရှိရေများ ဒလဟော ထွက်သွားပါသည်။

---

၂၅၄။ ထူး - ဆင်သတ္တဝါတို့၏ လှုပ်ရှားသွားလာမှုကို ချုပ်ထိန်းရန် ခြေတွင် တပ်ဆင်ထားသော ခြေချင်း။

၂၅၅။ ဓမ္မတာ - ဖြစ်မြဲတရား

၂၅၆။ ပါရမီ - ဘဝအဆက်ဆက် ဖြည့်ဆည်းအပ်သော အလေ့အထုံ။

၂၅၇။ ပီလော - ချွဲကျိသော အရည်ထွက်သည့် ဟင်းချိုချက်၍ သောက်ရသော အပင်တစ်မျိုး။

mdyoe.com

mgyoe.com SAMPLE BOOK

၂၅၈။ ပက္ကလာ ▪ နေ၊ မိုး ကာကွယ်ရန် လယ်သူမများ ဆောင်းလေ့ရှိသော စလူဝါးပင် စသည်ကို နှီးဖြင့် ချုပ်သတ်ပြုလုပ်ထား၍ ကျောပြင်ပါ လုံသည့် ခေါင်းဆောင်းရှည် တစ်မျိုး။

၂၅၉။ ပေါင်းလန် ▪ (လှေ၊ လှည်းပေါင်းမိုး၊ တောင်း၊ တင်း စသည် မဆုံအောင်) များပြားပြည့်လျှံသည်။

၂၆၀။ ပစ္စုပ္ပန် ▪ မျက်မှောက်ကာလ။ မျက်မှောက် ဘဝ။

၂၆၁။ ပတ်ကြမ်းတီး ▪ ဇာတ်ဆရာက တိုက်ခိုက်ခန်းမျိုးတွင် ပတ်မကြီးသံ ညံစေလျက် အကြမ်းတီးသည်။

၂၆၂။ ပျံ့ပျူး ▪ သာယာ

၂၆၃။ ဗရဗျစ် ▪ ရောထွေးစုခဲ ရှုပ်ပွေလျက်။

၂၅၄။ ဆင်သတ္တဝါတို့ကို ထူးခတ်၍ ထိန်းထားပါမှ အန္တရာယ်ကင်းပါသည်။

၂၅၅။ မြစ်တို့သည် မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းသည်မှာ ဓမ္မတာတရားတစ်ခုပင် ဖြစ်သည်။

၂၅၆။ မဟောသဓာဇာတ်တော်သည် ပညာပါရမီ အထင်အရှား ဟောကြားသောဇာတ်တော်တစ်ခု ဖြစ်ပါသည်။

၂၅၇။ ရေသည်မိန်းမသည် သုံးလွန်းတင်ထမင်းနှင့် ပိလောပင်းချိုကိုသာ နေ့စဉ် စားသောက်ရပါသည်။

၂၅၈။ ကောက်စိုက်သမလေးများသည် ကောက်စိုက်ရာတွင် ပက္ကလာကို ဆောင်းထားလေ့ ရှိပါသည်။

၂၅၉။ ရေသည်မိန်းမသည် ချမ်းသာသော ယောကျ်ားနှင့် အိမ်ထောင်ကျပါက ပေါင်းလန်အောင် စားသောက်မည်ဟု ပြောဆိုပါသည်။

၂၆၀။ ယခု ပစ္စုပ္ပန်ဘဝတွင် တရားအားထုတ်သူတိုင်းသည် လောကုတ္တရာ ချမ်းသာကို ခံစားရရှိမည် ဖြစ်သည်။

၂၆၁။ ဇာတ်ပွဲများတွင် ဘီလူးခန်းကို ကပြရာတွင် ဇာတ်ကွက်နှင့်အညီ ပတ်ကြမ်းတီး ပေးရပါသည်။

၂၆၂။ တော်သလင်းလတွင် လေတိုက်နှုန်း တည်ငြိမ်နေသောကြောင့် ရာသီဥတုသည် ပျံ့ပျူး သာယာနေပါသည်။

၂၆၃။ ရေသည်မိန်းမ၏ ထဘီသည် အဖာများဖြင့် ဗရဗျစ် ဖြစ်နေပါသည်။

---

၂၆၄။ ဘရုံတောက်တီး ▪ အဓိပ္ပာယ်မရှိဘဲ ရောက်တတ်ရာရာ။

၂၆၅။ ဘီသိက်ပွဲ ▪ ရေစင်သွန်း၍ မင်္ဂလာပြုသည့် အခမ်းအနား။

၂၆၆။ မနှံ့နှဲ့ ▪ မည်ညံ့ဖျင်း။

၂၆၇။ မုရင်း ▪ မိုးကုန်ပြီးနောက် ဆောင်းတွင်းနှင့်နွေအခါတွင် ရေသွင်း၍ စိုက်ပျိုးလေ့ရှိသော စပါးတစ်မျိုး။

၂၆၈။ မှန်ဝိုင်း ▪ မှန်စီရွှေချထားသော ဆိုင်းဝိုင်း။

၂၆၉။ ယေဘူယျ (ယေဘုယျ) ▪ အများအားဖြင့် ဖြစ်တတ်၊ ပျက်တတ်သော သဘော။ အတိအကျ မဟုတ်သော အကြမ်းဖျင်းသဘော။

၂၇၀။ ရောင့်ရဲ ▪ ကျေနပ်တင်းတိမ်သည်။

၂၇၁။ ရှက်အုပ်သီး ▪ လူသူမသိ မမြင်စေဘဲ၊ သိုဝှက်လျက်။

၂၇၂။ ရှက်အုပ်သီးပူ ▪ ကျိတ်၍ပူရသည်။

၂၇၃။ လှူကပ်ပါး ▪ တစ်ရပ်တစ်ကျေးမှ လာရောက်နေထိုင်သူ။ တစ်ပါးသူထံတွင် ကပ်မြောင်၍ မှီခိုနေထိုင်သူ။

၂၆၄။ အမူးလွန်နေသော ကိုအောင်သိန်းသည် စကားများကို ဘရုံတောက်တီး ပြောဆိုနေပါသည်။

၂၆၅။ ဥဒယမင်းကြီး၏ ဘီသိက်ပွဲတွင် သုံးစွဲရန် ရေသည်ယောကျ်ားသည် ငွေလေးရွှေးကို သွားရောက်ယူငင်ပါသည်။

၂၆၆။ ရေသည်ယောကျ်ားသည် သူ့ကိုယ်သူ ဆင်းရဲသော်လည်း မနှံ့နှဲ့ကြောင်း ပြောဆိုပါသည်။

၂၆၇။ ရေသည်ယောကျ်ားသည် မုရင်းထမင်းနှင့် ချဉ်ပေါင်ဟင်းကိုသာ စားသောက်ရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၂၆၈။ ရေသည်ယောက်ျားက ရေချိုရောင်း ထွက်ရန်အတွက် မှန်ဝိုင်းဆရာကို ဆိုင်းဆင့်လိုက်ပါသည်။

၂၆၉။ ကျွန်တော်တို့ ကျောင်းသားများသည် ယေဘုယျအားဖြင့် ရိုးသားကြပါသည်။

၂၇၀။ အစ်ကိုသည် ရိုးသားသူ ဖြစ်သဖြင့် ရသမျှနှင့် ရောင့်ရဲတတ်ပါသည်။

၂၇၁။ အချို့သော ကျေးလက်ဒေသများတွင် ထူးချွန်သူ ရွက်အုပ်သီးများ ရှိနေတတ်ပါသည်။

၂၇၂။ စိုးစိုးသည် အမှားလုပ်မိထားသောကြောင့် တစ်ယောက်တည်း ရွက်အုပ်သီးပူ နေရပါသည်။

၂၇၃။ မြင့်သိန်းသည် ဦးလေးအိမ်တွင် နေထိုင်ရသည်ကို စိတ်ထဲတွင် လှူကပ်ပါးများ ဖြစ်နေမလားဟု ထင်နေမိသည်။

---

| | | | |
|---|---|---|---|
| ၂၇၄။ | လောကဓံ | ▪ | လောကတွင် ဖြစ်လေ့ဖြစ်ထရှိသော ဆူကြုံနိမ့်မြင့် သဘောတရား။ |
| ၂၇၅။ | လျှော်တေ | ▪ | သစ်ပင် မြက်ပင်မှ ရသော လျှော်ဖြင့် ပြုလုပ်ထားသည့် သက်န်း။ |
| ၂၇၆။ | ဝေဝုစ် | ▪ | စကားပရိယာယ်။ |
| ၂၇၇။ | ဝက်စားကျင်း | ▪ | ဝက်များ အစာရှာထွက်ရာ၌ ကော်ပက်ထားသော မြေအရပ်။ |
| ၂၇၈။ | ဝက်စားကျင်းကော် | ▪ | ကျေးဇူးကန်းသည်။ |
| ၂၇၉။ | သံသရာ | ▪ | ဘဝအသစ်ဖြစ်ခြင်းဖြင့် အစဉ်မပြတ်ဘဲ အဖန်တလဲလဲ ကျင်လည်ရာဘဝစက်။ (တပြောင်းပြောင်း တပြန်ပြန် ကျင်လည်ရာ) |
| ၂၈၀။ | သမ္ဘာ | ▪ | ဘဝအဆက်ဆက် ပါရမီဖြည့်တင်းမှုကြောင့် ဖြစ်ပေါ်လာသော ဘုန်းကံ။ |
| ၂၈၁။ | သိမ်ဖျင်း | ▪ | သေးနုပ်သိမ်ဖျင်းသည်။ |
| ၂၈၂။ | အခန့်သင့် | ▪ | အကြောင်းအခွင့် တိုက်ဆိုင်သည်။ |
| ၂၈၃။ | အစိမ်းဖမ်း | ▪ | အချိန်မဆွဲဘဲ၊ နှုးနှပ်မနေဘဲ အမိအရယူသည်။ |

၂၇၄။ လောကဓံ၏ ရိုက်ခတ်မှုကို ကြံ့ကြံ့ခံနိုင်သောသူမှသာလျှင် အောင်မြင်မှု ရရှိပါမည်။

၂၇၅။ တောရ ဆောက်တည်သော ဘုန်းတော်ကြီးများသည် လျှော်တေသက်န်းကို ဆင်မြန်းထားကြပါသည်။

၂၇၆။ မဟောသဓာသည် ကေဝဋ္ဋပုဏ္ဏားကို ပရိယာယ်ဝေဝုစ် သုံး၍ အနိုင်ယူခဲ့ပါသည်။

၂၇၇။ ဝက်သိုးကြီးတစ်ကောင်သည် ဝက်စားကျင်းထဲတွင် အစာရှာနေပါသည်။

၂၇၈။ ရေသည်ယောက်ျား အိမ်ရှေ့မင်းသည် ဥဒယမင်းကြီးအပေါ်တွင် ဝက်စားကျင်းကော် မပြုရဲပါ။

၂၇၉။ နိဗ္ဗာန်မရောက်မီ ကာလပတ်လုံး သတ္တဝါများသည် သံသရာ၌ ကျင်လည်နေရမည် ဖြစ်ပါသည်။

၂၈၀။ ဘုန်းသမ္ဘာကြီးမြတ်သော ရှင်ဘုရင်တို့သည် သာသနာတော်ကို ချီးမြှောက်ကြပါသည်။

၂၈၁။ ရေသည်ယောက်ျားက ရေသည်မိန်းမကို သူသည် မသိမ်ဖျင်းပါဟု ပြောဆိုပါသည်။

၂၈၂။ အမေ ဝယ်လာသော အင်္ကျီအသစ်သည် အလှူပွဲသွားရန်အတွက် အခန့်သင့်နေပါသည်။

၂၈၃။ ရေသည်ယောက်ျားသည် ရေသည်မိန်းမကို တစ်ခါတည်း အစိမ်းဖမ်းနေပါသည်။

---

| | | | |
|---|---|---|---|
| ၂၈၄။ | အဆောင် | ▪ | ကိုယ်နှင့်မကွာ ဆောင်ယူသောပစ္စည်း။ |
| ၂၈၅။ | အထီးကျန် | ▪ | ခိုကိုးရာမဲ့ဖြစ်သည်။ ဆင်းရဲမွဲတေသည်။ |
| ၂၈၆။ | အနန္တ | ▪ | အဆုံးမရှိသော။ အပိုင်းအခြားမရှိသော။ |
| ၂၈၇။ | အဖတ်တင် | ▪ | ပိုင်ဆိုင်သောအရာအဖြစ် ကြွင်းကျန်ရစ်သည်။ အကျိုးအမြတ်ကျန်သည်။ |
| ၂၈၈။ | အလျှင်း | ▪ | အရှင်း၊ လုံးဝ မပါရှိ။ |
| ၂၈၉။ | အဝိစိ | ▪ | ငရဲကြီးရှစ်ထပ်တွင် အောက်ဆုံးဖြစ်သော ငရဲအမည်။ |
| ၂၉၀။ | အာရုံ | ▪ | စိတ်၏ကျက်စားရာ။ စိတ်၏ မှီတွယ်ရာ။ |
| ၂၉၁။ | ဣန္ဒြေ | ▪ | ကိုယ်၊ နှုတ် စသော အမူအရာတို့ကို စောင့်စည်းမှု။ |

mgyoe.com

mgyoe.com SAMPLE BOOK

၂၈၄။ လက်ဝှေ့ထိုးသမားများသည် လက်မောင်းတွင် မိမိတို့၏အဆောင်ကို ချည်ေှာင်ထားသည်။

၂၈၅။ မစပယ်ငုံသည် သူ၏သူငယ်ချင်း နယ်သို့ ပြောင်းသွားသောအခါတွင် ရင်ထဲ၌ အထီးကျန်ဆန်စွာ ခံစားနေရသည်။

၂၈၆။ စကြဝဠာအတွင်း၌ ကြယ်တာရာများသည် အနန္တပင် ဖြစ်သည်။

၂၈၇။ ရေသည်ယောက်ျားသည် ရေရောင်း၍ ရှာဖွေသော ငွေကြေးများထဲမှ သုံးစွဲပြီးသောအခါ ငွေလေးရွေး အဖတ်တင်ပါသည်။

၂၈၈။ ဖေဖေသည် သူတစ်ဖက်သား စိတ်ညစ်အောင် အလျှင်း မလုပ်ခဲ့ဖူးပါ။

၂၈၉။ မိဘကို စော်ကားသူတစ်ဦးသည် အဝီစိသို့ ကျရောက်ပါမည်။

၂၉၀။ အလုပ်တစ်ခုကို အာရုံစူးစိုက်ပြီးလုပ်လျှင် မလွဲမသွေ အောင်မြင်ပါသည်။

၂၉၁။ မနှင်းဆီသည် ဣန္ဒြေရှိသော မိန်းကလေးတစ်ဦး ဖြစ်သောကြောင့် လူကြီးသူမများက ချစ်ခင်ကြပါသည်။

◆ ◆ ◆ ◆ ◆

# ၂(ဂ) အလင်္ကာများ

## မြန်မာကဗျာလင်္ကာရွေးစင် အလင်္ကာများ

### ရွှေနှင့်ယှိုးမှား ပန်းစံကား

**၁။ ရွှေနှင့်ယိုးမှား (ဥပမာအလင်္ကာ)**

ဤအလင်္ကာကို ရွှေနှင့်ယိုးမှား ပန်းစံကားကဗျာ၌ ပုပ္ပားတောင်ရှိ စံကားဝါပန်းကလေး၏ ဝင်းဝါစိုပြည်ပုံနှင့် ဆက်စပ်၍ သုံးထားပါသည်။ စကားဝါပန်း၏ ဝင်းဝါစိုပြည်ပုံ (အနှိုင်းခံ)ကို ရွှေ၏ ဝင်းဝါသောအဆင်းရှိပုံ (အနှိုင်း)နှင့် ခိုင်းနှိုင်းရေးဖွဲ့ထားသောကြောင့် ဥပမာအလင်္ကာမြောက်ပါသည်။

**၂။ စံကားပွင့်နှင့် နှိုင်းတင့်နိုးသည် (ဥပမာအလင်္ကာ)**

ဤအလင်္ကာကို ရွှေနှင့်ယိုးမှား ပန်းစံကားကဗျာ၌ ကဗျာထဲက မိန်းမပျိုလေး၏ အသားအရေ ဝင်းဝါစိုပြည်ပုံနှင့် ဆက်စပ်၍ သုံးထားပါသည်။

မိန်းမပျိုလေး၏ အသားအရေ ဝင်းဝါစိုပြည်ပုံ (အနှိုင်းခံ)ကို စံကားဝါပန်း၏ ဝင်းဝါစိုပြည်ပုံ(အနှိုင်း)နှင့် ခိုင်းနှိုင်းထားသောကြောင့် ဥပမာအလင်္ကာမြောက်ပါသည်။

**၃။ နှလုံးမခြား (ဝက်ဝုတ္တိအလင်္ကာ)**

ဤအလင်္ကာကို ရွှေနှင့်ယိုးမှား ပန်းစံကားကဗျာ၌ ကဗျာထဲက မိန်းမပျိုလေး၏ ခင်ပွန်းအပေါ် သစ္စာစောင့်သိပုံနှင့် ဆက်စပ်၍ သုံးထားပါသည်။

'မိမိခင်ပွန်းမှလွဲ၍ အခြားသူများအပေါ် မေတ္တာသက်ဝင်ခြင်းမရှိ' သို့မဟုတ် 'စိတ်ထား မကွဲပြား'ဟု တိုက်ရိုက်မရေးဘဲ 'နှလုံးမခြား'ဟု သွယ်ဝိုက် ရေးဖွဲ့ထားသောကြောင့် ဝက်ဝုတ္တိအလင်္ကာမြောက်ပါသည်။

mgyoe.com